www.burmeseclassic.com



www.burmeseclassic.com

စာမူမှတ်ပုံတင်အမှတ်
၁၀၄၂/၂၀၀၃ (၆)
မျက်နှာဖုံးမှတ်ပုံတင်အမှတ်
၁၀၄၁/၂၀၀၃ (၆)
ထုတ်ဝေသူ
[illegible] မောင်ညိုအေး (ပန်းတော)
[illegible]
တိုက် (၂၅) အခန်း (၃၁၄) ၄-လွှာ [illegible]
[illegible]
[illegible]
[illegible]
[illegible] ရန်ကုန်မြို့
ပုံနှိပ်ခြင်း
ပထမအကြိမ် ၂၀၀၃ ခုနှစ် [illegible]
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀/-
ဖြန့်ချိရေး
[illegible]

# ရင်ဖြစ်စကား

မောင်ညိုအေး (ပန်းတော)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရပြုခြင်း

အောက်ပါကဗျာရေးဖော် သူငယ်ချင်းများနှင့် အတူ တစ်ခါက "ကံ့ကော်ကျောင်း" အိပ်မက်များကို အမှတ်တရပြုခြင်း ဖြစ်ပါသည်။

(၁၉၈၈ - ဖေဖော်ဝါရီ)
ရင်ဖြစ်စကား ကဗျာစု

- မောင်သက်နိုင် (နီရာဆောင်း)
- အောင်မျိုးသန်း (မောင်)
- မှိုင်း
- မင်းဇော်
- အရှက်
- ရွှေသွင်

www.burmeseclassic.com

www.burmeseclassic.com

# ၂

ရွက်ကြွေတို့ လျှပ်တိုက်ပြေးလွှားနေခြင်း . . .။

လေလမ်းကြောင်း၏ အစီအစဉ်မဲ့မှုများ . . .

မိုးဦးကာလ၏ အလာစောခဲ့သော မုန်တိုင်း . . .

ထိုအကြောင်းများကြောင့်ပင် မျက်နှာသစ်ချိန်ကစပြီး ကောင်းကင်မှာ အခြေအနေမကောင်းခဲ့။

လေသယ်ရာနောက်သို့ စိတ်က လွင့်ပါးနေချင်သည်။ အဓိပတိလမ်းကို ဖြတ်ကူးရန် ပြင်ချိန်မှာတော့ ချက်ချင်းပြိုဆင်းလာ၏။

"မိုးကြီးလေကြီးတော့ ကျလာပြီကွ"

www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေရိပ်သာ၏ ပေါင်းကူးအမိုးနားအရောက်တွင် ကျောင်းသားတစ်ယောက်က ခိုးရိမ်တကြီး ပြောလိုက်၏။

"ဝေါ . . . ဝေါ"

"ပြောင်း . . . ပြောင်း"

အပန်းဖြေရိပ်သာထဲတွင် မိုးခိုမည့်သူ မရှိသလောက်ပင်၊ အချိန်က အတန်းများ ပြီးဆုံးသွားသောအချိန် . . .။

ပျက်ကွက်ထားသော စာများကို ငြီးလိုဇောနှင့် ထိုင်ကူးနေ၍သာ အချိန်ကို မေ့လျော့သွားခြင်း ဖြစ်သည်။

ဒါကလည်း သူငယ်ချင်း ခင်ဖြူတစ်ယောက် ကျောင်းမတက်၍သာ ဒီလိုကြုံနေရခြင်း ဖြစ်သည်။

ခင်ဖြူသာရှိက ကျောင်းစာများကို မိတ္တူကူးဖို့ ပြောမှာသေချာသည်၊

မြန်သည်က မှန်သော်လည်း ကူးရေးခြင်းဖြင့် စာများကို တစ်ခေါက်လောက်တော့ ရင်းနှီးမှု ရသွား၏။

စာထဲတွင် မည်မျှ စိတ်ဝင်စားခဲ့သည် မသိ၊

အခန်းစောင့်သာ လာပြီး ဘဲခေါ်မပိတ်ခဲ့ပါက အိမ်ပြန်ခြင်းသည် ဒီထက်နောက်ကျသွားနိုင်သည်၊

"မိုးကတော့ တိတ်မယ့်ပုံ မပေါ်ဘူး"





"မိုးရေထဲ လမ်းလျှောက်ပြန်ရအောင်"

အပြေးတစ်ပိုင်းဖြင့် ထပ်ဝင်လာသော ကျောင်းသားနှစ်ယောက်သည် သဘောတူညီမှုရပြီးနှင့် ထွက်သွားကြသည်။

"ဝေါ . . . ဝေါ"

မိုးသံသည် ပိုမိုပြင်းထန်လာသည်။

ရေစီးကြောင်းထဲတွင် အရှင်လတ်လတ် နစ်မွန်းနေသော အနီရောင် စိန်ပန်းပွင့်များဆီသို့ အကြည့်ရောက်သွားသည်။

ဘာပဲပြောပြော မိန်းကလေးတစ်ဦးအနေဖြင့် နောက်ထပ် နာရီဝက်ထက်ပိုပြီး ဒီနေရာမှာ ရပ်မနေသင့်တော့ပေ။

"ဒီမှာ"

အမိန့်သံပါသော ခေါ်ဆိုမှုကြောင့်ပင် အလျင်စလို လှည့်ကြည့်လိုက်သည်။ ခေါ်သံရှင်သည် အကြည့်ကို တည့်မတ်စွာ ရင်မဆိုင်သေးဘဲ ဒုတိယမြောက်စကားကို ပြော၏။

"ခင်ဗျား ဒီမှာရပ်နေတာ မိနစ်နှစ်ဆယ် ရှိသွားပြီ"

"မိုးမှ မတိတ်သေးတာ"

"မုန်တိုင်းရှိတယ်ဆိုတာကို ခင်ဗျား ကြိုမသိဘူးလား"

သူ့လက်ထဲမှ သစ်လွင်လွင် အပြာရောင်ရိမ်းကုတ်ကို မြင်သာအောင် ကိုင်ပြရင်း ထပ်ပြောလိုက်သည်။ ကျွန်မ ထီးမဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



ကို အပြစ်တင်နေခြင်းပဲ။

ချက်ချင်းဆိုသလို ပြုံးလိုက်မိသည်။

"ငါးနာရီခွဲနေပြီ၊ မိုးက တော်တော်နဲ့ တိတ်မှာမဟုတ်ဘူး၊ ဒါကို ယူပြီး ခင်ဗျားပြန်"

မိုးကြောင့်ပင် ဝန်းကျင်သည် မဲမှောင်နေ၏။ တင်းနှစ်စားပွဲခုံပေါ်သို့ ရိမ်းကုတ်ကို ချလိုက်သည်။ ကျွန်မကတော့ အပြာရောင်ရိမ်းကုတ်လေးကိုသာ ကြောင်ကြည့်နေမိသည်။ သူ့လုပ်ရပ်ကြောင့် ဒုတိယအကြိမ် ပြုံးလိုက်မိသောအခါ၌ နောက်ဆုံးစကားကို သူဆိုပြီး ချာခနဲ လှည့်ထွက်သွားသည်။

"မနက်ဖြန်နေ့လယ် တစ်နာရီမှာ ဒီနေရာကို ပြန်လာပေးပေါ့"

မှင်တက်မိနေလား မပြောတတ်။

အဓိပတိလမ်းပေါ်သို့ သူရောက်သွားမှ လှမ်းခေါ်ချင်စိတ်ဖြစ်သွားသည်။

"ဟေ့"

"ဖြောင်း . . . ဖြောင်း"

လက်ခုပ်သံသည် မိုးသံကို ကျော်လွှားနိုင်ခြင်း မရှိခဲ့။

သူ့ရိမ်းကုတ်လေးကို ဝတ်ရန် ပြင်လိုက်သည်။





တော်တော်လေး ထူးဆန်းသည့် လူပဲ။

တကယ်ဆို မိုးထဲမှာ အတူလျှောက်ရင်း နံဘေးမှာ ကပ်ပါလာနိုင်သည့် အခွင့်ရေးမျိုးကို သူဖန်တီးသင့်သည်။ ခေါင်းစွပ်ကို ကျနစွာ စွပ်သည်။

ထဘီကို ပြင်ဝတ်ပြီးချိန်မှာတော့ သူ့ရိမ်းကုတ်ကြောင့် အတော်တန် လုံခြုံမှု ဖြစ်သွားသည်။

စိတ်အနှောင့်အယှက်ဖြစ်စရာ ဘာအနံ့အသက်မှ မရရှိပေ။

မိုးကြားထဲမှာ သူ့ကိုရှာသည်။

အရိပ်ယောင်မျှ မမြင်ရ။

မိုးသည် ဆက်လက်စွေကောင်းဆဲ။

လေပြင်းအဝေ့တွင် မိုးရေများ၏ တိုက်ခိုက်မှုကြောင့် ချမ်းစိမ့်စိမ့် ဖြစ်သွားသည်။

သူသည် မည်သည့်အရပ်ကို ဦးတည်၍သွားခဲ့ပါလိမ့်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ၂

မနေ့က မိုးသည် အခုမနက်ကျတော့ သူနှင့် မပတ်သက်သလိုနေပြ၏။

အပန်းဖြေရိပ်သာမှ ဖြတ်သွားသောအခါ သူ့ကို ရှာကြည့်သေးသည်။ တကယ်တော့ သူနှင့်တွေ့ဖို့က နေ့လယ်တစ်နာရီမှ ဖြစ်သည်။

"ဟော့ သက်ထားအေး . . . တွေးလှချည်လား၊ ဘာလဲ တစ်ယောက်ယောက် လိုနေပြန်ပြီလား"

အပြောင်အပျက်သဘောမျိုးဖြင့် ခင်ဖြူက ခရီးဦးကြို



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"သက်ထားအေးရေ . . . မင်းကို အားလုံးက အံ့သြနေကြတာ . . . မင်းအနားမှာ တစ်ယောက်မှမရှိဘာ Second Term ပြန်ဖွင့်ကတည်းကနော်"

ခင်ဖြူ့အပြောကို နားထောင်နေလိုက်သည်။

ခင်ဖြူသည် အများကဲ့သို့ မေးငေါ့တတ်သူမဟုတ်။ အနီးကပ် ဖျောင်းဖျတတ်သူဖြစ်၏။

"နောက်ဆုံးတန်းမှာပဲ ထိုင်ရအောင် ခင်ဖြူ"

အတန်းစသောအခါ Paper III ဆရာ ဝင်လာသည်။ ဒီအချိန် မကုန်ခင် ထွက်မှဖြစ်မည်။ SE (5) သည် အပန်းဖြေရိပ်သာနှင့် အရမ်းအဝေးကြီး မဟုတ်သော်လည်း အချိန်တော့ ယူရမည်။

"သက်ထားအေး . . . နင့်ကြည့်ရတာ စိတ်မပါသလိုပဲ"

အတန်းအပြင်ဘက်ကို အကဲခတ်ကြည့်ရင်း ခင်ဖြူပြောသည်။ တစ်ယောက်ယောက် အနှောင့်အယှက်အပေါ် စိတ်ရောက်နေသည့်အထင်ဖြင့် ပြောခြင်းဖြစ်သည်။ သို့သော် ဝရန်တာတွင် ယောက်ျားလေးတစ်ဦးမှ ရှိမနေ။

"အေး . . . ငါ အချိန်မကုန်ခင် ထွက်ချင်တယ်၊ အခုမှ





သတိရလို့ ဝိဇ္ဇာဘက်သွားပြီး ပေးစရာရှိတယ်၊ နင် အတန်းတက်ထားနှင့်နော်"

"မြန်မြန်လေးတော့ ပြန်ခဲ့"

ရိမ်းကုတ်ထုပ်လေးကို ပြရင်း ပြောလိုက်သောကြောင့် ခင်ဖြူ ပွဲကြည်သွားသည်။

ဆရာအရိပ်အကဲကို ကြည့်သည်။ ကျောက်သင်ပုန်းဘက်သို့ ဆရာအလှည့်၌ ထွက်လိုက်သည်။

"သိပ်လှတဲ့ ရင်ခုန်မှုလေးပဲ"

မှက်နှာချင်းဆိုင်မှ လာသောအသံ။ ဒီစကားတွေက ကြားရဖန် ကြုံရဖန် များသောအခါ ရိုးအီနေပြီ။

ခြေထောက်တို့၏ လျှင်မြန်မှုကို သတိထားမိချိန်မှာတော့ အပန်းဖြေရိပ်သာသို့ သွားသော ပေါင်းကူးအမိုးအောက်ကို ရောက်နေပြီ။

ဘာကြောင့် သူ့ကို တွေးတောမိနေပါလိမ့်။

ဦးနှောက်၏ အပျင်းပြေသက်သက် တွေးတောနေခြင်းများလား။

ဘာများ စိတ်ကို သဘောကျစေပါသလဲ။

မိန်းမတစ်ယောက်ကို မရဲတရဲဖြင့် ဆက်ဆံတတ်သည်



www.burmeseclassic.com

www.burmeseclassic.com



အကျင့်ကြောင့်များလား၊

သူ၏ပုံသဏ္ဍာန်သည် အနည်းငယ်ကြည့်ကောင်းသော အရပ်အမောင်း၊ အနေအထိုင် သေသပ်မှု၊ မျက်လုံးများ၏ စူးရှခြင်း . . . ဒါပဲ ဖြစ်သည်။

သေချာသည်ကတော့ လူချောတစ်ယောက်ဟု သတ်မှတ်လောက်အောင် အချေအချင်းပြည့်မီသူ ဖြစ်၏။

အပန်းဖြေရိပ်သာထဲသို့ ရောက်ပြီး မကြာခင်မှာပင် သူ အနားရောက်လာသည်။ သူ့ကို တကူးတကပင် ရှာဖွေခြင်း မပြု လိုက်ရပေ။

"ရှင်ရောက်နေတာ ကြာပြီလား"

တကာယ်ဆို အမေးကို တလေးတစားဖြင့် ဖြေသင့်သည်။ အခုတော့ ဖြတ်သွားဖြတ်လာများကို အကြောင်းမဲ့ ဂရုစိုက်ပြီး ကြည့်နေသည်။ တော်တော် အလိုက်တန်းဆိုး မသိတတ်တဲ့ ယောကျာ်းပဲ၊

"မေးနေတာ မကြားဘူးလား။ ရှင်စောင့်နေတာ ဘယ်လောက် ကြာသွားပြီလဲလို့"

"မကြာသေးပါဘူး"

ထိုစကားကို မျက်နှာချင်းဆိုင် ပြောနေခြင်းမဟုတ်။ ခပ်ခွာခွာပြောနေခြင်း ဖြစ်သည်။



တော်တော်အံ့သြစရာကောင်းသည့် အဖြစ်အပျက်ပဲ။

တကယ်ဆို ကပ်လျက်ရှိသောဆိုင်ကို သူ စတင်ဖိတ်ခေါ်ဖို့ ကောင်းသည်။

"ဒီမှာ ကျွန်မတို့ တစ်ခုခုသောက်ရအောင်"

"ကျွန်တော်တို့ အေးအေးဆေးဆေးထိုင်လို့ကောင်းတဲ့ လက်ဖက်ရည်ဆိုင်မျိုးကို သွားမှ ထင်တယ်"

ဟော . . . ကြည့်။

စကားကိုပင် ကောင်းမွန်စွာ အဆုံးမသတ်သေးဘဲ ရှေ့မှ ထွက်ခွာသွားသည်။

အီကို စားသောက်ဆိုင်တန်းများဟု အထင်ရှိခဲ့ခြင်းသည် မှားယွင်းသွားပြန်သည်။ ဒါဆို ကျောင်းအပြင်ကို သူထွက်သွားမည် ပေါ့။

"တွေ့လား . . . အဖော်ရသွားပြီ၊ မင်းက ညံ့တာကိုး"

ထိုစကားသံကို သူက ကြားပုံမပေါ် . . .

ပြီးခဲ့သည့် လပိုင်းလောက်တုန်းက ရစ်သီရစ်သီ လုပ်နေခဲ့သူများ . . .။

သူတို့ရှေ့မှာပင် သူ့လက်ကို ဆွဲလိုက်သည်။

"ဒီမှာ ကျွန်မ ပါလာတာကို သတိရဦး""

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒီလိုပဲ လျှောက်တတ်လို့ပ်"

"အို . . . မိန်းကလေးတစ်ယောက်နဲ့ လျှောက်နေတာပဲ ဥစ္စာ၊ ဘာလဲ . . ရှင် လက်ဖက်ရည်ဖိုး ရှင်းရမယ်ထင်ပြီး မျက်ခြည်ပြတ်မလို့လား"

"မဟုတ်ရပါဘူးဗျာ"

အပြစ်ကင်းစွာဖြင့် သူပြောသည်။

ကျွန်မ, ထိုင်လေ့မရှိသော လက်ဖက်ရည်ဆိုင်သို့ သူခေါ်လာသည်။ ဒါကလည်း အရင်ဖြစ်ရပ်များနှင့် ဆန့်ကျင်မှုပါပဲ။ အရင်လူများကဆို ကျွန်မ အလိုကျအတိုင်း လုပ်တတ်သောကြောင့် ဖြစ်၏။

၂

အုတ်ခဲရင့်ရောင်ရှိသော လက်ဖက်ရည်ခွက်ကို လာချသေးသောအခါ ကျွန်မသောက်နေသော အအေးဘူးသည် သုံးပုံတစ်ပုံကျိုးနေပြီ။

"ရှင့်ဝမ်းထဲမှာ လက်ဖက်ရည် ခိုးတက်လောက်ပြီ၊ လက်ဖက်ရည်သောက်တာ ဘာအာဟာရဖြစ်လဲ၊ ဝမ်းချုပ်မယ်၊ လူကို



ပိန်ချုံးမှုဖြစ်မယ်၊ ကျန်းမာရေးအတွက် မလိုလားအပ်တဲ့ အပျင်းဖြေမှုပဲ"

"ဒါဆိုလည်း တစ်နိုင်ငံလုံးမှာရှိတဲ့ ဆိုင်တွေကို ခင်ဗျား လိုက်ပိတ်ပေါ့"

လွယ်လင့်တကူစကားဖြင့် တုံ့ပြန်ပြီး လက်ဖက်ရည်တစ်ကျိုက်ကို သူသောက်သည်။

ဟောကြည့် . . . ကျန်းမာရေးအတွက် ထိခိုက်စေမည့် ဒုတိယအပြုအမူကို သူပြုပြန်ပြီ။ ပလပ်စတစ်အိပ်လေးကို ဖောက်ပြီး ငွေတောင်ဆေးပေါ့လိပ်ကို သူ မီးညှိသည်။ သူ့ဇစ်ပိုမီးခြစ်အိတ်အရောင်သည် နက်ပြာရောင် ခပ်ဆန်ဆန်ဖြစ်သည်။

"ကျွန်တော်တို့ ပြန်ရအောင်၊ ဒီမိုးက မကြာခင် ရွာချင်ရွာမှာ"

စပြီး သိကျွမ်းစ အမျိုးသားနှင့် အမျိုးသမီးစကားဝိုင်းကို ဖျက်သိမ်းဖို့ သူကစပြီး တောင်းဆိုနေပြီ။ ပတ်သက်ဖူးရာ လူများကတော့ ဒီလိုစကားဝိုင်းမျိုးကို နည်းမျိုးစုံသုံး၍ အချိန်ဆွဲတတ်ကြသည်၊

"မိုးရွာတာ အဆန်းမှတ်လို့ရှင် . . . ဒီနေ့ ကျွန်မမှာရောရှင့်မှာပါ မိုးကို ကာကွယ်ဖို့ ပစ္စည်းတွေ ရှိနေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏တောင်းဆိုမှုကို သွယ်ဝိုက်ကာ ပြန်တားလိုက်သည်။

"ကျွန်မနာမည်က သက်ထားအေး . . . နောက်ဆုံးနှစ် သတ္တဗေဒက၊ အခန်း SE5 မှာလေ"

"ခင်ဗျားနာမည်ကို ကျွန်မတော်သိသားပဲ"

"ရှင်"

ကျွန်မ အံ့သြရသည်။

"ဒါဆို ရှင့်နာမည်ရော"

သူ၏ အလိုက်မသိတတ်မှုကြောင့်ပင် ပြောင်မေးရသည်။

"မိုးမြင့်မောင်ပါ၊ Master ဆက်တက်နေတာ၊ အီးမေဂျာက"

သူတို့မေဂျာ၏ သဘောသဘာဝအရ ကွာလီဖိုင်းဖြစ်သူတွေပင် စာပြန်ပြရတာ များသည်။ သူ ဆရာဖြစ်နေ၍ ဒီလောက် ဟန်ဆောင်ကောင်းတာလည်း ဖြစ်နိုင်သည်။

"ဒါဆို ဆရာပေါ့"

"မဟုတ်ဘူး . . . ကျွန်တော်က စကားပြောမကောင်းဘူး၊ အထူးသဖြင့် ကိုယ်နားလည်ထားတာကို လူအများနားလည်အောင် ပြောဆိုသင်ပြတဲ့ နည်းပရိယာယ်ကို မကျွမ်းကျင်ဆုံးပဲ"

"ဒါဆို ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ"





"ကျွန်တော်လား၊ နိုင်ငံခြားရေးဌာနမှာ အရာရှိလုပ်ဖို့ ကြိုးစားနေတယ်"

သူ အရာရှိဖြစ်လို့ကတော့ လက်အောက်ငယ်သားများသည် သူ့အမူအရာနှင့် အပြောအဆိုကို ကြည့်ပြီး လန့်ကြမှာ သေချာသည်။ သူ့မှာ ဟန်တော့ အပြည့်ရှိသည်။

"ခင်ဗျားကို သက်ထားလို့ခေါ်ရင် ကြိုက်မလား"

ကောက်ခါငင်ခါမေးလိုက်ခြင်းကို ခံရလိုက်၍ ပထမတော့ ကြောင်စီစီဖြစ်သွားသည်။

"ရပါတယ် . . . ခေါ်ပေါ့၊ နာမည်ပြောင်ပေးပြီး ခေါ်တာမှ မဟုတ်ဘဲ"

သူ ရယ်သည်။ သူရယ်ခြင်းသည် ဟက်ဟက်ပက်ပက် မရှိသော်လည်း တစ်မျိုးတော့ ဆွဲဆောင်မှုရှိနေသည်လား မပြောတတ်။ အရင်ကလူတွေဆိုရင် အမြဲပြုံးပြီး အချို့ဆို အချိန်ပြည့် သွားဖြီးနေတတ်ကြသည်။ သူ၏ရယ်မောခြင်းကတော့ ကြုံတောင့်ကြုံခဲပါပဲ။

"တကယ်ဆို မနေ့က နေ့မျိုးဟာ မိန်းကလေးတစ်ယောက်အတွက် ထီးဆောင်သင့်တဲ့ နေ့မျိုးပဲ၊ ကျွန်တော်နဲ့သာ မကြုံကြိုက်ဘူးဆိုရင် မိုးရေထဲမှာ သက်ထားပြန်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာ မှန်တော့မှန်သည်။ အိမ်ပြန်ရောက်တော့ မေမေကလည်း ဆူသည်။ တယ်လီဖုန်းဆက်ပြီး ကားခေါ် လွှတ်ခိုင်းဖို့ စိတ်ကူးပေါ်သော်လည်း ဖုန်းလိုင်းတွေ ပြတ်တောက်နေသည်။ ကျောင်းတက်ကျောင်းဆင်းကို အရေးကြီးကိစ္စ မရှိပါဘဲနှင့် ဘယ်အခါမှ ကားမသုံးတတ်ပေ။ ဖြစ်သလို ကျောင်းသွားကျောင်းပြန်လုပ်ခြင်းက ပိုပြီး လွတ်လပ်သည်လေ။

"ရှင့်ကို သက်ထား ကျေးဇူးကန်းတာ မဟုတ်ဘူးနော်၊ တကယ်လို့ သက်ထားလုံချည်နဲ့အကျီသာ ခပ်ပါးပါး မဟုတ်ဘူးဆိုရင် မိုးရေထဲမှာ ဒီအတိုင်း ပြန်ဖြစ်မှာ"

သက်ထားဆိုသော အသုံးနှုန်းကို ပထမဆုံး ထည့်ပြောဖြစ်သွားသည်။

"ဒါကတော့ဗျာ၊ မိန်းကလေးတစ်ယောက်အနေနဲ့ . . . "

"နေစမ်းပါဦးရှင်၊ မိုးရဲ့လွတ်လပ်မှုကို မိန်းကလေးလည်း ခံစားခွင့် မရှိဘူးလို့ ဘယ်သူပြောမလဲ"

"ကျွန်တော် ပြောတယ်"

"ဒါ အကျပ်ကိုင်တဲ့ ခလေ့တစ်ခုနဲ့ မိန်းကလေးတွေရဲ့ အခွင့်အရေးကို မဆီမဆိုင် ကန့်သတ်မှုပဲ"

"ကျွန်တော်က သက်ထားလောက် စကားမကြွယ်တာ



တော့ အမှန်ပဲဗျ၊ နိုင်အောင်ပြောနိုင်မှာ မဟုတ်ဘူး"

ပြန်ကြဖို့ ထပ်မံပြီး မတောင်းဆိုပေမယ့် ဆိုင်ကို အားနာရသေးသည်။

ကျသင့်ငွေကို သူကပင် ရှင်း၏။

သူနှင့်တွဲလာသည်ကို အီကိုအဝင်ဝနားတွင် ခင်ဖြူ လှမ်းမြင်တော့သည်။ နှစ်ယောက်သား ပြည်လမ်းကို ဖြတ်ကူးကတည်းက တွေ့ပုံရသည်။

"ခဏနော်၊ သူငယ်ချင်းတစ်ယောက်ကို သွားမေးစရာရှိလို့"

သူ့ကို ခဏထားကာ ခင်ဖြူ့ဆီကို လျှောက်သွားရသည်။ သူကတော့ ပတ်ဝန်းကျင်လည်း ဂရုမထား၊ ဘာမှ မသိသလိုဖြင့် ရောက်သည့်နေရာတွင် ကျောခိုင်းနေလိုက်သည်။

"နင်မလာလည်း ငါက လှမ်းအော်မလို့ သက်ထားအေး၊ နင် ငါ့ကို ညာတယ်နော်၊ ဆရာတွေက အတန်းမယူတော့ဘူးတဲ့၊ ငါ လှိုင်ဘက်ကို လိုက်သွားမလို့"

"နေဦး . . . ဟဲ့ . . . ကဲ . . . သွားသွား . . . နင့်ကို ပြောစရာတွေရှိတယ်၊ မနက်ဖြန် စောစောလာခဲ့"

ခင်ဖြူ စကားကို ပြီးဆုံးအောင်ပင် ရပ်နားမထောင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့သည်။

သူကတော့ အေးအေးဆေးဆေးပင်။

"သက်ထားတို့အတန်းတွေ မယူတော့ဘူး ပြောတယ်"

"ဒါဆို သက်ထား အိမ်စောစောပြန်ရတာပေါ့၊ ကျွန်တော်ကတော့ အတန်းတက်စရာ ရှိသေးတယ်"

စကားကို ပိတ်ပြောလိုက်သောကြောင့် အိမ်ပြန်ရုံမှတစ်ပါး ဘာမှမတတ်နိုင်။ တကယ်ဆို စကားတွေအများကြီး သူပြောသင့်သည်။ ခင်ဖြူကတော့ ဘာတွေ တွေးထင်သွားမည် မသိပေ။

❀ ❀ ❀

၃

မနက် အိပ်ရာထထချင်းတွင် ထူးဆန်းသော ဖြစ်ရပ်နှင့် ရင်ဆိုင်ရတော့သည်။ အိပ်ရာထခြင်းသည် အမြဲလိုလို လတ်ဆတ်ပေါ့ပါးစွာဖြင့် အိပ်ရာထစမြဲ။

စာမေးပွဲ အလွန်နီးကပ်နေသောရက်များ၊ စာမေးပွဲရှိသော ရက်များတွင်သာ အိပ်ရာအထတွင် စာမေးပွဲအကြောင်းက ခေါင်းထဲ ရောက်နေတတ်သည်။

အခုတော့ . . .

မျက်နှာသစ်ခြင်းကို စိမ်ပြေနပြေ ပြုလုပ်လိုက်သည်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ထူးဆန်းတဲ့ စိတ်ရဲ့လှည့်စားခြင်းများလား . . .

သီချင်းနားထောင်ကြည့်သည်။

အတွေး၌ သူ၏ပုံသဏ္ဌာန် ထင်လာသည်။

ဒေါသတကြီးဖြင့် ရှေ့တည့်တည့်ရှိ ဝက်ဝံရုပ်လေးကို ပစ်ပေါက်လိုက်သည်။

ကျောင်းသို့လာရာလမ်းတွင်လည်း သူ့ကို ပြန်တွေ့မလားဆိုသောအတွေး ဝင်လာပြန်သည်။

စိတ်တို့၏ ပုံသဏ္ဌာန်မမှန်ဖြစ်မှုအတွက်တော့ သူ့ကို ဒေါသဖြစ်မိသည်။

"သက်ထားအေး . . . နင် ကတိတည်သားပဲ၊ ဆိုင်သွားရအောင်"

"ငါ အုတ်ခဲရောင်ထနေတဲ့ လက်ဖက်ရည်ကို သောက်ကြည့်ချင်တယ်"

"ဘာ အရူးထတာလဲ"

"မှာပေးစမ်းပါ"

ရှေ့တည့်တည့်မှာရှိသော လက်ဖက်ရည်ခွက်၏အရသာကို သူမြည်းကြည့်သည်။

"အို . . . ငါသောက်လို့ မရဘူးဟာ"





"နင်ပဲ သောက်ချင်တယ်လို့ဆို"

"သူသောက်တာ ကြည့်ပြီး သောက်ကြည့်ချင်လို့"

"သက်ထားအေး"

"ဘာလဲ နင်ကလည်း အရေးထဲက နာမည်ပဲ လိုမ့်ခေါ်နေ"

"နင် . . . မိုးမြင့်မောင်နဲ့တွဲတာ ငါတော့ သိပ်အံ့သြတာပဲ၊ ကြာပြီလား . . . ငါလည်း မသိရပါလား"

"နင် . . . သူ့ကို သိတယ်"

"သိပ်သိတာပေါ့"

ခင်ဖြူက **ခပ်သွက်သွက်ပင်** ဖြေသည်။

"နင့်လူက တစ်မျိုးပဲ"

"မိုးမြင့်မောင်ကို နင် အရင်လူတွေလိုပဲ သဘောထားလား"

"သူဟာ ယောကျ်ားတစ်ယောက်ပဲ ခင်ဖြူ . . . သူ ငါ့အနားကို ရောက်လာတာ ဘာဆန်းလို့လဲ"

"ငါ့အနေနဲ့တော့ ဆန်းတယ်၊ မိုးမြင့်မောင်က နင့်ကို စိတ်ဝင်စားပြီဆိုတော့ အေးလေ . . . နင်ကလည်း အရမ်းလှတာကိုး၊ ဒါနဲ့ သူနဲ့တွဲတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နေ့က နင်ကျောင်းမတက်တဲ့ရက်မှာ မိုးကြီးလေကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ သူက သူ့ရိမ်းကုတ်လေးကို လာပေးတယ်၊ မနေ့က သူ့ရိမ်းကုတ်လေးကို ငါ ပြန်ပေးတာလေ၊ မနေ့ကတော့ စကားတွေ အကြာကြီး ပြောဖြစ်တယ်"

ခင်ဖြူက တစ်ချက်ပြုံးပြီး မျက်နှာကို စေ့စေ့ကြည့်သည်။ ခင်ဖြူ့အပြုံးက တစ်ခုခုကို ရှာဖွေတွေ့ရှိသည့် အပြုံးမျိုး။

"ငါထင်တာ မှန်သွားပြီ . . . နင် သူ့ကိုတော့ အရင်လူတွေလို လျှော့မတွက်နဲ့၊ ငါပြောရဲတယ် . . . မိုးမြင့်မောင်က နင်ထင်သလို ဖြစ်လာမယ့်လူမျိုး မဟုတ်ဘူး"

"ကဲ . . . မရှေချော . . . အာချောင်မနေနဲ့၊ တော်ကြာ အတန်းကို သူလာလို့ လွဲနေဦးမယ် ထထ"

"နင် မထင်နဲ့ သက်ထားအေး၊ မိုးမြင့်မောင်က နင့်ဆီ လာမှာမဟုတ်ဘူး"

"နင်ကြည့်ပါ"

"နင်တို့နှစ်ယောက်စလုံးအကြောင်းကို ငါသိထားနေတာပဲ၊ မိုးမြင့်မောင် . . . နင့်ဆီ မလာဘူး သေချာတယ်"

ခင်ဖြူနှင့် အပြိုင်ငြင်းခုန်ခြင်း မပြုချင်တော့ပေ။ ဒီကိစ္စက ဒီလမ်းကြောင်းပဲ လာရမည်ပေါ့။ ဘာမှ သွေဖည်စရာ မရှိပေ။ ယောက်ျားတစ်ယောက်ရဲ့ မျက်လုံးတွေကို ကြုံဖူးပေါင်း များပြီ။





ခင်ဖြူနှင့်ပြိုင်ပြီး အကြောက်အကန် မငြင်းခုန်ချင်။
ခင်ဖြူ့စိတ်ထဲ တစ်ခုခုဖြစ်သွားမှာ စိုးရသည်။
မနှစ်က ခင်ဖြူ နောက်ဆုံးနှစ်ကျ၍သာ အဖော်ဖြစ်သွားခြင်း ဖြစ်သည်။

ရည်းစားများသည်ဟူသော စွပ်စွဲချက်ဖြင့် အပေါင်းအသင်း လုပ်ချင်သူ မရှိသလောက်ပင်။ ကိုယ်တိုင်ကလည်း လက်ပွန်းတနှီး သူငယ်ချင်းမထားဖြစ်။ ခင်ဖြူနှင့်ကျမှ သံယောဇဉ်ဖြစ်ပြီး တွဲမိသွား၏။

"နင် မိုးမြင့်မောင်ကို မျှော်နေတာ မဟုတ်လား"
တတိယအချိန် ကုန်ခါနီးလောက်တွင် ခင်ဖြူ မေး၏။
အခန်းဝတွင် လူရိပ်မြင်တိုင်း သူဟု အထင်ရှိခြင်းသည် အမြဲလိုလို မှားယွင်းနေ၏။

"အေး"

ဖြေပုံကို ကြည့်ပြီး ခင်ဖြူရယ်သည်။ ခင်ဖြူရယ်လိုက်ခြင်းကြောင့် ရင်ထဲမှာ အောင့်သက်သက် ဖြစ်သွားရ၏။

"မိုးမြင့်မောင် လာမှာမဟုတ်ဘူး သက်ထားအေး"

"နင်နဲ့ သူက"

"မိုးမြင့်မောင်ကို သိခဲ့တာကြာပြီ၊ သူက ငါ့အစ်ကိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလေ၊ သူကတော့ ငါ့ကို မှတ်မှတ်ရရ သိမှာမဟုတ်ဘူး . . . သူ့ကိုတော့ မှတ်မှတ်ရရသိတယ်၊ ပြီးတော့ သူ့အကြောင်းတွေ အကုန်လုံး ငါသိထားနေလို့ သက်ထားအေး"

နောက်ဆုံးအချိန်ပြီးဆုံးကြောင်း အချက်ပေးဘဲလ်သံ ထွက်လာသောအခါ ခင်ဖြူစကားသည် လုံးဝမှန်ကန်သွား၏။

အိမ်အပြန်လမ်းတွင် ရင်ထဲ၌ တစ်ခုခု ကပ်ငြိပါလာလေသလား။

❀

လျှပ်စီးကြောင်းများ . . .

မိုးရေစက်ကျသံသည် ဂီတသံတစ်ခုလို ဖြစ်နေ၏။

မိုး၏အခင်းအကျင်းသည် ကြောက်မက်ဖွယ်ရာ စိုးစဉ်းမျှ မရှိ။

ခရေတန်းဟု ထင်ရသော ခပ်အုံ့အုံ့ပင်များ၊ အမြင် မသဲကွဲမှုလား။ အာရုံထွေပြားမှုလား . . . ဟု ဆန်းစစ်ဆဲမှာ ဖြုန်းဆို ခရေရနံ့များနှင့်အတူ ရှေ့သို့ သူရောက်လာသည်။

"သက်ထား စောင့်နေတာလား"



ကိုယ့်ကိုယ်ကိုယ် ပြန်မြင်နေရသည်။

မျက်နှာသည် ညိုမှောင်နေ၏။ အို မျက်ရည်တွေလား။ မိုးစက်တွေ ထိမှန်ခြင်းလား။

"သက်ထား ဆိပ်ဖလူးပန်းတွေကို ကြိုက်လား"

သူ့စကားသံနှင့် လက်ညိုးညွှန်ပြမှုကြောင့် စောစောက သဏ္ဌာန်တွေအားလုံး ပြောင်းလဲသွားသည်။

ရနံ့ကအစ . . . ပန်းပွင့်ရောင်တွေကအစ . . .

လှလိုက်မွှေးလိုက်တဲ့ ဆိပ်ဖလူးပန်းတွေ . . .

"သက်ထားက ကြိုက်မှာပေါ့၊ ခရေတို့ ဆိပ်ဖလူးပန်းတို့ဆိုတာ တစ်ပွင့်တည်းပန်လို့လှတဲ့ ပန်းမျိုးမှ မဟုတ်တာ၊ ဒါကြောင့် သက်ထား ကြိုက်တာပေါ့နော်"

မျက်နှာပြင်ပေါ်ရှိ ရေစရေနမျာကို ဆိပ်ဖလူးပန်းများဖြင့် သူ သုတ်သင်ပေးသည်။ သူ့အပေါ်စီးက ငုံ့ကြည့်သည်။ စကားတွေတော့ သူ့ကို ပြောဖြစ်သည်။

ဒါပေမယ့် အသံမဲ့ ဘာသာဗေဒ။

အမြင်သည် လျှပ်တစ်ပြက် ပျောက်ဆုံးသွားသည်။

အိပ်ရာမှ လန့်နိုးနိုးချင်းမှာပင် ဆိပ်ဖလူးနံ့တို့ ရှိနေဆဲ။

ဒါဆို အိပ်မက်ပေါ့ . . .။

www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းတစ်ရံယောကျ်ားတစ်ယောက်နှင့် ပတ်သက်ပြီး အိပ်မက်မက်ခြင်း မရှိခဲ့ဖူးပေ။

ကွယ်လွန်သွားရှာသော ဖေဖေ့ကိုသာ အိပ်မက်မက်လေ့ရှိသည်။

ဖေဖေ့ကို အိပ်မက်မက်တိုင်း လန့်နိုးစတွင် ဒီလိုပဲ ရင်ခုန်မှုတွေ ဖြစ်ရသည်။

"သမီး . . . ထတော့ကွယ်"

မေမေ့အသံကြောင့်ပင် အိပ်ရာသိမ်းလိုက်သည်။ ညက သူ့အကြောင်းကို စဉ်းစားမိသည်။ ညအတော်နက်သည်အထိ တွေးနေမိသည်။

အတွေးများကိုသာ ပေးသူ . . .

ထူးဆန်းဖွယ်ဖြစ်ရပ်များကို ဖန်တီးတတ်သူ . . .

သည့်အတွက်ကြောင့်ပင် သူနှင့် ရင်းနှီးရတော့မည်လား။

ပြတင်းပေါက်ကို ဖွင့်လိုက်သောအခါ ဆိပ်ဖလူးပင်အောက်၌ ပန်းပွင့်တို့ အဖွေးသား ကြွေနေလေ၏။

၄

"ညက အိပ်မက် မက်တယ်"

"နင့်အဖေအကြောင်းပဲပေါ့"

ဖေဖေ့ကို အိပ်မက်မက်တိုင်း ခင်ဖြူကို ပြောပြဖြစ်၍ အိပ်မက်ဆိုသည်နှင့် ဖေဖေ့အကြောင်းဟု ခင်ဖြူပြောတော့သည်။

အေးစက်စက်ဖြစ်နေသော အမူအရာကြောင့် ခင်ဖြူက ထပ်မေးပြန်သည်။

"ဘာလဲ အိပ်မက်ထဲမှာတောင် နင့်အဖေက ဆူပူကြိမ်းမောင်းပြီး ချုပ်ချယ်မှုတွေ လုပ်ပြန်ပြီလား၊ နင့်အဖေနဲ့ပတ်သ

www.burmeseclassic.com

www.burmeseclassic.com



ပြီး နင်က အစွဲလမ်းကြီးတာကိုး"

"ဖေဖေ့ကို မဟုတ်ပါဘူး၊ နင့် မိုးမြင့်မောင်ကို"

"အယ်"

ခင်ဖြူ တအံ့တဩ ဖြစ်သွားသည်။

"အိပ်မက်ထဲမှာ သူ့ကိုငါ စကားတွေအများကြီး ပြောတယ်၊ ဘာတွေပြောလဲ ငါမမှတ်မိဘူး၊ ပြီးတော့ ငါ့အသံတွေကို ငါ မကြားရဘူး သူ့အသံတွေပဲ ကြားရတယ်"

"နင် သူ့ကို စိတ်ဝင်စားနေလို့လား"

ခင်ဖြူ၏မေးခွန်းဖြင့်ပင် မိမိကိုယ်ကို ဒုတိယအကြိမ် ပြန်မေးမိသည်။

"မပြောတတ်ဘူး၊ သိလည်းမသိဘူး"

"တစ်ခုတော့ရှိတယ် သက်ထားအေး၊ မိုးမြင့်မောင်အကြောင်းကို နင်သိထားဖို့ လိုမယ်"

"ငါမသိချင်ဘူး ခင်ဖြူ၊ သူ ငါ့ဆီ လာမှာပါ"

ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကြောင့် ခင်ဖြူ လန့်သွားပုံရသည်၊ ခင်ဖြူသည် စားသောက်စရာများကိုပင် ကုန်အောင်မစားနိုင်တော့ဘဲ ပိုက်ဆံရှင်းကာ ထလိုက်လာသည်။

"နင့်အိပ်မက်ကို ပြောပြဦးလေ"





"ငါပြောဖို့ မလိုဘူး"

အတန်းထဲတွင် ဝင်ထိုင်ချိန်အထိပင် ဒေါသတစ်ခု ကပ်ငြိပါလာ၏။ တစ်ခါမှ မကြုံဖူးသော ဆက်ဆံရေးကြောင့် ရှုံးနိမ့်သူဟု ခင်ဖြူ မြင်ကောင်းမြင်မည်။

စာထဲတွင် အာရုံထားသော်လည်း မရ။

မိုးသားကဲ့သို့ စိတ်တို့ အစိုးမရ။ ကောင်းကင်သည် မည်သည့်အကြောင်းကြောင့် အုံ့မှိုင်းရပါလိမ့်။

"ငါ တစ်မျိုးဖြစ်နေလား ခင်ဖြူ"

"အေး"

"နင်ကလဲဟာ"

ခင်ဖြူက တစ်ချက်ရယ်လိုက်သည်။

"နင် စိတ်ထဲမှာ မခံချိမခံသာဖြစ်နေတာ မဟုတ်လား သက်ထားအေး"

"နင်ပြောတာလည်း ဖြစ်နိုင်တယ်"

"ဘာဆန်းလဲ မိုးမြင့်မောင်အကြောင်း ငါသိနေတော့ နင်တွေးသလို ခံစားရသလို မဖြစ်ဘူး"

"သူက ဘာလို့လဲ၊ သူလည်း ယောက်ျားပဲဟာ၊ ငါရဲ့ဆွဲဆောင်မှုက အဲဒီလောက်တောင် ညံ့နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သူက မိန်းကလေးတွေကို သိပ်မှ စိတ်မဝင်စားတာ၊ နင်လဲ့တာ ငါသိတယ်၊ သူလည်း သိကောင်းသိမယ်၊ ဒါကြောင့်မို့ နင်နဲ့ ဆုံတာပေါ့၊ ဒါပေမဲ့ သူက လူတစ်မျိုး"

သည်နေ့လည်း အတန်းဆီသို့ သူရောက်မလာပေ။

ယောက်ျားတစ်ယောက်၏ အကျင့်စရိုက်တို့သည် တစ်သဘောတည်းဟု အထင်ရှိခဲ့ခြင်းကို သူကြောင့် ဖျက်သိမ်းရတော့မယောင်။

"ဒီတစ်ပွဲတော့ ငါညံ့သွားတာ သေချာပြီ ခင်ဖြူ"

"နင် သူ့ကို စိတ်ဝင်စားလား"

သည်မေးခွန်းကိုလည်း ကိုယ်တိုင်ပြန်မေးဖြစ်သည်။ လျှပ်တစ်ပြက်တစ်ခုခုကို ဆုံးဖြတ်ရအောင် မဝံ့မရဲဖြစ်ရသည်။

"ဒါတော့ သူ့ကို နင် စိတ်ဝင်စားစေချင်ဟယ် သက်ထားအေး"

"ဘယ်လို"

"ဟုတ်တယ်လေ . . . သူနဲ့ဆို ငါသဘောတူတယ်"

"ထူးတော့ ထူးဆန်းသားနော်၊ ယောက်ျားလေးတွေနဲ့ မတွဲပါနဲ့တော့ဆိုတဲ့သူက အခုကျတော့ အောင်သွယ်လုပ်ပေးနေတာ"

"နင့်ကို အတည်တကျ မိုးမြင့်မောင်နဲ့ ချစ်သူဖြစ်စေချင်





လို့ပါ . . . ဒါကလည်း ဖြစ်နိုင်စရာမရှိပါဘူး . . . နင်နဲ့သူက စရိုက်ချင်းမှမတူပဲ"

"စရိုက်"

"ဟုတ်တယ်လေ . . . ဟိုက သူချစ်သူကို အချက်အလက်တွေအများကြီးနဲ့ စံထားပြီး စိတ်ကူးယဉ်ခဲ့သူ . . . လှပတာတစ်ခုတည်းနဲ့တော့ သူ နင့်ကို ချစ်လာမှာ မဟုတ်ဘူး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ် သက်ထားအေး . . . ပြောရရင်တော့ အများကြီးပဲ . . . အေး . . . အဓိကအရေးကြီးဆုံးက နင်က ရည်းစားထည်လဲ ထားခဲ့သူကိုး"

"ငါက . . ."

"ဟုတ်တယ်လေ . . . နင့်ဆီ မိုးမြင့်မောင် ထပ်လာမှာ မဟုတ်ပါဘူး ငါပြောရဲတယ်"

ထိုနေ့မှာလည်း ခင်ဖြူစကားသည် မှန်သွားပြန်သည်။

ဒီအတွက် မိမိကိုယ်ကို မကျေမချမ်းဖြစ်မိသည်။

သူ . . . ဘာကြောင့် တန်းတန်းစွဲ ဖြစ်မသွားပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

## ၅

သူနှင့်ပတ်သက်ပြီး အိပ်မက်မမက်တော့ခြင်းကြောင့် စိတ်သက်သာရာ ရသွားသည်။

မနက်စောစော အိမ်ရာထခြင်း၌လည်း သူ့အကြောင်း ခေါင်းထဲဝင်မလာခဲ့။

သူ့ဘာသာ အလိုလိုပျောက်ကွယ်သွားသည်။

ကျောင်းရောက်ပြန်တော့ ခင်ဖြူနှင့် နှစ်ယောက်သား စာမေးပွဲကိစ္စများဖြင့် နပန်းလုံးနေရသည်။

မပြည့်စုံသောစာများကို ခင်ဖြူနှင့်ညှိနှိုင်းပြီး ကူးသင့်တာ

www.burmeseclassic.com

www.burmeseclassic.com



ကူးရသည်။

ခင်ဖြူက မနှစ်က တစ်နှစ်ထိထားပြီးနေပြီ။ ဒီနှစ် ကျွတ်ချင်သောကြောင့် မပေါ့တော့ပေ။ ခင်ဖြူကဲ့သို့ပင် ကျောင်းပြီးချင်နေပြီ။

ဒီပတ်ဝန်းကျင်သည် ကြာတော့လည်း သိပ်ပြီး အသစ်အဆန်းများ မရှိတော့ပေ။

နောက်စာသင်နှစ်ကို လုံးဝမလိုချင်တော့။

"သက်ထားအေးရေ . . . စာကြည့်တိုက်မှာ မေးခွန်းဟောင်းတွေ သွားကူးရအောင်"

စာကြည့်တိုက်အတွင်းသို့ ယောင်လို့ပင် မဝင်ရောက်ဖူးခဲ့။ ခင်ဖြူခေါ်လို့သာ ပထမဆုံးအကြိမ် ရောက်ခြင်းဖြစ်သည်။ တကယ်တော့ စာကြည့်တိုက်ဆိုတာ စားသောက်ဆိုင်တန်းများလောက် ပျော်စရာကောင်းနေမှာ မဟုတ်မှန်းသိသည်။

ဝင်ဝင်ချင်းမှာပင် လူများသည် သူ့အလုပ်နှင့်သူ လုပ်နေကြသော်လည်း လုံးဝအသံမဲ့နေကြသည်။

ခင်ဖြူကပင် စာအုပ်ငှားရမ်းခြင်းကိစ္စကို ဦးဆောင်လုပ်သွားသည်။ ခင်ဖြူ့ဘေးမှာ ငြိမ်ငြိမ်လေးရပ်ရင်း ပတ်ဝန်းကျင်ကို ငေးမောကြည့်နေမိသည်။





"သက်ထားအေးရေ . . . ခုံအလွတ်မှာ သွားကူးရအောင်"

ခုံအလွတ်မရှိသလောက် လူများပြည့်နေသည်။ ကံကောင်းထောက်မစွာဖြင့် နှစ်ယောက်သား ချာလည်လည်ဖြစ်နေဆဲမှာ အစွန်ထောင့်နားတွင် ခုံလွတ်သွားသည်။

"ကျွီ"

ခုံကိုဆွဲထိုင်လိုက်သောအခါ အသံမှာ ကျယ်လောင်စွာထွက်လာသည်။

"ဖြည်းဖြည်း သက်ထားအေး၊ စာကြည့်နေကြတယ်"

"ငါတော့ သူတို့လိုသာ စာကြည့်ရကြေးဆို အိပ်ပျော်သွားမှာ သေချာတယ်၊ ငါက စာကြည့်ရင်းနဲ့ သီချင်းထဖွင့်တတ်တဲ့အကျင့်ရှိတယ်"

အသံကိုနှိမ့်ပြောရသည်မှာ မလွတ်လပ်ဟု ထင်မိသည်။ ခန်းမတွင်းတွင် လုံးဝငြိမ်သက်စွာဖြင့် သူ့အလုပ်သူ လုပ်နေကြသည်။

ခင်ဖြူသည် မေးခွန်းများကို ကူးယူနေချိန်မှာတော့ တစ်ယောက်တည်း ပတ်ဝန်းကျင်ကို ကြည့်နေမိသည်။

အကြည့်သည် စာအုပ်ငှားကောင်တာဆီသို့ ရောက်သွားချိန်မှာ သူ့ကို ရိပ်ခနဲတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဖြူ . . . ဟိုမှာ သူ"

"သက်ထားအေး . . . တိုးတိုး"

သူမြင်စေရန် မတ်တပ်ရပ်ပြလိုက်သည်။

အနီးအနားရှိသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည့်ကိုပင် ဂရုမထားနိုင်။

"ဟော့ . . . ဖြောင်း . . . ဖြောင်း"

လက်ခုပ်သံနှင့် ခေါ်သံကြောင့်ပင် သူနှင့်တကွ စာကြည့်တိုက်အတွင်းရှိလူများ ကြောင်သွားကြသည်။

"သက်ထားအေး . . . နင်တော့ လုပ်ချလိုက်ပြန်ပြီဟယ်"

"သူမြင်သွားပြီ တွေ့လား . . . ဒီကို သူလာလိမ့်မယ်"

"စာကြည့်တိုက်ထဲမှာကွာ"

အားလုံးလည်း ကွက်ကြည့်ကွက်ကြည့် လုပ်ကြတော့သည်။

"စာကြည့်တိုက်ထဲမှာဆိုတာ သတိရပါဦး . . . သူများတွေ စာကြည့်နေပါတယ်"

စာအုပ်ငှားကောင်တာမှ အမိန့်သံလိုလို ထွက်လာသည်။

"သက်ထားအေး"

မည်သူ့ကိုမှ ဂရုစိုက်မနေတော့ဘဲ သူ့နောက်ကို ထလိုက်သွားသည်။



သူ့ခြေလှမ်းကပဲ သွက်လက်၍လား . . .

ဒါမှမဟုတ် တစ်နေ့ရာရာကို ပုန်းကွယ်လိုက်၍လား မသိ။

အဓိပတိလမ်းမပေါ် ရောက်သောအခါ မည်သည့်နေ့က်ကို လိုက်ရမှန်းမသိ ဖြစ်သွားသည်။

"နည်းနည်းပါးပါး ဆင်ခြင်ဦးမှာပေါ့ . . . သူ မလာချင် မတွေ့ချင်တဲ့ဥစ္စာ"

"ဘာရယ်"

"ဟုတ်တယ်လေ . . . သူ နင့်ဆီ မလာချင်တာ ရှင်းနေတာပဲ . . . နင်လုပ်ပုံက သူများကတောင် သတိပေးနေရတယ်"

ခင်ဖြူအား ပြန်ပြောစရာစကား မဲ့သွားတော့သည်။

မိုးရေစိုစွတ်လျက်ရှိသော အဓိပတိလမ်းမပေါ်တွင် ငူတူတူဖြင့် နေမိသည်။

"လာ . . . သက်ထားအေး . . . ကုံကော်ပင်အောက်မှာ ထိုင်ရအောင်"

လောကကြီးသည် တစ်ခုခုမှားယွင်းမှုဖြစ်နေပြီလားမသိ။

"သူ . . . ဒါ တမင် . . . ကြံစည်ပြီးလုပ်တာ"

"ဟဲ့ . . . သူမှ မတွေ့ချင်တာ"

"သူက ဘာမို့လို့လဲ၊ ငါ့ကို အားနာသင့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖြူပြုံးလိုက်သည်ကို ဘဝင်မကျမိတာ အမှန်ပင်။

"မိုးမြင့်မောင်အကြောင်းကို ငါပြောပြမယ်ဆိုတော့ နင်မှ နားမထောင်ချင်ဘဲ"

သူ့အကြောင်းပဲ။ ဒီတစ်ခါတော့ ခင်ဖြူပြောသည်ကို နားထောင်လိုက်မှပဲလေ။

"နင်နားထောင်မှာလား"

"ပြော"

"မိုးမြင့်မောင်အကြောင်း ပြောဖို့ဆိုရင် ငါပါ ပါမှရမယ် သက်ထားအေး"

"ဘယ်လို"

ခင်ဖြူစကားကြောင့် အံ့ဩသွားရသည်။

ခင်ဖြူကတော့ ဖြည်းဖြည်းမှန်မှန် ဆက်ပြောသည်။

"အခုပြောဆိုချက်တွေဟာ ဟိုး . . . လွန်ခဲ့တဲ့နှစ်များစွာက ငါ့ရင်မှာ ဖြစ်ပျက်ခဲ့ဖူးတဲ့ ဟာတွေပဲ . . . အခုအချိန်မှာတော့ မိုးမြင့်မောင်နဲ့ ပတ်သက်ပြီး ငါ ရင်မခုန်တော့ဘူးဆိုတာကို နင်သိစေချင်တယ်"

ခင်ဖြူ့အရိပ်သဏ္ဌာန်တို့ကိုသာ ကြောင်စီစီနှင့်ကြည့်နေမိသည်။





ဒါဆို ခင်ဖြူသည် သူနှင့်ပတ်သက်ခဲ့ဖူးသည်ပေါ့။

"ငါပြောပြလိုက်တော့ နင့်သူငယ်ချင်းကို အရမ်းအထင်ကြီး မသွားနဲ့ဦးနော် . . . ငါက နင့်လောက်မလှပါဘူး၊ ဒါပေမဲ့ဟာ စိတ်ကစားတယ်ပဲ ပြောမလား . . . စိတ်ကူးယဉ်မှုလို့ပဲ ပြောမလား . . . ငါ ရည်းစားစထားဖို့ စိတ်ကူးယဉ်ခဲ့သူဟာ မိုးမြင့်မောင်ပဲ"

"အယ်"

"ဟုတ်တယ် သက်ထားအေး၊ သူ့ကိုကြည့်လေ . . . အနေအထိုင်တည်တယ်၊ ပြီးတော့ ဟိုးကတည်းက ဒီလိုပဲ သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့်နေတတ်တာ . . . ဟိုအချိန်က အတွေးနော်'

စကားပလ္လင်ခံပြီး ခင်ဖြူ ဆက်ပြောသည်။

ခင်ဖြူစကားတွေက တစ်စစ စိတ်ဝင်စားဖို့ကောင်းလာသည်။

"သူ့ရဲ့ကျယ်ပြန့်တဲ့ ရင်ခွင်ထဲကနေပြီး သူ့မျက်နှာကို ငါ မော်ကြည့်ရရင် အရမ်းပျော်နေမှာပဲလို့ ထင်ခဲ့မိတယ်၊ ဘယ်လောက်အထိ အရူးထသလဲဆိုရင် သူ့ခြေသည်းလက်သည်းလေးတွေကို ငါ ကိုယ်တိုင်ညှပ်ပေးပြီး ဖြူဖွေးနေအောင် ငါလုပ်ပေးချင်တယ်"

ခင်ဖြူ စကားကိုရပ်လိုက်သည်။

"ဆက်ပြောလေဟာ . . . နင့်ဟာက တစ်ပိုင်းတစ်စနဲ့"



www.burmeseclassic.com

"နင် ငါ့ကို ရှူးကြောင်ကြောင်လို့ ထင်မလားလို့"

"မဆိုင်တာ . . . ဒါ နင့်ခံစားမှုပဲ ဆက်ပြော"

"သူကတော့ မှတ်မိချင်မှ မှတ်မိမယ် . . . ငါကတော့ သူ အိမ်လာတိုင်း ချောင်ထဲက ခိုးခိုးကြည့်ရတာအမောပဲ၊ ဒါနဲ့ပဲ တစ်စစနဲ့ ငါသိလာတယ် . . . သူငါ့ကို စိတ်ဝင်စားမှာ မဟုတ်ဘူး၊ ငါက 'အရမ်းမချောဘူး၊ ပြီးတော့ သူကြိုက်သလိုမျိုး နင့်လောက် ဆံပင်မကောင်းဘူး"

ငါက စာညံ့တယ်ဟ၊ သူက စာတော်တယ်၊ သူ့ရဲ့မိန်းက လေးက ဉာဏ်ရည်ထက်မြက်မှုရှိရမယ်တဲ့၊ နင့်လို ရှုပ်တာမျိုး သူ မလိုချင်ဆုံးပဲ၊ အဲဒီလို ကြွေးကြော်ထားတဲ့အတိုင်း အခုထိ သူ ရှာဖွေ နေတုန်းပဲနေမှာ၊ မိန်းကလေးတွေနဲ့လည်း အရောဝင်လေ့ မရှိဘူး၊ ဒါပဲ သက်ထားအေး . . .

မိုးမြင့်မောင်က မိန်းကလေးနဲ့ပတ်သက်ပြီး ၄ချးထူတဲ့ လူ တစ်ယောက်ပဲ . . ."

နောက်ဆုံးပိတ်စကားပြောရင်း ခင်ဖြူ ရယ်သွေးလွှမ်းသွား သည်။

"နင် ငါပြောတာတွေ နားဝင်ရဲ့လား"

"ငါစဉ်းစားနေတာ"





"ဘာကိုလဲ"

"သူ့အကြောင်း"

"နင် သူ့ကို စိတ်ဝင်စားနေပြီလား"

ခင်ဖြူမေးခွန်းနှင့်ပင် မိမိကိုယ်ကို ပြန်မေးဖြစ်သည်။

"ငါ မေးနေတယ်"

"နင့် မေးခွန်းနဲ့ပဲ ငါ့ကိုယ်ငါ ပြန်မေးနေတာ"

ခင်ဖြူ သက်ပြင်းချသည်။

"နင် သူ့အပေါ်မှာ မာနနဲ့တော့ မဆက်ဆံချင်ပါနဲ့ . . . စရိုက်[illegible]းမတူတာပဲလို့ သဘောထားလိုက် . . . ကြာတော့လည်း နင်မေ့သွားမှာပါ"

ခင်ဖြူကို စေ့စေ့ကြည့်လိုက်သည်။

ခေါင်းထဲသို့ လင်းခနဲဝင်လာသော ဆုံးဖြတ်ချက်ကို ခင်ဖြူ ကို ရဲဝံ့စွာပြောလိုက်မိသည်။

"ငါ သူ့ကို ထပ်တွေ့ရလိမ့်မယ်"

နေရာမှထပြီး အိမ်ပြန်ခဲ့ခြင်းအတွက် ခင်ဖြူ ဘာတွေ တွေးကျန်ခဲ့မည် မသိပေ။

www.burmeseclassic.com

# ၆

မေ့မေ့ကို ကား အားမအား မေးလိုက်သည်နှင့်ပင် လိုလိုချင်ချင် ခွင့်ပြုလိုက်သည်။

ဒီကားလေးက ကျောင်းတက်ရင်းစီးရန် ဖေဖေပိုက်ဆံစုပြီး ဝယ်ပေးထားခဲ့ခြင်းဖြစ်သည်။

ဖေဖေကွယ်လွန်ပြီးနောက်ပိုင်း တက္ကသိုလ်တက်သော နှစ်မှာပင် ဘဏ်မှငွေများထုတ်ပြီး လက်ထဲသို့ မေမေအပ်သည်။

သို့သော် ဒီကားလေးကို မစီးရဲ။

ဒီကားလေးကို အသုံးပြုတိုင်း ဖေဖေ့အသံတွေ ကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေဖေ၏ခက်ထန်သောမျက်လုံးတွေကို မြင်နေရသည်။

ထို့ကြောင့်ပင် ဒီကားလေးကို သူမ အသုံးမပြုခဲ့ပေ။

ဒီနေ့အဖို့ကတော့ ကားကို အသုံးမပြုလို့မဖြစ်။ မြင်ဆင်ထားသမျှတို့သည် အလကားဖြစ်သွားနိုင်သည့် အခြေအနေ။

ကားပေါ်တက်ထိုင်ပြီးသည့်တိုင် ဆံပင်ဖြီးသင်ဆဲဖြစ်သောကြောင့် ကားမောင်းသူ ဦးလေးကြီးက စက်မနှိုးဘဲနေသည်။

"မောင်းတော့လေ . . . ဟိုရောက်ရင် ပြောပြတဲ့အတိုင်း အခန်းရှေ့နားအထိ မောင်းပေးနော် . . . စားသောက်ဆိုင်တန်းတွေကို ကျော်ပြီးရပ်ပေး . . . ပြီးတော့ ကျောင်းထဲဝင်ခါနီးမှာ ရဲရဲသာမောင်းဝင်"

"ညနေ လာကြိုရဦးမှာလား ကလေး"

ကားမောင်းသူ ဦးလေးကြီးအမေးကို ခေါင်းညိတ်ပြလိုက်သည်။ ထိုအချိန်က နှုတ်ခမ်းအနေအထားကို မြင်ဆင်နေချိန်နှင့် တိုးနေသောကြောင့် ဖြစ်သည်။

စာသင်ခန်းနှင့် မလှမ်းမကမ်း ပုဂံလမ်းပေါ်မှာ ကားထိုးရပ်လိုက်သောအခါ ခင်ဖြူ အတန်းထဲမှ ထွက်လာသည်။

ဖြတ်သွားဖြတ်လာများ၏ အကြည့်ကို ဂရုမစိုက်ဘဲ ခင်ဖြူကိုသာ လှမ်းမေးလိုက်သည်။



"ဒီနေ့ ငါအရမ်း မသားနားဘူးလား ခင်ဖြူ"

"နင် အရမ်းလှပါတယ် သက်ထားအေး . . . နင် တစ်ခုခု လုပ်တော့မှာ မဟုတ်လား"

ဒီကားလေးကို အရေးပေါ်ကိစ္စ မဖြစ်မနေသုံးရမည့်အခါများတွင်သာ စီးနင်းလေ့ရှိကြောင်း ခင်ဖြူ သိထားသည်။

"သိသားနဲ့ မေးနေရသေးတယ် . . . ငါဒီနေ့ အတန်းမတက်ဖြစ်ဘူးဆိုတာ လာပြောတာ"

"ဘယ်သွားမှာလဲ"

"နင်ပဲ ပြောပြီးပြီပဲ . . ငါတစ်ခုခုလုပ်မလို့ နင်သိသားနဲ့"

"တစ်ခုခုလုပ်တော့မှာဆိုတာ ငါသိတယ် . . . ဒါပေမဲ့ ဘာအတွက်ဆိုတာတော့"

ခင်ဖြူစကားကို ပြုံးရင်းက နားထောင်လိုက်သည်။ ပြီးမှ . . . "ငါ မိုးမြင့်မောင်ဆီ သွားမလို့ ခင်ဖြူ"

"ဟယ်"

လှည့်ထွက်မည်ပြင်သောအခါ ခင်ဖြူ လက်ကိုဆွဲကာ တားသည်။

"နေပါဦး သက်ထားအေးရယ် . . . သူဘာသာနေတဲ့လူကို ပြီးတော့လည်း နင်က ကိုယ်တိုင် စသွားရမှာဆိုတော့ နင့်သိက္ခာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခင်ဖြူ မိုးဖြင့်မောင် မျက်လုံးတွေကို ငါသိတယ် . . . သူ ငါ့ကို စိတ်ဝင်စားတယ် . . . ဒီအတွက် ငါသွားမှဖြစ်မယ်"

"နင့်အတွက်ပါ သက်ထားအေး"

"မပူပါနဲ့ ခင်ဖြူရဲ့ ဒီပုံစံနဲ့သွားတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောက်ျားလေးမှ ရိုက်မလွှတ်ပါဘူး . . . ငါသွားမယ်"

စိတ်ထဲတွင် သူနှင့်ပတ်သက်ပြီး ယုံကြည်အားမှုကို ဒီအတိုင်း စောင့်မနေချင်၊

ဒီအတိုင်းသာနေပါက သူမ အာရုံနိမ့်မှုနှင့် ကြုံရပြီဖြစ်ကြောင်း ခင်ဖြူ သတိမှတ်ပေမည်။

ပြီးတော့ . . . သူကိုယ်တိုင်ကလည်း အထင်ရှိကောင်းရှိမည်။ တောင်ငူဆောင် ဆင်ဝင်အောက်သို့ ကားရပ်သည်နှင့် ကျွန်ရရပင် ဆင်းလိုက်သည်။

သူ၏အခန်းကို ခက်ခက်ခဲခဲ မေးမြန်းစုံစမ်းခြင်း မပြုလိုက်ရပေ။ လှေခါးရင်းနားတွင် ရှိနေသော ကျောင်းသူတစ်ဦးကို မေးလိုက်သည်နှင့် ကိစ္စပြီးသွားသည်၊

၆



အတန်းရှေ့သို့ စတင်ဖြတ်သန်းသွားသည်နှင့် ဆရာစာသင်ကြားနေမှုသည် အနည်းငယ်တော့ အနှောင့်အယှက်ဖြစ်သွားရသည်၊ အတန်းရှေ့မှ ဖြတ်သွားသောအခါ မျက်လုံးများသည် ဆရာ့ဆီမှ ရွှေ့ပြောင်းလိုက်သောကြောင့် ဖြစ်၏။

ပြတင်းပေါက်နားတွင် သွားလာမှုကို ရပ်လိုက်ပြီး သူ့ကို ရှာသည်၊

စာသင်ခန်းကို ဒုတိယမြောက် အစအဆုံးပြန်အကြည့်မှာတော့ နောက်ဆုံးတန်း ထောင့်စွန်းတွင် ထိုင်နေသော သူ့ကိုတွေ့သည်။

သူက မြင်သည်လား . . . ဟန်ဆောင်သည်လားတော့ မသိ။ ရှာတွေ့ချိန်၌ ခေါင်းငုံ့ကာ စာရေးနေ၏။

သူ့နံဘေးမှလူ လှမ်းကြည့်သည်နှင့် သူ့ကို လက်ညှိုးထိုးပြကာ ခေါ်ခိုင်းလိုက်သည်။

ဒီကြားထဲ ဒီလူက အူကြောင်ကြောင်လုပ်နေသေးသည်။ ဘေးနားက လူဆိုကာမှ ရှေ့လူကို သွားခေါ်သည်။

ဒုတိယအကြိမ် လက်ညှိုးညွှန်ပြမှ သူ့ကို ခေါ်ပေးသည်။ ကြည့်စမ်းပါဦး . . . အနားမှာကပ်ပြီး လှုပ်လှုပ်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့်တိုင် သူက ဂရုမထားနိုင်။

သူ မော်အကြည့်၌ ပြုံးပြရင်း လက်ရပ်လှမ်းခေါ်လိုက်သည်။

ဆရာ့ကို သူလှမ်းကြည့်သည်။

ပြီးမှ ဆရာထံမှ အပြင်ထွက်ရန် ခွင့်တောင်းသည်။ သူ့ကိုကြည့်ရသည်မှာ ကလေးတစ်ဦးနှင့်တူနေ၏။

"ကျွန်တော့်ဆီ လာတာလား"

"ဘယ်လိုထင်လဲ"

ပြန်လည်မေးခွန်းထုတ်လိုက်သောအခါ သူငြိမ်ကျသွားသည်။ အခန်းရှေ့မှ ထွက်ခွာခြင်းမပြုသေးဘဲ ငူတူတူပင်ရပ်နေ၏။

"ဒီမှာ ဥည့်သည်ကို ဒီအတိုင်းပဲ ထားတော့မလား၊ သက်ထားခြေထောက်တွေ ညောင်းလှပြီ"

"ကျွန်တော် အအေးတိုက်ပါ့မယ်"

"ဒါဆို သွားမယ်လေ"

သူ့နားသို့ တိုးကပ်ပြီး လျှောက်သည်။

သူ့ကိုတော့ မြင်ရသူများက ချီးကျူးကြမည်လား၊ မနာလိုဝန်တိုဖြစ်ကြမည်လားမသိ။

သူ လိုက်လာဖော်ရသည့်အတွက်တော့ ဝမ်းသာရသည်။



"ကျောင်းအပြင်ဘက်မှာ ထိုင်ရအောင်"

"ဒါဆို . . . ကားနဲ့သွားမယ်လေ"

ကားကို လက်ညှိုးထိုးပြပြီး ပြောသောအခါ ချက်ချင်းသူ ငြင်းသည်။

"အတန်းရှိသေးလို့လား"

"ဒီအချိန်ပြီးရင် ပြီးပြီသက်ထား"

"ဒါဆိုလည်း ပထမသွားမယ်ဆိုတဲ့နေရာကို သွားလေ၊ ကား လွှတ်လိုက်မယ်၊ တစ်ခုတော့ ကတိပေး"

"ဘာလဲ သက်ထား"

"နောက်ပြီးရင်သာ သက်ထားအခန်းကို ပြန်ပို့ပေးမယ်ဆိုတဲ့ကတိ"

ကျေကျေနပ်နပ်ပင် သူခေါင်းညိတ်ပြသည်။

ကားထွက်သွားရာလမ်းအတိုင်းပင် မဏ္ဍလေးဆောင်အပေါက်မှနေပြီး နှစ်ယောက်သားထွက်သည်။

စားသောက်ဆိုင်များမှလူများသည် စူးစမ်းကြည့်ဖြင့်ကြည့်ကြသည်။ သူကတော့ တစ်ခုခုကို တွေးတောရင်း လိုက်ပါလာသည်။

အဓိပတိလမ်းပေါ် အရောက်မှာတော့ သူ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။

"သက်ထား လျှောက်နိုင်ပါတယ်နော်"

"သူပါနေသားပဲ . . . ဘယ်လောက်ဝေးဝေးပေါ့"

မျက်လုံးဝင့်ပြီး စကားသံကို ခပ်နွဲ့နွဲ့လေးဖြစ်အောင် ပြောလိုက်သည်။ သက်ထားအေးအတွက်တော့ ဒီလိုအပြုအမူ အပြောအဆိုတွေဟာ ထူးဆန်းတဲ့ကိစ္စမှ မဟုတ်ဘဲလေ။

"နေရှိန်နေတယ် ထီးဖွင့်ဆောင်းပေး . . . ရော့"

တက္ကသိုလ်ရိပ်သာလမ်း ကူးခါနီးတွင် သူ့ကို ထီးပေးလိုက်သည်။ ထီးရိပ်အောက်တွင် ရှိနေသောကြောင့် နှစ်ယောက်သား ပူးကပ်သွားရသည်။

စာတိုက်ရှေ့နားတွင်ရှိသော စားသောက်ဆိုင်တန်းကို လက်ညှိုးထိုးပြသည်။

"ကျွန်တော်တို့ အဲဒီမှာထိုင်ရအောင်"

သူ့အဆိုပြုချက်ကို ဘာမှငြင်းစရာအကြောင်း မရှိပေ။

အခုနေမှာ မိုးမြင့်မောင်သည် သက်ထားအေး၏ ပြင်ဆင်ထားမှုထဲသို့ အလိုလို ဝင်ရောက်နေသူပဲ။

❀



သူကတော့ ထုံးစံအတိုင်းပင် အုတ်ခဲရင့်ရောင် လက်ဖက်ရည်ကိုသာ မှာသောက်သည်။

ကိုကာကိုလာဘူးနှင့် အာလူးကြော်တို့ကို မှာလိုက်သည်။ တကယ်ဆို သူပါ အအေးတစ်ခုခု သောက်သင့်သည်။

"မနေ့ကကိစ္စအတွက် ကျွန်တော် ပြောစရာရှိလို့"

သူ့စကားကို မသိလိုက်ဘာသာပင် နေလိုက်သည်။

"သက်ထားကို ကျွန်တော် ရှောင်သွားတာ တကယ်တော့ မကောင်းဘူးထင်တယ်နော်၊ ကျွန်တော်က ရုတ်တရက်ကြီး စာကြည့်တိုက်မှာ လှမ်းခေါ်လိုက်တာရယ် . . . ပြီးတော့ ကောင်တာက အမျိုးသမီးက လှမ်းဟန့်လိုက်တာတွေ့ရောပြီး ထူပူသွားလို့ပါ"

ကိုကာကိုလာဘူး လာချပေးသောအခါ သူ၏လှုပ်ရှားမှုသည် ဘာမှအပြောင်းအလဲမရှိ . . . တကယ်ဆို သတ္တုကွင်းပြားလေးကို သူ ပျာပျာသလဲ ဖွင့်ပေးသင့်သည်။

"တကယ်ပြောတာ . . . အဲဒီလိုမျိုး ကြုံဖူးတာ ပထမဆုံးဖြစ်နေလို့၊ ပြီးတော့ သက်ထားနဲ့ ရင်ဆိုင်ရမှာ တစ်မျိုးဖြစ်နေတယ်လို့ စိတ်ထဲမှာ ထင်နေလို့"

ဒုက္ခပါပဲနော် . . ဒီစကားတွေက ယောကျ်ားတစ်ယောက်

www.burmeseclassic.com

ပြောရမယ့်စကားတွေလား။ လောကသည် ဇောက်ထိုးမိုးမျှော်တွေ ဖြစ်ကုန်ပြီလားမသိ။

"ရှင် အာလူးကြော်စားလေ"

"ကျွန်တော်ဆေးလိပ်ပဲ သောက်ချင်တာ . . . ဆေးလိပ် သောက်လို့ ရတယ်မဟုတ်လား။ မိန်းကလေးတချို့က မီးခိုးငွေ့ မခံနိုင်ဘူး ကြားဖူးလို့"

"သောက်ပါ သက်ထားကတော့ သိပ်ဂရုမထားပါဘူး"

ကိုလာကိုလာဘူးကို သူ့အဖွင့်သာ စောင့်နေလို့ကတော့ ဒီတစ်သက် သောက်ရမည်မဟုတ်ပေ။ ခပ်ဆောင့်ဆောင့်လေး သတ္တုကွင်းလေးကို ဆွဲဖွင့်သောအခါ၌ သူက ဇိမ်ကျကျပင် ဇစ်ပိုမီး ခြစ်ခြစ်ကာ ဆေးလိပ်မီးတို့နေလေ၏။

"အိုက်လိုက်တာနော် . . . ချွေးစို့နေတာပဲ"

တကယ်တော့ လက်ကိုင်ပဝါ မေ့ကျန်ရစ်ခဲ့သည်။ ဒီအ တွက် လမ်းမှာပဲကျန်ခဲ့သလိုလို ဒီစားပွဲဝိုင်းထဲ ကျတော့သလိုလိုဖြင့် ဟန်ရေးပြလိုက်သည်။ ဒါပေမဲ့ ဟန်ရေးပြတာပဲရှိမည်။ သူ့ရှေ့ စာအုပ်ခုံပေါ်တွင် ချထားသော ယောက်ျားကိုင် လက်ကိုင်ပဝါ ရှိ သည်ကို သတိမရတာလား . . . ဒါမှမဟုတ် အူတူတူနိုင်တာလား မပြောတတ်။



ဒီပြင်လူတစ်ဦးသာဆိုပါက ကိုယ်တိုင်မသုတ်ပေးရုံတမယ် ပျာပျာသလဲ ဖြစ်နေမှာ သေချာသည်။

စိတ်မရှည်သည့်အဆုံးတွင် ရေနွေးအိုးကိုကျော်ပြီး လက် ကိုင်ပဝါကို လှမ်းယူလိုက်သည်။

"အယ်"

"သွားပါပြီဗျာ"

ကံမကောင်းချင်၍လား ဒါမှမဟုတ် အောင့်သက်သက်နှင့် လှမ်းယူလိုက်၍လား မသိ။

သူ့လက်ကိုင်ပဝါသည် လမ်းခုလတ်မှာပင် လက်ထဲမှ လွတ်ကျပြီး အချည်ရည်ခွက်ထဲသို့ ကျသွားသည်။

"ဆောရီး . . . သက်ထားက လက်ကိုင်ပဝါ ဘယ်မှာ ကျန် ရစ်ခဲ့မှန်း မသိတာနဲ့ ချွေးသုတ်ချင်လို့ လှမ်းယူလိုက်တာ"

အချဉ်ရည်များဖြင့် ပေ၍နေသော လက်ကိုင်ပုဝါကို ကြည့် ရင် သူ မျက်နှာပျက်တက်တက်ဖြစ်နေ၏။

"ဒီလက်ကိုင်ပုဝါက လွန်ခဲ့တဲ့လေးနှစ်လောက်ကပစ္စည်း၊ အမေကိုယ်တိုင် ပေးထားတဲ့ပစ္စည်း၊ ဆိုင်ကဝယ်တဲ့လက်ကိုင်ပဝါမျိုး လည်း မဟုတ်ဘူး"

"သက်ထား ဒီလက်ကိုင်ပဝါမျိုး တစ်ဒါဇင်လောက် ပြန်

www.burmeseclassic.com



လျှော်ပေးပါမယ်ရှင်"

"အလျှော်လိုချင်လို့ ပြောတာ မဟုတ်ဘူး၊ ပြီးတော့ ဒီအချဉ်ရည်တွေက ဆိုးဆေးတွေကို ချွတ်နိုင် ကျွတ်ချင်မှ ကျွတ်တော့မှာ"

စကားအဆွေအတင် ဆက်ပြောနေက သံသရာမှာပို့ရှည်တော့မည် ခပ်ငြိမ်ငြိမ်ပင် နေလိုက်ရသည်။

"သက်ထားတို့ နောက်ထပ်တွေ့နိုင်ဖို့ တစ်ခုခုတော့ လုပ်မှနော်"

သူက အချဉ်ရည်ပေ၍နေသော လက်ကိုင်ပုဝါလေးကို နှမြောဟန်သာပင် ရှိနေသေးသည်။

"သက်ထားပြောတာ ကြားလား"

"ကြားပါတယ်"

"ကျွန်မတို့ ဒီဆိုင်လေးမှာ အခုလို စကားတွေပြောဖို့ပေါ့"

စကားလမ်းကြောင်းသာ ပေးနေရသည်။ တကယ်တော့ ခပ်လန့်လန့်ပင် . . .

လက်ကိုင်ပဝါအချဉ်ရည်ပေမှုနှင့် လူကို ထရိုက်ချင်နေသည်လား မပြောတတ်ပေ။

"ရှင် ဘာတွေစဉ်းစားနေတာလဲ"

"ဒီလိုပါ အခုလက်ကိုင်ပဝါကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်



အပြောအဆိုတွေကို"

အော် . . . သတိတော့ ရရှာသားပဲဟု စိတ်ထဲမှာ ပြောရသေးသည်။

"ဒါတွေက ဖြစ်တတ်ပါတယ်၊ သက်ထားတို့ နောက်ထပ်တွေ့ဖို့သာ"

"ဒါကြောင့် ကျွန်တော် တွေးတာပေါ့ . . . ဒီလက်ကိုင်ပဝါမှ မဟုတ်ဘူး၊ ကျွန်တော်နှစ်သက်တဲ့ အရာဝတ္ထုမှန်သမျှကို အရမ်းခုံမင်တတ်တယ်၊ တန်ဖိုးလည်း ထားတတ်တယ်၊ ဒါ ကျွန်တော်ရဲ့ အကျင့်လေ၊ ခုနက သက်ထားကြောင့် ဖြစ်ပျက်သွားရတာကို အပြစ်ပြောတာ မဟုတ်ပါဘူး၊ နှမြောတယ်ဆိုတာကလည်း ကျွန်တော်က တန်ဖိုးထားပြီး ရက်ရှည်ထိန်းသိမ်းရတာကိုး၊ ဒီလက်ကိုင်ပဝါလေးလောက်ကိုတောင်မှလို့ သက်ထားစိတ်ထဲမှာ ထင်သွားမှာ သေချာတယ်၊ အဲဒါ ကျွန်တော်ရဲ့အကျင့် ကျွန်တော်ရဲ့ စိတ်ထားပဲ"

စကားရှည်ကြီး ပြီးဆုံးသွားသောအခါ သူ့အရိပ်အခြည်သည် ပုံမှန်ပြန်ဖြစ်လာသည်။ သူကြည့်ရသည်မှာ အခုမှ သက်သောင့်သက်သာ ဖြစ်သွားပုံရသည်။

"ကဲပါလေ . . . ကျွန်မတို့ တွေ့ဖို့သာပြော၊ ရှင် သက်ထားဆီ လာမှာလား၊ သက်ထားကပဲ ရှင့်ဆီ လာရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဒီဆိုင်လေးမှာပဲ တွေ့ကြရအောင်"

"ဒါဆို အချိန်တစ်ခု သတ်မှတ်ပေါ့"

"တနင်္လာ၊ သောကြာနေ့တွေဆို ဆယ့်တစ်နာရီကနေ တစ်နာရီထိ အားတယ်"

အားနွဲ့သူယောက်ျားလေးက သူ့ရဲ့အားလပ်ချိန်များကို အလျှင်စလို တင်ပြနေပါလား။ ဒါဆို မိန်းကလေးဖြစ်သူက ဘာလုပ်လို့ ဘာပြောရပါမည်နည်း။

"ဒါဆိုလည်း ပြီးတာပဲ၊ အဲဒီနှစ်ရက်မှာသာ ဆယ့်တစ်နာရီဆို ဒီဆိုင်မှာ ပြန်ဆုံကြေးနော်၊ ဒါဆို ရှင့်ကတိအတိုင်း အတန်းကို ပြန်ပို့ပေး"

ဆိုင်မှထခါနီးအထိ လက်ကိုင်ပဝါလေးကို သံယောဇဉ် မကုန်ချင်သေး။ သူ့အတွက်တော့ လက်ကိုင်ပဝါ အချဉ်ရည်ပေမှုသည် မဟာဆုံးရှုံးမှုကြီးပင်။

အခန်းသို့ရောက်သောအခါ လူတစ်ယောက်မှ ရှိမနေတော့ပေ။ ဒါဆို နောက်အချိန်တွေကို ဆရာ မယူတော့ဘူးထင်ရဲ့၊ ခင်ဖြူကို ရှာမတွေ့သောအခါ သူ့ကို အဖော်လုပ်ပြီး တက္ကသိုလ်ရိပ်သာလမ်းသို့ ပြန်ထွက်ရသည်။

ကားလမ်းမသို့ရောက်သောအခါမှာလည်း အနားမှာသာ



ရပ်ပေးရှာသည်။ ဘာမှ မတုန်မလှုပ်။ ယောက်ျားသားတစ်ဦး အနားမှာ ရှိပါလျက် မိမိဘာသာ အငှားကား တားဆီးပြီး အိမ်ပြန်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

မနေ့က အဖြစ်အပျက်များကို ပြောချင်လွန်းသောကြောင့် စနေနေ့ မနက်စောစော ခင်ဖြူဆီသို့ ထွက်ခဲ့သည်။

ခင်ဖြူ တအံ့တဩ ဖြစ်သွားသည်။

"ဟယ် . . . သက်ထားအေး စောစောစီးစီး"

ဘာအတွက်ကြောင့် လာရသည်ကို ခင်ဖြူ ရိပ်မိမှာ သေချာသည်။

"အတော်ပဲ ဒီနေ့အိမ်မှာ မုန့်ဟင်းခါးလုပ်စားတယ်"

မုန့်ဟင်းခါးစားရင်းက သူ့အကြောင်းကို မြိန်ယှက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောရဦးမည်။

"နင်မနေ့က ဘာလို့မစောင့်တာလဲ၊ နင့်မိုးမြင့်မောင်တော့ ငါ အပြတ်ရှိုင်းပြီး သွားလိုက်တာ ဝပ်စင်းသွားတာပဲ"

ခင်ဖြူက စားစရာမုန့်ဟင်းခါးပန်းကန်ကိုသာ ပြင်ဆင်ပေးနေသည်။

"မင်း . . . မိုးမြင့်မောင်က အလကားပါ။ ယောက်ျားဖြစ်ပြီး အရမ်းပဲမျှားတာ၊ သူကလေ . . . "

မုန့်ဟင်းခါးကိုစားရင်း မနေ့က အဖြစ်အပျက်များကို ခင်ဖြူအား ပြောပြသည်။ ခင်ဖြူသည် အနားမှာနေပြီး ငြိမ်သက်စွာ နားထောင်ပေးရှာသည်။

"နင် စားလို့ရော ပြောလို့ရော ပြီးပြီလား . . . ငါ ဘာပြန်ပြောပေးရမလဲ"

"အယ်"

ခင်ဖြူ့စကားကြောင့်ပင် အမ်းတမ်းတမ်းဖြစ်သွားရသည်။

"သက်ထားအေး နင် ဒီပုံတွေလုပ်နေတာ မိုးမြင့်မောင်ကို စိတ်ဝင်စားလို့လား"

"နေပါဦး"

"ဘာနေရမှာလဲ . . . နင်စဉ်းစားနော်၊ ရုပ်ဝတ္ထုပစ္စည်း





လေးတွေကအစ မြတ်မြတ်နိုးနိုးရှိတတ်တဲ့ သူ့နှလုံးသားက နင့်ကို ချစ်လာဖို့ဆိုတာ တော်တော်ခက်ခဲမယ့်ကိစ္စ"

"သွားစမ်းပါ ခင်ဖြူ . . . ယောက်ျားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို စိတ်ဝင်စားပြီ ဆိုကတည်းက သာယာချင်လို့ပဲ၊ ရည်းစားမထားဖူးသေးတဲ့ နင့်အတွက်တော့ တစ်မျိုးပေါ့လေ၊ ဒီမှာခင်ဖြူ . . . လောကကြီးကို အကြောင်းမဲ့ သိပ်ပြီးစိတ်ကူးမယဉ်ချင်နဲ့"

"နင် မိုးမြင့်မောင်နဲ့ ဆက်မရင်းနှီးဖို့ ငါတားမြစ်တယ်"

"ဘာဖြစ်လို့လဲ"

"နင်တို့နှစ်ယောက်လုံးအတွက် မကောင်းတဲ့ကိစ္စပဲ . . . ပြီးတော့ သူနဲ့ပတ်သက်ပြီး နင်လှုပ်ရှားမှုတွေဟာ တစ်မျိုးတော့ တစ်မျိုးပဲ . . . နင်သူနဲ့ ပတ်သက်ပြီး"

"ဒီမှာခင်ဖြူရေ . . . သိပ်ပြီး ခေါင်းထဲမှာ ဒီအကြောင်းတွေ ထည့်မနေနဲ့၊ ဒီမှာ ဒီကိစ္စက ငါတို့စာမေးပွဲလောက်တောင် ခေါင်းထဲ ရောက်မနေဘူး၊ ခုလောလောဆယ် အရေးကြီးတာက ဒီနှစ် တို့နှစ်ယောက်စလုံး အောင်ဖို့ပဲ၊ ငါတော့ ကျောင်းသက်ပရှည်ချင်ဘူး၊ မြန်မြန်ဘွဲ့ရ မြန်မြန်အေးတာပဲ . . . ဒီဝန်းကျင်ကို ငြီးငွေ့လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့ သက်ထားအေး၊ မိုးမြင့်မောင်က ပညာရေး စိတ်ဝင်စားသူ၊ အခုတောင် မဟာဆက်တက်နေတာ ကြည့်ပါလား၊ နင်နဲ့ကတော့ဟာ . . ."

ခင်ဖြူ့စကားများသည် အလကားနေရင်း ပူပန်နေမှုဟု ထင်မိသည်။ ခင်ဖြူနှင့်ဆက်ပြီး မငြင်းခုံချင်တော့။ ခင်ဖြူစိတ်ကောက်လို့က မဖြစ်ပေ။

"မေ့နေလိုက်တာ . . . ဒီနေ့ ဦးလူအောင်ကြီး ရောက်မယ့်နေ့ပဲ၊ ငါပြန်မှ ထင်တယ်"

"နင်နော် ဦးလူအောင်ကြီး ဘာကြီးနဲ့ . . . ဟိုက အသက်ငယ်ငယ် မုဆိုးဖို၊ သူ့မိန်းမနဲ့တူတယ်ဆိုဆိုပြီး နင့်ကို လာရှိတ်နေတာလားမှ မသိတာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဦးလူအောင်ကြီးက ဒါဘောကောင်းတယ်၊ ပြီးတော့ ငါ့ကို အလိုလိုက်တယ်၊ နင်ထင်သလို သူက မဟုတ်ပါဘူးဟာ၊ သူ့မျက်လုံးတွေကို ငါသိပါတယ်၊ သူက ငါ့ကို ရိုးရိုးခင်တာပါ"

ခင်ဖြူက ဘာမှပြန်မပြောတော့ပေ။

ကားလမ်းမအထိ ခင်ဖြူ အဖော်လိုက်ပေးသည်။ အငှားကားကို ခင်ဖြူကိုယ်တိုင် တားပေးသည်။ သူနှင့်တော့ ကွာပါ့ဟု





စိတ်ထဲမှာ တွေးလိုက်မိသေးသည်။ တနင်္လာနေ့ကျရင် နင်သွားမှာပေါ့နော်ဟု ကားထွက်ခါနီးမှာ ခင်ဖြူမေးသည်။ ထိုအခါမှ သူနှင့်တွေ့မည့် တနင်္လာနေ့ကို သွားသတိရသည်။ တကယ်တော့ သူနှင့်တစ်ပတ်ကို နှစ်ခါသာ တွေ့ဆုံရမည်လေ . . .

❀

မြို့ထဲသို့ ဝင်ဝင်ချင်းမှာပင် ESPERO ကားပြာလေးကို တွေ့ရသည်။

ဒါဆို ဦးလူအောင် ရောက်နေပြီပေါ့။

"လာပါပြီ မင်းညီမ"

"သက်ထားအေး ကျောင်းသွားတာ ကားမယူသွားဘူးလား"

"မင်းညီမက အိမ်ကကားကိုစီးရင် သူ့အဖေကို သတိရလို့တဲ့လေ၊ သူ့အဖေဖြစ်ချင်တဲ့ပုံစံ မဟုတ်သရွေ့ သူ ဒီကားကိုစီးရတာ လိပ်ပြာမသန့်ဘူးတဲ့၊ မင်းညီမကလည်း မင်းညီမပါပဲ၊ သူ့အဖေရှိရင် သူ ဒီလိုနေရမှာ မဟုတ်ဘူး"

"မေမေကလည်း အခုသွားတာက စာမေးပွဲကိစ္စအတွက်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဖြူဆီ သွားတာပါ၊ တော်ကြာ ခသ့်သည်က တစ်မျိုးထင်နေမှဖြင့် . . ."

"သက်ထားအေးတို့ စာမေးပွဲနီးပြီနော်"

"စာမေးပွဲဆိုလို့ မင်းညီမအကြောင်း ပြောရဦးမယ်၊ စာမေးပွဲဖြေပြီးတာနဲ့ အစ်မတို့အလုပ်ထဲ သူ ဝင်မယ်တဲ့ကွာ၊ အစ်မတစ်ယောက်တည်း လုပ်နေတာ ပင်ပန်းမှာစိုးလို့တဲ့၊ ဒီစကားတစ်လုံးနဲ့ပဲ မွေးရကျိုးနပ်ပြီ ထင်တာပဲကွာ"

"သိပ်ကောင်းတာပေါ့ . . . သက်ထားအေးက ကျွန်တော်တို့ အရောင်းအဝယ်ကိစ္စကို စိတ်ဝင်စားလာတော့ အစ်မငြိမ်းအေး သက်သာတာပေါ့"

"ကူညီမှာပဲလား . . . အစ်မတို့အလုပ်မှာ လာရှုပ်မှာပဲလားတော့ မသိပါဘူးကွာ"

"မေမေနော် ဒီလိုတော့ မပြောနဲ့၊ ဒါနဲ့ ဦးလှအောင်ကြီး ဘယ်တုန်းက ရန်ကုန်ရောက်သလဲ"

"ဒီမနက်ပဲ သက်ထားအေး၊ သက်ထားအေးဖို့တောင် မန္တလေးကပစ္စည်းတွေ ပါလာသေးတယ်"

ဦးလှအောင်ကြီး မန္တလေးက ဆင်းလာတိုင်း ပစ္စည်းတစ်ခုခု ပါလာစမြဲ ဖြစ်သည်။



"မပါလာရင်လည်း အတင်းနွဲ့ဆိုး ဆိုးပြီး ဗိုလ်ချုပ်ဈေးမှာ လိုချင်တာ ဝယ်ခိုင်းမှာဆိုပြီး မဖြစ်စလောက် ပစ္စည်းလေးတစ်ခုနှစ်ခု ဝယ်လာတာ မဟုတ်လား"

"သက်ထားအေး ကြည့်လိုက်ဦးလေ၊ မကျေနပ်လို့ လိုက်ဝယ်ပေးရမယ်ဆိုရင်လည်း ဘယ်တုန်းက မဝယ်ပေးဘဲနေဖူးလို့လဲ"

"မင်းညီမကို သိပ်အလိုမလိုက်နဲ့နော်၊ မင်းရဲ့သံယောဇဉ်ကို သူက အခွင့်ကောင်းယူနေတာ"

ဦးလှအောင်မှာလည်း တစ်ဒုက္ခပင်။

ကျောက်အရောင်းအဝယ်နှင့် ရန်ကုန်ဆင်းလာတိုင်း အိမ်ကို ပထမဆုံး ဝင်သည်။

လက်ထပ်ပြီး မကြာခင်မှာပင် သေဆုံးသွားရှာသော ဇနီးဖြစ်သူနှင့် သူမမှာ ရုပ်ချင်းအလွန်ဆင်ခြင်းကြောင့် သံယောဇဉ်ဖြစ်သွားကြခြင်းဖြစ်သည်။

"မောင်လှအောင်က အနေရိုးတယ်ကွဲ့၊ ပစ္စည်းလည်း ရှိတယ်၊ သူ့မိန်းမနဲ့ သမီးက ရုပ်ချင်းအတော်ဆင်တာ၊ ကောင်လေးက အိမ်ထောင်ရေးကံတော့ မကောင်းရှာပါဘူး"

ဦးလှအောင်နှင့်မေမေတို့သည် လုပ်ငန်းသဘောအရ သက်ဆံရသည်မှာ ကြာပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးလှအောင် မင်္ဂလာဆောင်တော့ မေမေတောင် မန္တလေး တက်သွားသေးသည်။ မင်္ဂလာဆောင်က ပြန်လာကတည်းက ဦးလှအောင်အမျိုးသမီးနဲ့ သူမမှာ ရုပ်ချင်းဆင်ကြောင်း မေမေ့ပြောစကားအရ သိရသည်။

လက်ထပ်ပြီး လေးလလောက်ကြာသောအခါ ထိုအမျိုးသမီး ရုတ်တရက် ဆုံးပါးသွားသည်။

ဒီသတင်းကိုကြားတော့ ဦးလှအောင်အတွက် စိတ်မကောင်း ဖြစ်ရသည်။ ဒီနောက်ပိုင်း မန္တလေးက ဆင်းလာလေတိုင်း အိမ်ကို ဦးလှအောင် အလုပ်တစ်ခုအနေဖြင့် ဝင်တော့သည်။

စတွေ့ကတည်းကပင် ဦးလှအောင်ကို ခင်မိသည်။

ပြီးတော့ ကြေကွဲစရာအဖြစ်ဆိုးကြောင့် သနားမိသည်။

"မင်းသွားစရာရှိရင် သွားနော်၊ ဒီတောင်မလေးကို အလိုလိုက်ပြီး အလုပ်ဖျက်မခံနဲ့"

"သမီးကလည်း ဘယ်မှသွားဖို့ မတောင်းဆိုပါဘူးနော်၊ ဦးလှအောင် တကယ်စေတနာရှိရင်သာ မုန့်တစ်ခုခု ဝင်ပို့ပေး"

"စိတ်ချ သက်ထားအေး . . . ည စာကြည့်ရင်းစားဖို့ မုန့်ဝယ်ပေးမယ်၊ တကယ်လို့ ကိုယ်တိုင်မလာနိုင်ရင်မှ တစ်ယောက်ယောက်ကို လွှတ်ပို့ခိုင်းလိုက်မယ်"



ဦးလှအောင် ဒီလိုဂရုစိုက်တာကို ကျေနပ်သည်။

ဦးလှအောင်က ယောက်ျားတစ်ယောက်ဆိုတာ မှန်ပေမယ့် မေမေပြောသလို လူအေးတစ်ယောက်ဖြစ်သည်။

ဦးလှအောင်၏ ခင်မင်မှုသံယောဇဉ်သည် သူ၏လွမ်းဆွတ်မှုကို ပြေရာပြေကြောင်း အစားထိုးရုံသက်သက်ဖြစ်သည်။

ဦးလှအောင်ကို သနားစိတ်ဖြင့် နားလည်သည်။

ခင်မင်မှုများမှာ ဘာမှ မစွန်းထင်းကြ၊ သူ၏ လွမ်းဆွတ်ခြင်း သက်သာရာသက်သာကြောင်းအတွက် အစပြုကာ ရင်းနှီးခဲ့တာ နှစ်ချီခဲ့ပြီ။

သူမ ပထမနှစ်စတက်သောအချိန် . . .

သံယောဇဉ်ကာလတစ်လျှောက်လုံးတွင် ဂရုစိုက်မှုသည် ပကတိသက်သက်။ ထိုအချက်တစ်ခုတည်းနှင့်ပင် ဦးလှအောင်၏ သံယောဇဉ်အောက်မှာ ယုံကြည်စွာဖြင့် နီးနီးကပ်ကပ် နေခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၆

နေ့လယ် ဆယ့်နှစ်နာရီထိုးရန် သုံးမိနစ်အလိုတွင် တက္ကသိုလ်ဆေးရုံရှေ့သို့ ကားရပ်လိုက်သည်။ ဦးလှအောင်၏ ကျောင်းထဲဝင်ပေးမည့်အစီအစဉ်ကို လိမ္မာပါးနပ်စွာဖြင့် ငြင်းဆိုလိုက်သည်။

ဦးလှအောင်ကားလေးသည် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ဆက်လက်မောင်းနှင်သွားသောအခါ စားသောက်ဆိုင်များ ရှိရာသို့ ချိုးဝင်လိုက်သည်။ ဆိုင်ရှေ့သို့ရောက်သောအခါ သူ ရှိမနေ။

ဆိုင်ထဲဝင်ပြီး ဟိုတစ်နေ့က ထိုင်ခဲ့အလွတ်ဆီသို့ ရောက်ခါ

www.burmeseclassic.com

www.burmeseclassic.com



နီးတွင် အရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်သည်။

သူပါလား။

ထိုင်ခုံတွင် နေသားတကျဖြစ်သောအခါ သူ စားပွဲဝိုင်းသို့ ရောက်လာသည်။

"သက်ထားအလာကို ဘေးမှတ်တိုင်က စောင့်နေတာ၊ သက်ထား ဝင်းထဲ ချိုးဝင်သွားတာနဲ့ နောက်က လိုက်လာတာ"

"ဆိုင်မှာ စောင့်နေ ရသားနဲ့"

ခပ်နွဲ့နွဲ့ပြောလိုက်သောအခါ သူဘာမှ ပြန်လည်ပြောဆိုခြင်းမရှိပေ။ ဆံပင်များကို အကြောင်းမဲ့ ဖြီးသင်ပြီး လုပ်နေဆဲမှာပင် ကိုကာကိုလာနှင့် လက်ဖက်ရည် သူမှာသည်။

"ရှင် ဆေးလိပ် မသောက်ဘူးလား"

"သောက်မှာပေါ့ စောစောကတင် တစ်လိပ်ကုန်သွားပြီးပြီ"

တကယ်တော့ သူ့ကို ဆိုလိုရင်းက စီးကရက်တစ်ခုခု မှာသောက်ရန်အတွက် ဖြစ်သည်။ သူက ငွေတောင်ဆေးပေါ့လိပ်ကို ပြသောကြောင့် အစီပွာယ်ကောက်လွဲသွားသည်။

စကားဝိုင်းကို တစ်ခုခုအကြောင်းဖြင့် စိုပြည်စေရန် ဖန်တီးဖို့ သူကြိုးစားမည် မဟုတ်မှာ သေချာသည်။



အခုထိပင် ကိုကာကိုလာဘူးကို ဖွင့်ပေးရန် အလိုက်ကန်းဆိုး မသိတတ်သေးပေ။

"ဒီမှာ"

သူ မော့်ကြည့်သည်။ အကြည့်ချင်းအဆုံမှာတော့ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။

"ဒီမှာ ဒီမှာနဲ့ စကားပြောရတာ တစ်မျိုးဖြစ်နေသလားပဲ၊ သူများကျတော့ သက်ထားလေး ဘာလေးခေါ်တယ်၊ သူ့ကိုကျတော့ အင်း . . . ဘယ်လိုခေါ်ရမလဲ"

"တော်တော်များများကတော့ မိုးမြင့်မောင်လို့ပဲ ခေါ်ကြတာပဲ"

သူ့နာမည်အတွက် နည်းနည်းလေး ခေါင်းကိုအလုပ်ပေးလိုက်သည်။

"သူများခေါ်သလို မခေါ်ချင်ဘူး"

နှုတ်မှပြောရင်း အမည်ကိစ္စကို စဉ်းစားသည်။

"ဟုတ်ပြီ အမောင် . . . အမောင်လို့ ခေါ်မယ်"

"ကျွန်တော့်အတွက်တော့ ဒါ ပထမဆုံး ခေါ်ခံရတဲ့နာမည်ပဲ"

သူ့မျက်နှာ တော်တော်လေး ရွှင်ပျသွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နာမည်ပေးတင်ပွန်းတပ်အတွက် သက်ထားပဲ ရှင်းမယ်နော် အမောင်"

ကုန်ကျစရိတ်ရှင်းရန် ဖြင်လိုက်သောအခါ ကတ်ပြားတစ်ခု လျှောကျသွားသည်။ မေမေ့၏ ဆိုင်ကတ်ပြားလေးဖြစ်သောကြောင့် အရေးမကြီး၍ ချက်ချင်းမကောက်ယူဘဲ ထားလိုက်သည်။ ပိုက်ဆံရှင်းပေးဆဲမှာပင် ကတ်ပြားလေးကို သူကောက်ယူလိုက်သည်။

"သက်ထားကတ်ပြား"

ကတ်ပြားကို ဖတ်ကြည့်ရင်းက သူလှမ်းမေးသည်၊

"ဒါသက်ထားတို့ရဲ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီလေ . . . ကျောက်တွေဘာတွေ ဝယ်ချင်ရောင်းချင်ရင် ပြောနော်၊ ပြီးတော့ အိမ်ဖုန်းရော ဆိုင်ဖုန်းရော ပါတယ်၊ အမောင်ယူရင်ယူထားလေ၊ အကြောင်းရှိရင် သက်ထားအေးရဲ့ သူငယ်ချင်းပါလို့သာ ပြောလိုက်ပေါ့ . . . မေမေက သဘောကောင်းတယ်"

ကတ်ပြားလေးကို သူ၏ မှတ်တမ်းစာအုပ်ထဲမှာ ညှပ်လိုက်သည်။

"ကျွန်တော် အတန်းလိုက်ပို့ပေးရမလား"

"ဘာ ကျွန်တော်လဲ . . . အမောင်လို့ပြောလေ"

သူ ရယ်ပြန်သည်၊ သူရယ်ပုံကတော့ ပကတိ အပြစ်ကင်း



နေသည်အလား။

အခန်းရှေ့နားအရောက်မှာပင် သူ့ကို ရပ်စကားပြောလိုက်သည်၊ ဒါကလည်း ခင်ဖြူ လှမ်းကြည့်နေသောကြောင့် ဖြစ်၏။

"သောကြာနေ့လာနော် အမောင်"

သူ ခေါင်းညိတ်ရုံသာ ညိတ်သည်။ ဒီနေ့အဖို့ သူမကသာ "အမောင်" ချင်းတွေ ထပ်ပြီးခေါ်ရသည်။ သူကတော့ ထိုအမည်နာမကို မသုံးစွဲခဲ့ပေ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၉

နာမည်အခေါ်အဝေါ်အစ တိုးတက်ပြောင်းလဲမှုကို ခင်ဖြူ့အား ပြောပြလိုက်သည်။ ခင်ဖြူ မျက်လုံးလေး ဝိုင်းသွားသည်။

"အမောင်ဆိုတာကို နင်က စခေါ်တာ"

"ဟုတ်တယ်ခလေ . . . သက်ထားအေးကနေပြီး သက်ထားလို့ သူကပဲ စခေါ်တာပဲ"

ခင်ဖြူ့အတွက်တော့ အထူးအဆန်းတွေ ထင်နေသည်။

"ဟုတ်မှလည်း လုပ်ပါ သက်ထားအေးရယ်၊ နင် မိုးမြင့်မောင်ကို ဘယ်နှစ်ရက်အထိ တွဲမှာလဲ"

www.burmeseclassic.com

"အဲ . . . စတွေ့တဲ့ ရက်နဲ့ဆို ခြောက်ရက်တော့ ရှိသွားပြီဟ"

ခင်ဖြူကတော့ သက်ပြင်းချသည်၊ သက်ပြင်းချခြင်းသည် လူ့အသက်ကို တိုစေတတ်သည်ဟု ကြားဖူးသည်၊ ဒါဆိုလျှင် ခင်ဖြူသည် သူမတို့ကိစ္စနှင့် ပတ်သက်ပြီး အသက်တိုနိုင်သည်။

"နင်ကဟယ် . . . သက်ပြင်းကြီးပဲ ချချနေ၊ စာမေးပွဲမဖြေရပဲ အသက်တိုလိမ့်မယ်"

"နင့်အတွက်ရော ဟိုကအကွက်ရော ရင်လေးတာအမှန်ပဲ . . . အခုတောင် လူတွေက မေးငေါ့ပြန်ပြီ၊ မိုးမြင့်မောင်တော့ ဘာဖြစ်တယ် ညာဖြစ်တယ်ပေ့ါဟာ"

"သူတို့နှင့် ဘာဆိုင်လဲ"

"နင်က သိသားနဲ့ဟယ်၊ နင်နဲ့တွဲခဲ့ဖူးတဲ့အကောင်စုတ်တွေ ပါးစပ်အရသာခံမှုကြောင့် နင် နာမည်ပျက်နေတာကို"

"ဟ သူတို့က ယောက်ျားတန်မဲ့ အတင်းချတာ ဂရုစိုက်စရာလား၊ သူတို့လိုချင်တာမရတိုင်း ငါ့ကို အပေါစားဆန်ဆန် ပြောတိုင်း ငါဂရုစိုက်ရမှာလား . . . လောကကြီးမှာ လက်ညှိုးထိုးဘာကို ငါကြောက်နေရင် မျက်နှာတောင် ဖော်ရဲမှာ မဟုတ်ဘူး"

ခင်ဖြူက သူမဘက်မှ ပြောသည်ကိုသိသည်။ ဒါပေမဲ့



ရှုတ်သုတ်ခတွေပြောသောစကားကို နားလွယ်မိသူတွေအတွက် တော့ ဘာအတွက် ဖြေရှင်းပြဖို့ လိုမလဲ။ သူတို့အတင်းအဖျင်းတွေ ဟုတ်မှန်ကြောင်းကို ခင်ဖြူက အသိဆုံးဖြစ်သည်။ သာယာမှုအတွက် အနားကပ်ချင်ကြသော တဏှာရူးတိုင်းအတွက် ဒီလောက် ပိုက်မဲ့ဖို့ မည်သည့်အခါမှ စိတ်ကူးမပေါ်ခဲ့ပေ။

"နင် မိုးမြင့်အောင်ကို စိတ်ဝင်စားတာ . . . နင့်နှလုံးသားက တွေ့ရှိတဲ့ အသိတွေလားဟင်"

ခင်ဖြူ့စကားကို ပြောဆိုရန်အတွက် အဓိပ္ပာယ်ကို နားမလည်ပေ။ ဒါတောင် ခင်ဖြူက ထပ်ပြောသည်။ သည်တော့မှ နည်းနည်းတော့ သဘောပေါက်ချင်သလိုလို ရှိသည်။

"နင့်မှာ အလုပ်တစ်ခု ပိုလာပြီ၊ နင် ညအိပ်ရာဝင်တိုင်း ိုးမြင့်အောင်ကို စိတ်ဝင်စားပြီလားဆိုတဲ့ မေးခွန်းကို နင့်ကိုယ်နင် ပြန်မေးဖို့ လိုလိမ့်မယ်"

ခင်ဖြူ့စကားကို မသိဘာသာပင် နေလိုက်သည်။ ဒါပေမဲ့ ိုအတွေးနှင့် ထိုမေးခွန်းကို တွေးဖြစ် မေးဖြစ်အောင် ခင်ဖြူ ာစပျိုးပေးခဲ့ခြင်း ဖြစ်သည်။

သူ့အကြောင်း တွေးတောမိသည်ကိုတော့ ဝန်ခံရမည်။ ပြီးတော့ လွန်ခဲ့တဲ့ ရင်းနှီးခဲ့ဖူးသော ယောက်ျားများနှင့်

www.burmeseclassic.com

www.burmeseclassic.com



နိုင်းကြည့်သည်။ လွန်ခဲ့သောယောက်ျားများသည် သူနှင့်တော့ မတူ။

သူမနှင့် စတင်ဆုံစည်းခြင်းမှာလည်းမတူ . . .

ပြီးတော့ အလွယ်တကူ ဒူးထောက်၍ နာပျော်ဖွယ်စကားများဖြင့် သာယာစေသူလည်း မဟုတ်ခဲ့။

သူနှင့် ဘယ်လောက်ကြာကြာ လက်တွဲနိုင်မလဲဆိုသည့် အဖြေ။

ဒါကိုတော့ ကြိုမတွေးချင်။

ယောက်ျားတို့၏ ဇီဇအာသီသကို မယုံကြည်သောကြောင့်လည်း ဖြစ်သည်။ ယောက်ျားတို့ရဲ့ မွေးရာပါဇီဇအာသီသက သူမအပေါ် မသက်ရောက်သရွေ့ သူနှင့်တွဲနေမှာတော့ သေချာသည်။

"သက်ထားတို့အတန်းနားတောင် ရောက်ခဲ့သေးတယ်၊ ဒါပေမဲ့ သောကြာနေ့မှာ တွေ့ဖို့ပြောထားတယ်ဆိုတဲ့အသိနဲ့ နောက်ပြန်လှည့်ခဲ့ရတာ"

ကြည့်ပါလေ။

အရင့်အရင်လူများကတော့ ဒီလိုမျိုးမဟုတ်။ သူမထံတွင် အချိန်နှင့်အမျှ ခစားနေချင်သည်။ ပြီးတော့ သူတို့အာရုံတွင် သူမနှုတ်ခမ်းပေါ်ရှိ ဆေးသားရောင်များကို တက်မက်နေချင်ကြသူများ။

ဒီစကားကို ခင်ဖြူကလည်း သူ့ဘက် ခပ်ပါပါပြောပြီး





ကောက်ချက်ချသည်။

"ဒီမှာ သက်ထားအေး . . . မိုးမြင့်မောင်ဟာ နင့်ကို စွဲလမ်းခဲ့ရိုးမှန်ရင်တော့ သူ့ဘဝ ကံဆိုးမိုးမှောင်ကျတာပဲ၊ အေးလေ နင့်စိတ်ေ႔ွ ပြောင်းလာရင်တော့ သူ့အတွက် ကံကောင်းခြင်းပေါ့"

"ငါ သူနှင့်ပတ်သက်ပြီး တစ်ခုခုဖြစ်နေတာတော့ သေချာတယ်ဟ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရင်တွေရဲ့လှုပ်ရှားမှုက အရင်လူတွေနဲ့ မတူတာတော့ အမှန်ပဲ"

"နင့်ကို သူချစ်ပါတယ်လို့ ဖွင့်ပြောရင် နင်ဘယ်လိုသဘောထားမလဲ . . . နင့်နှလုံးသားက သူ့ကို ချစ်တတ်ပါ့မလား"

"သူက ချစ်ပါတယ်လို့ ပြောရင်တော့ ငါ့ပါးစပ်က ပြန်ပြီးပြောဖို့ ဘာဝန်လေးစရာ ရှိလို့လဲဟ"

"ပါးစပ်က ပြန်ပြောဖို့ ဟုတ်လား . . . အဲဒီစကားကို ဟာမန်စကားလိုမျိုး ပြီးစလွယ်ပါးစပ်က ထွက်တာလို့ နင် အဓိပ္ပာယ်ယူမှာလား"

"ဟ စကားဆိုတာ ပါးစပ်ကမထွက်လို့ သူရောငါရော ဘယ်က ထွက်ရမှာလဲ"

"အေးလေ နင့်နှလုံးသားမှာ အချစ်မှ မရှိဘဲ"

ဒီစကားကိုတော့ မငြင်းချင်။ စိတ်လည်း မဝင်စားပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောလာမည့်စကားကို ပြန်ဖြေဖို့ အဖြေက ရှင်းနေသည်။ ပြီးတော့ ဒီစကားကလည်း သူမတို့နှစ်ဦးအတွက် ဘာမှအရေးမကြီး။ တကယ့်ကို အရေးကြီးပြီး နှစ်ဦးသဘောတူ ဆက်ဆံရေးကို ထိခိုက်စေမည်က ယောက်ျားတစ်ယောက်ရဲ့ ထိန်းမနိုင်သိမ်းမနိုင်တဲ့ ဗီဇအာသီသပါပဲ . . .။

❁ ❁ ❁

## ၁၀

ဒုတိယမြောက် သောကြာနေ့အတွက်တော့ သူနှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်စရာ မကြုံရပေ။

စနေနေ့သည်လည်း ခင်ဖြူနှင့်အတူ စာတွေကြည့်ရင်း ကုန်မြောက်ခဲ့သည်။ စနေနေ့ည အိပ်ရာဝင်ဖြစ်သွားသည်။

တနင်္ဂနွေနေ့နံနက် အနီးမှာတော့ သူ့အကြောင်း ခေါင်းထဲရောက်နေသည်။ ဒါဆို သူ့ကို သတိရသည်ပေါ့။

သူ့ကို တွေးမိသည်ဆိုသော စကားစုအစား အမောင့်ကို သတိရတယ်ဆိုသော စကားစုကို ပြောင်းလဲသုံးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမောင်သည် သူမအတွက် သတိရစရာဖြစ်လာသည်။

အမောင်နှင့်ပတ်သက်ပြီး ဝေါဟာရများကို ရွေးချယ်ခြင်းကြောင့်ပင် နံနက်ကိုးနာရီ ထိုးသွားသည်။ ခဏအကြာတွင် ဧည့်ခန်းဆီမှ မေမေ့ခေါ်သံကြားရသည်။

"သမီးရေ . . . ဖုန်း"

မေမေ့စကားအရ ဦးလူအောင်ဆီက ဖုန်းမဟုတ်တာ သေချာသည်။ ခင်ဖြူဆီကရော။ ခင်ဖြူဆက်စရာအကြောင်းက စဉ်းစားဆဲမှာပင် မေမေက ထပ်ပြောသည်။

"ယောက်ျားလေးအသံပဲကွ"

အမောင် . . .

အတွေးထဲမှာ အမောင်ပေါ်သည်။ ဖုန်းကိုကောက်ကိုင်လိုက်ပြီး အသံပြုလိုက်သည်နှင့် တစ်ဖက်စကားပြောခွက်မှအသံသည် နားစည်ကို လာရိုက်ခတ်သည်။

"သက်ထားလား"

ဖုန်းများစွာကို နားထောင်ဖူးပါလျက် အမောင်မေးသံသည် ဘာကြောင့် မောပန်းမှုတွေ ပါနေပါလိမ့်။

"အမောင့်ကို စောစောကပဲ သတိရနေသေးတာ"

စကားလုံးတစ်လုံးကို စတင်အသုံးပြုလိုက်သည်။



မေမေကတော့ ဖုန်းပြောဆိုသံကြောင့် တအံ့တသြဖြင့်
ှားစိုက်နေမည်ထင်၏။

"အမောင်လည်း သတိရလို့"

"ဟယ် . . . တူလိုက်တာနော်"

"သက်ထားကို အခုတွေ့ချင်တယ်"

"အခု"

"အင်း"

"အခုတော့ ချက်ချင်းဘယ်ရမလဲ၊ မိန်းကလေးဆိုတာ
ာတိရဦး အမောင်၊ နည်းနည်းတော့ အချိန်ပေး"

"ဆောရီး သက်ထား၊ အမောင်က မိန်းကလေးတွေနဲ့ သိပ်
ာက်ဆံဖူးတာ မဟုတ်တာ"

"ကဲပါ . . . တွေ့နေကျဆိုင်ကပဲ စောင့်နော် . . . နာရီ
ဝက်အတွင်း အရောက်လာခဲ့မယ်"

ဒီစကားကိုတော့ လေသံနှိမ့်ပြီး ပြောလိုက်သည်။

မေမေ မစပ်စုသေး၍ တော်သေးသည်။ အလုပ်များကို
ာာ မေမေဆက်လုပ်နေသောကြောင့် အခန်းသို့ မြန်မြန်ပြန်သည်။
ပြီးတော့ ပြင်ဆင်မှု . . .။

အချိန်တိုတိုနှင့် ကိစ္စများကို ပြီးပြတ်အောင်လုပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီလိုအလေသုံးဆယ်နိုင်သော ပြင်ဆင်မှုကို ပထမဆုံးပြုမိခြင်း . . .။

"သမီးရေ မောင်လူအောင်မျှား အပြန်လှည့်ဝင်မလား မသိဘူးနော်"

စောစောပြန်ခဲ့ဆိုသော အစီပွာယ်ရောက်သည့်စကားကို မေမေ ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ . . . သမီး မြန်မြန်တော့ ပြန်လာမှာပါ"

အထွက်ကောင်းအောင် မေမေ့ကို ဒီလိုပြောမှ ရမည်။

မဟုတ်ပါက မေမေနှင့်အနည်းငယ်တော့ အချေအတင်စကားပြောနေရဦးမည်။ ဒီအတွက် အချိန်ပေးလို့မဖြစ်။

အမောင့်ကို ပြောထားသည့်အတိုင်း တစ်နာရီအချိန်အတောအတွင်း ရောက်အောင်သွားမှ။

ဒီလောက်တော့ တစ်ခါမှ ပျာယာခတ်ခြင်း မရှိခဲ့ဖူးပေ။

အိမ်မှအထွက်တွင် မေမေ လှမ်းကြည့်သည်။ သူ့သမီးတစ်ယောက် ပျာယာခတ်နေမှုအတွက် အစီပွာယ်တွေ ကောက်ကျန်ခဲ့မည်မသိပေ။



ဆိုင်ရှေ့သို့ရောက်သောအခါ အမောင် ရောက်နှင့်နေသည်။ ဝတ်စားဆင်ယင်မှုနှင့်တကွ အမောင့်အပြုံးတို့သည် များစွာသစ်လွင်နေ၏။ ကောင်းကင်သည်လည်း ဒီနေ့အဖို့ ကြည်သာနေသည်။

"သက်ထားအတွက် မှာထားတာ . . . သက်ထား ဝင်းထဲချိုးဝင်ကတည်းက မှာထားနှင့်တာ"

"ဒါဆို အမောင် ဖွင့်ပေးပေါ့"

နားမလည်သလိုဖြင့် သူမကိုကြည့်သည်။

"ဒီလို သက်ထားရေ . . . အချို့က ကိုယ်တိုင်ဖွင့်ဖောက်တာမျိုးကို ကြိုက်တယ်ထင်လို့၊ ရွှံ့ရှာတာတော့ ဟုတ်မယ်မထင်ဘူး၊ သူများကိုင်တွယ်တာမျိုးကို မကြိုက်ဘူးထင်လို့၊ ဟိုတစ်ခါတည်းက အမောင်မှတ်ထားတာလေ . . . ဆိုင်က ဖွင့်ဖောက်ပေးမယ်လုပ်တာကို သက်ထားက တားတာလေ"

စကားပြောရင်းက သတ္တုကွင်းလေးကို အမောင်ဖွင့်ပေးသည်။

"ဒီဆိုင်ကယ်က"

အလှမ်းမကာမ်းတွင်ရပ်ထားသော ဆိုင်ကယ်လေးကို [illegible]

www.burmeseclassic.com

ညွန်ထိုးရင်း မေးလိုက်သည်။

"အမောင့်အစ်ကိုဝမ်းကွဲရဲ့ ဆိုင်ကယ်လေး . . . အမောင်တို့ တစ်နေရာရာကိုသွားရင် အလွယ်တကူ ဖြစ်အောင်လို့"

"ဟာ အတော်ပဲ . . . စာတွေကြည့်ရလွန်းလို့ စိတ်တွေလေးလံနေတာနဲ့ ဆိုင်ကယ်လျှောက်စီးရအောင်"

"အမောင်တောင် ပြောမလို့"

အမောင့်၏ လှုပ်ရှားမှုအားလုံးသည် သွက်လက်နေသည်ကို တွေ့ရသည်။ အကုန်အကျကိုပင် သူမ ရှင်းချိန်မရလိုက်ပေ။

ဆိုင်ကယ်ပေါ်သို့ရောက်ချိန်မှာတော့ အမောင်သတိပေးစကား ပြောသည်။

"သက်ထား ဆိုင်ကယ်စီးရဲပါတယ်နော် . . . တကယ်လို့ကြောက်ရင် အမောင့်ခါးကို ဖက်ထားနော်"

တကယ်တမ်းတော့ ဆိုင်ကယ်စီးရသည်ကို မကြောက်ပေ။ ဆိုင်ကယ်စီးရခြင်းကို ပို၍ပင် အရသာတွေ့သေးသည်။ အမောင့်ခါးကိုတော့ ထွက်ထွက်ချင်းကတည်းက စတင်ဖက်လာခဲ့သည်။



"အမောင် ရေမွှေးသုံးလာတာလား"

စတွေ့ကတည်းက သတိထားမိသည်။ အခုတော့ နှစ်ယောက်တွဲ ထိုင်မိသောအခါ အမောင့်ထံမှ ရနံ့ဆိုတာ သိသာသွားလေသည်။

"ဟုတ်တယ်လေ ရေမွှေးနံ့က မိန်းကလေးတွေရဲ့စိတ်ကို ပျော့ပြောင်းစေတယ်ဆိုတာနဲ့"

အမောင့်စကားသည် နားထဲတွင် တစ်မျိုးတော့ ဖြစ်သွားရသည်။ စကား၏အဓိပ္ပာယ်ကို မတွေးတော့ဘဲ ကိုလာကိုကာကိုကုန်စင်အောင် မော့ချလိုက်သည်။

"သက်ထား"

"ပြော"

"အမောင့်စိတ်တွေ တစ်မျိုးပဲ"

"ဘာဖြစ်နေလို့လဲ"

"ဒါ အမောင့်ဘဝမှာ ပထမဆုံး မိန်းကဠ

နီးနီးစပ်စပ်နေထိုင်မိခြင်းပဲ"

ခပ်ပြုံးပြုံးလေးလုပ်ပြီး ပြောစကားကို

သည်။ ယောကျ်ားတစ်ဦးရဲ့ ဣန္ဒြေပျက်ယွင်း

ရိုးအီနေသူအဖို့တော့ အမောင့်၏ အပြုမူတို့

လာ

ပြီး

ဘာ၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မနေပေ။

"သက်ထား . . . အမောင့်ကို ချစ်လား"

"ဟောတော့"

အာမေဋိတ်သံသည် ကျယ်လောင်သွားသည်။ ယောကျ်ားတစ်ယောက်၏မမေးအပ်သောမေးခြင်းကို ခံရသောအခါမှာတော့ တော်တော်လေး ထူးဆန်းမှု ဖြစ်သွားရသည်။

"အမောင်မေးတာကို ဖြေစမ်းပါ"

တကယ်တော့ ဒီစကားတွေက သိပ်များ အထက်စီးဆန်နေမည်လားမသိ။

"အမောင်ရော"

ပြန်လှန်မေးခွန်းထုတ်ခံရသောအခါ အမောင် ငြိမ်သက်သွားတော့သည်။ စောစောက ကိုင်တွယ်ထားသော အမောင့်လက်တို့သည်ပင် သူမပခုံးထက်မှ ချက်ချင်းဆိုသလို ရုပ်သိမ်းသွားသည်၊

"အမောင့်ရင်ထဲမှာရော ဘယ်လိုရှိလဲ"

ဒုတိယမြောက်မေးခွန်းကြောင့်ပင် အမောင်သတိပြန်ဝင်လာသည်လား မပြောတတ်၊ ရုတ်တရက်လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ပြန်ဖို့ပြောတော့သည်။

"အမောင်တို့ ပြန်ကြမှဖြစ်မယ် သက်ထား"



ထွက်ခွာရာနောက်ကို လိုက်ရသည်။ တကယ်တော့ ဒီအိမ်လေးမှာ နာရီဝက်ပြည့်အောင်ပင် စကားမပြောလိုက်ရဘဲ ပြန်ခဲ့ကြသည်။ တစ်ခါမှ ရင်ခုန်လှုပ်ရှားမှုမျိုး မကြုံဖူးသော ယောကျ်ားတစ်ယောက်သည် ဒီလိုပဲ စိတ်ကူးပေါက်ရာ လျှောက်လုပ်တတ်ကြောင်းကို ပထမဆုံး ကြုံတွေ့ရတော့သည်။

❀

အမောင်နှင့်တွေ့ဆုံခြင်းအကြောင်းကို တအံ့တဩဖြစ်အောင် ခင်ဖြူအား ပြန်ပြောမိသည်။ အမောင်နှင့် လမ်းခွဲခဲ့ပြီးချင်းတွင် သူမ စကားများသည် အထူးတဆန်းဟု ခင်ဖြူ မသတ်မှတ်နိုင်၍လား မသိ။

ခင်ဖြူ့အတွက်ကတော့ ရူပဗေဒညီမျှခြင်းကိုပင် စိတ်ဝင်တစား တွက်ချက်နေ၏။

"ဒီမှာ ခင်ဖြူ ငါပြောနေတဲ့လူကို အားနာပါဦး"

"ငါ နားထောင်နေသားပဲ"

"နင်နားထောင်တာကြီးကလဲ"

"နင်ကရော ရင်ထဲက မပါဘဲပြောနေတဲ့ စကားတွေပဲဟာ၊

www.burmeseclassic.com

www.burmeseclassic.com



ကြားနေရရင် ပြီးတာပဲ မဟုတ်လား၊ သက်ထားအေး မြန်မာစကားပုံ ရှိတယ်၊ ရောင်းသူနဲ့ဝယ်သူ အသံတူတယ်တဲ့"

"ငါ နားမရှင်းဘူး"

ခင်ဖြူက စာအုပ်ကိုပိတ်ပြီး သူမကို စေ့စေ့ကြည့်သည်၊

"နင် မိုးမြင့်အောင်ကို စိတ်ဝင်စားပြီး ဖန်တီးနေတာမှ မဟုတ်ဘဲ . . . ပတ်ဝန်းကျင်ကလူတွေ ပြောသလိုပေါ့ဟာ၊ သက်ထားအေးဆိုတဲ့ မိန်းမက ယောကျ်ားတစ်ယောက်လောက် အနားမှာမရှိဘဲ မနေတတ်တဲ့ မိန်းမပဲဥစ္စာ . . . ငါက ဒါကို အထူးအဆန်း ရင်ထဲမှာထားပြီး နားထောင် အကြံဉာဏ်ပေးဖို့ လိုပါ့မလား"

ခင်ဖြူ့စကားများကြောင့် ကြက်သေ သေသွားရသည်၊ ဒီစကားတွေက ခင်ဖြူပြောနေကျပဲ၊ အခုခါမှ ရင်ကို ဘာကြောင့် ထိခိုက်စေပါလိမ့်။

"ငါ သူ့ကို စိတ်ဝင်စားနေပြီလားဟင်"

"ဘာရယ်"

ခင်ဖြူက နားမရှင်းဟန်ဖြင့် မေးသည်။

"ငါ သူ့ကို စိတ်ဝင်စားနေပြီလား၊ ငါ့ကို နင်ဘယ်လို မြင်လဲ ခင်ဖြူ"

ကမန်းကတန်းပင် မျက်နှာချင်းဆိုင်ဖြစ်အောင် ခင်ဖြူ



ပြောင်းထိုင်လိုက်သည်။

"နင် ဒီစကားကို စိတ်ပါလက်ပါ ပြောတာပါနော်"

"ဟုတ်တယ် တစ်နည်းနည်းနဲ့တော့ ငါ့စိတ်တွေကို တစ်မျိုး ျိုး ဖြစ်စေတာအမှန်ပဲ . . . ပြီးတော့ ငါ သူ့ကို သံယောဇဉ် ဖြစ် ိနေပြီ ဟုတ်လား"

ခင်ဖြူထပ်မေးခြင်းကိုတော့ မဖြေဖြစ်တော့ပေ။ သူမ ကိုယ်တိုင်ကပင် ပြောခဲ့သောစကားများ ို ပြန်လည်စဉ်းစားနေ သောကြောင့် ဖြစ်၏။

"စာမေးပွဲနီးနေပြီဟာ၊ စာမေးပွဲပြီးရင်တော့ ဒီကိစ္စကို ုင် ပြတ်ပြတ်သားသား သိရမှာ ခင်ဖြူ"

"နင် မိုးမြင့်မောင်မေးခွန်းကို ပြန်ဖြေဖို့ အဆင်သင့်ဖြစ် နေပြီလား"

"ငါလည်း စဉ်းစားနေတာ မိန်းကလေးတစ်ယောက်ကို ျစ်ရဲ့လားလို့ သူက စတင်ပြီးမေးတယ်၊ သူ့ကို ပြန်မေးတော့ မဖြေ တ်တော့ဘူး"

"နင့်ကို မယုံကြည်တာလည်း ပါရင်ပါမှာပေါ့ . . . နင်က စဉ်သဖြင့် တွဲတတ်တဲ့သူမှ မဟုတ်ဘဲ"

ခင်ဖြူ့စကားလုံးတိုင်းသည် ကျေနပ်စရာ သိပ်မရှိလှပေ

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် တနင်္လာနေ့ဆိုတော့ မိုးမြင့်မောင်နဲ့ တွေ့ဦးမှာပေါ့၊ နင် မိုးမြင့်မောင်ကို အဖြေပေးမှာလား"

"ဘာကယ်လို့ သူ့ဘာပ်မေးဖြစ်ရင်တော့ ဖြေမယ်ဟာ၊ ဒါပေမဲ့ သူ့ကိုလည်း မနေ့က မေးခွန်းမျိုးပဲ ထပ်မေးရလိမ့်မယ်"

"နင်တို့ဟာက ကိုးလိုးကန့်လန့်ကြီးပါဟာ"

နောက်ဆုံးမှာတော့ စိတ်ပျက်သဖြင့် ခင်ဖြူ မှတ်ချက်ချသည်။

အခုလိုစကားရပ်တွေ ကြုံတွေ့နေရသည့် အဖြစ်ပျက်တွေကြောင့်ပင် ရင်ခုန်ခြင်းသည် ကြည်နူးနှစ်သက်စရာဟု ထင်နေမိသည်။

## ၂၂

တနင်္ဂနွေနေ့ ညဘက်များနှင့် တနင်္လာနေ့ မနက်ဦးပိုင်းဟာတော့ အမောင့်ကို ခေါင်းထဲမှ ခဏဖယ်ထားပြီး စာကြည့်ခြင်းကို ပြုမူရသည်။

သို့ပေမယ့် ဦးနှောက်ထူပူလာတိုင်း တစ်ချက် သတိကိုလွှတ်လိုက်သည်နှင့် အမောင့်အကြောင်းက ဝင်ရောက်လာသည်။

တနင်္လာနေ့ နံနက်ဆယ်နာရီခွဲ ကျောင်းသို့ထွက်လာချိန်ဟာတော့ ဇဝေဇဝါဖြစ်နေသော မေးခွန်းအတွက် အဖြေတိတိကျကျရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမြေမှာ အမောင့်ကို စိတ်ဝင်စားနေခြင်းပင် ဖြစ်သည်။ အမောင့်ကို စိတ်ဝင်စားခြင်းသည် အရင်ဖြစ်စဉ်များနှင့် လားလားမှ မဆိုင်။ အလိုအလျောက် အတွေးထဲမှာ အိပ်မက်ထဲမှာ အမောင့်အနားသို့ လာသည်။ ထိုထူးဆန်းသော စိတ်ဝင်စားခြင်းနှင့် သံယောဇဉ်သည် အဆက်အသွယ်မည်သို့ ရှိသည်ကိုတော့ မသိရသေးပေ။

အခုမှပင် . . . စကားလုံး၏ အနက်အဓိပ္ပာယ်ဝပ့်ကို ဖြစ်ရပ်များနှင့် နှိုင်းယှဉ်တွေးတတ်ခဲ့သည်။

"စိတ်ဝင်စားခြင်း" "သံယောဇဉ်" စသည့်ဝေါဟာရများကို ပါးစပ်မှ အလွယ်တကူပြောဆိုဖို့ ဝန်လေးတတ်သည်။ တစ်ချိန်တစ်ခါများက "ချစ်တယ်" ဟု အဖန်ဖန်ပြောခဲ့ခြင်းမှာလည်း အနက်အဓိပ္ပာယ် ကင်းမဲ့ခဲ့သည်လေ။

အမောင်ရှိရာသို့သွားသော ခြေလှမ်းတို့တွင် အတွေးတို့ တွယ်ငြိနေသည်။ မိုးရိပ်လေရိပ်ကပင် ရင်ကို လှုပ်ရှားစေသည်လား မသိ။ ဆိုင်ရှေ့သို့ရောက်ပြီး ထိုင်နေကျခုံလေးကို ပီပီသသ မြင်ရသောအခါ ခြေအစုံ ရပ်မိသားဖြစ်နေတော့သည်။

"အမောင်မှ မရှိဘဲ"

နှုတ်ထွက်စကားကိုပင် ယောင်ပြီး ပြောဖြစ်သည်။



ဆိုင်ရှေ့တွင် တွေတွေလေး ရပ်နေခြင်းကြောင့် အားလုံး၏ အကြည့်သည် တစ်မျိုးဖြစ်နေသည်။

လှုပ်ရှားမှုကို မဖြစ်မနေ စတင်ရသောကြောင့်ပင် ခြေလှမ်းတို့ပင် မသွက်လက်ချင်။

"အစ်မ ကိုကာကိုလာပဲနော်"

ဆိုင်အလုပ်သမားလေးသည် မှာကြားမည့်အရာကို သိနေသည်။ တကယ်လို့ နှစ်ယောက်သာလာပါက လက်ဖက်ရည်တစ်ခွက်ကိုပါ ထည့်ပြောမှာ သေချာသည်။

"အေး"

အသက်မပါသော နှုတ်ထွက်စကား . . .

လှုပ်ရှားမှုတစ်ခု၊ စကားတစ်ခွန်းတိုင်းကို အရင့်အရင်က သရုပ်မခွဲဖူးခဲ့ပေ။

ဒီအလုပ်တွေက ခင်ဖြူတို့လိုလူတွေအလုပ်ဟု မှတ်ခဲ့သည်။ ါဆိုရင် အရင့်အရင်က သူမ ပြုကျင့်သမျှတို့သည် . . .

"တစ်နာရီထိုးတော့မယ်ဟေ့၊ ထမင်းစားဖို့ လုပ်ကြဦး"

ဆိုင်ရှင်ဖြစ်ဟန်တူသောလူက ဆော်သြလိုက်သည်။

တစ်နာရီဆိုတဲ့အချိန်တောင် ရောက်ရှိခဲ့ပြီ။ အမောင်က ာယ်နေရာ ဘယ်ဒေသမှာ ရှိနေမည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်အောက်မှာရှိနေတဲ့ သည်ဆိုင်လေးမှာ သူမ စောင့်ဆိုင်းနေမှုကို မသိရှာလား။

တစ်နာရီခွဲသောအခါ ဒီနေ့အဖို့ မလာတော့မှန်း သိသွားပြီ။ ပြီးတော့ ဆိုင်တစ်ဆိုင်တွင် နေ့လယ်ဆယ့်တစ်နာရီကတည်းက ထိုင်နေခဲ့ခြင်း . . . ။

ကျသင့်ငွေများကို ရှင်းပြီးသော်လည်း ခြေလှမ်းတို့က ခင်ဖြူရှိနေမည့် နေရာသို့ မသွားဖြစ်သေး။

အမောင်ရှိရာ တောင်ငူဆောင်သို့ ဦးတည်တော့သည်။

အမောင်တို့ စာသင်ခန်းကလည်း လူသူကင်းမဲ့စွာ ဆိတ်ငြိမ်သည်။ ပတ်ဝန်းကျင်သည် အခုမှပင် တိတ်ဆိတ်နေရှာလား၊ တကယ်တော့ စာမေးပွဲတွေ ဖြေခါနီးရက်မျိုးတွင် ကျောင်းသူ ကျောင်းသား ကျဲပါးတတ်သည်။ မျက်နှာချင်းဆိုင်မှလာသော ဆရာမတစ်ယောက်ကို အရိုအသေပေးပြီး စုံစမ်းလိုက်သည်။

"စာမေးပွဲတွေ စတော့မှာမို့ မဟာတန်းတွေကို ကျောင်းပိတ်ပေးထားတယ်လေ . . . စာမေးပွဲတွေအားလုံးပြီးမှ ပြန်ဖွင့်မှာ"

မျှော်လင့်ချက်မဲ့သော စကား။

မျှော်လင့်ခြင်းဆိုတာ အခုခါမှ သူမဆီသို့ အတောင်ပေါက်ပျံသန်းလာသည် မသိပေ။





သီချင်းတွေ၊ ကဗျာစာသားတွေထဲက မျှော်လင့်ခြင်း၏ အနက်ကို အခုခါမှာတော့ ရင်မှာ အစိပ္ပာယ်ဖော်နေသည်။

❀

"ဒီကိစ္စကို အမောင် ဘာလို့မပြောပါလိမ့်"

စာကြည့်တိုက်ရှေ့အရောက်မှာ စဉ်းစားမိသွားသည်။

အမောင် မရောက်ရှိခဲ့ခြင်း . . . ။

ပြီးတော့ အမောင်၏မေ့လျော့ခြင်း . . . အမောင်နှင့် ဒီနေ့တွေ့ဖို့ ခက်ခဲသွားပြီ။

"ဟော့ . . . သက်ထားအေး"

အသံရှင် . . . ။

လှည့်ကြည့်လိုက်တော့ ခင်ဖြူ ဖြစ်နေသည်။ သူမအတွက် ခင်ဖြူ ရှိနေသေးတာပဲ။

"နင် အတန်းသွားမလို့လား၊ အတန်းမှာ ဘယ်သူမှ ရှိနေမှာ မဟုတ်ဘူး၊ စာကြည့်တိုက်မှာ နင်ပဲချိန်းခဲ့တဲ့ဟာ"

ဘာကြောင့် ခင်ဖြူနှင့်ချိန်းဆိုမှုကို မေ့လျော့ပါလိမ့်။

အမောင်လည်း ဒီလိုမေ့လျော့တာ ဖြစ်ကောင်းဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးမြင့်မောင်က နင့်ကို ထပ်မေးသေးလား၊ ပြီးတော့ နင်ကရော အဖြေပေးလိုက်လား"

"အမောင်မလာဘူး ခင်ဖြူ"

ဒီစကားဆိုတော့ ခင်ဖြူ့မျက်နှာဆီ အကြည့်ရောက်မနေ။

"ဟုတ်လား"

ခင်ဖြူအနေနှင့်တော့ မထင်မှတ်သောစကားကို ကြားသလို ဖြစ်နေမည်လား။

"မိုးမြင့်မောင်က ဒီတိုင်းပဲ၊ ဒါသူ့အကျင့်လေ၊ သူ နင်နဲ့ ပတ်သက်ပြီး စဉ်းစားနေပြီနဲ့ တူတယ်"

ခင်ဖြူ့အပြောကို နားထောင်ရုံသက်သက် နေလိုက်ရသည်။ တကယ်လည်း သူမထံတွင် ပြောစရာစကားတို့ မရှိပေ။

"နင် သူ့ကို စိတ်ဝင်စားဖို့က အဓိကပါလေ၊ ဒါပေမဲ့နော် ဒီကိစ္စမှာတော့ နင် မိန်းမဆန်မှ ဖြစ်မယ်၊ သူမလာလည်း နေပေါ့၊ နင်က စတင်ပြီး သူ့ကိုတွေ့ဖို့ မလိုဘူး . . . နင့်အပေါ် သူ တကယ် သံယောဇဉ်ရှိတယ်ဆိုရင် သူလာမှာပါ၊ မိန်းမတစ်ယောက်ရဲ့ စောင့်ဆိုင်းမှုသဘာဝကို နင် လိုက်နာလိုက်ပါ"

"လောကကြီးမှာ နားလည်ရခက်တဲ့ လူတွေထဲမှာ မိုးမြင့်မောင်လို ယောကျ်ားလည်း ပါတယ်၊ မာယာများတာလား ဒါမှမ





ဟုတ် သူ့ရဲ့လူတွေအပေါ် တုံ့ပြန်မှုက မှုမမှန်တာလားတော့ မသိဘူးနော်၊ တစ်ချိန်က . . . အဲ . . . မဝေးခဲ့တဲ့ အချိန်တွေတုန်းက အထိ အဲဒီလိုလူစားမျိုးထဲမှာ နင်လည်း ပါဝင်သေးတာပဲ"

"သက်ထားအေးရေ . . . လူတစ်ယောက်ရဲ့ သံယောဇဉ်ကြိုးတွေ လှုပ်နိုးလာချိန်ဟာ တကယ်တော့ ပင်ပန်းဆုံးပဲ၊ မိုးမြင့်မောင်လည်း အခုချိန်ဆို ပင်ပန်းနေမယ်"

ခင်ဖြူ့စကားတွေကို ငြိမ်သက်စွာနားထောင်ခြင်းသည် ဘာကြောင့်ပါလဲ၊ အခုခါမှာတော့ ခေါင်းထဲတွင် မေးခွန်းပေါင်းများစွာ ရှိနေသည်။

"ခင်ဖြူ လောကကြီးမှာ မေးခွန်းတွေက တော်တော်များတာနော်"

"ဟုတ်တယ်၊ မရှိခြင်း မသိခြင်းတွေနဲ့ ပြည့်နေတဲ့ ဒီလောကမှာ မေးခွန်းတွေက အဆင်သင့်ရှိနေမယ်၊ သက်ထားအေးရေ . . . မကြာခင်ရက်မှာပဲ မေးခွန်းတွေကို ဖြေဆိုရဦးမယ်"

"နင် အားလုံး အဆင်သင့်ဖြစ်နေပြီပေါ့နော်"

"အေး နင်ရော သက်ထားအေး"

"ငါစာမေးပွဲကိုတော့ အောင်အောင် ဖြေနိုင်မှာပါ"

စာမေးပွဲဆိုသော အသိကြောင့်ပင် စကားဝိုင်းသို့



www.burmeseclassic.com

www.burmeseclassic.com



လည်သက်ဝင်လာသည်။

"ဒီစာမေးပွဲက ကျောင်းနဲ့တို့ကို အဆက်ဖြတ်မယ့်စာမေးပွဲပဲ၊ ငါလည်း ဒီနှစ်အောင်မှာပါ။ ဒါပေမဲ့ ကျောင်းနဲ့တော့ ဝေးပြီ"

မဆီမဆိုင် ဘွဲ့နှင်းသဘင်ကို လှမ်းကြည့်ရင်း ဝမ်းနည်းဖြစ်လိုက်သေးသည်။

"နင်သာ မပြောဖြစ်ရင် စာမေးပွဲပြေးပြီးတဲ့အထိ ဒီတိုင်းပဲနေမှာ၊ အခုတော့"

"ဘာလဲ နင်ခံစားတတ်ပြီပေါ့ သက်ထားအေး၊ ဒါပေမဲ့ နော် အရင်အချိုးမျိုးတော့ မရဘူး၊ ငါပြောသလို သူ့အလာကို နင်က စောင့်ရမယ်၊ ဘာဖြားယောင်းမှုမျိုးမှ မပါတဲ့ စွဲလမ်းခြင်းမျိုးမှ အရှည်တည်မှာ နင်သိလား"

"ဒါပေမဲ့ သောကြာနေ့ကိုတော့ ဆယ့်တစ်နာရီ ငါ လာရလိမ့်မယ် ခင်ဖြူ"

ခင်ဖြူနှင့် လမ်းခွဲပြီး အိမ်ပြန်သည်။ နောက်နေ့တွေဆို ခင်ဖြူရော သူမပါ ကျောင်းမလာဘဲ ခင်ဖြူ့အိမ်တွင်ဆုံပြီး စာကြည့်ရန်ဖြစ်သည်။ ရှေ့လာမယ့် တနင်္လာနေ့ဆို စာမေးပွဲများ စတင်ဖြေဆိုရတော့မည်။

❀ ❀ ❀

## ၂၂

စာမေးပွဲသာ ရှိမနေပါက ဒီရက်ပိုင်းတွေသည် တော်တော် အနေခက်မှာ သေချာသည်။ စာကြည့်ခြင်း ရပ်ဆိုင်းလိုက်သည်နှင့် အမောင့်အကြောင်းက ခေါင်းထဲဝင်လာသည်။

ထိုအခါတိုင်း ရင်၏ယောက်ယက်ခတ်မှုဖြင့် ဝမ်းနည်းပူပန်ရပြန်သည်။

အမောင်ကရော . . . သည်အတိုင်းဖြစ်နေပါ့မလား။ ဒီလိုးဟုတ်ဘဲ အချိန်တွေကို ပျော်ရွှင်စွာဖြင့် ကုန်ဆုံးစေမည် ထင်၏။

"မေမေ ခဏ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းတွင် ကျောက်ဈွားနှင့် အလုပ်လုပ်နေသော မေမေ့ကို လှမ်းအသံပြုလိုက်သည်၊

"ဘာလိုလို့လဲ သမီး၊ မောင်လူအောင်ကတောင် သမီး စာကြည့်ရင်း စားဖို့ မုန့်တွေ လာပို့မယ် ပြောတယ်"

"မေမေ့ကို မေးစရာရှိလို့"

"မေးလေ"

"မေမေ . . . ဖေဖေ့ကို သတိမရဘူးလား"

မေးလေ့မေးထ မရှိခြင်းကြောင့် မေမေ မျက်လုံးဝိုင်းသွားသည်။

"အော် . . . သမီးရယ် . . . ကိုယ်နဲ့ နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့တဲ့ သူပဲကွယ်"

"မေမေ ဖေဖေ့ကိုချစ်လား"

"သူ့ရဲ့ ဂရုစိုက်လွန်းမှုတွေက တစ်ခါတစ်ခါ စိတ်အနှောင့်အယှက် ဖြစ်တာကလွဲလို့ သူ့အပေါ် အချစ်မလျော့ခဲ့ပါဘူး"

"ဒါဆို ဖေဖေ့ကို မေမေ သည်းခံနိုင်တာ ချစ်လို့ပေါ့နော်"

ထပ်မေးသောမေးခွန်းကိုတော့ မေမေ တွေ့ဆိုင်းသွားသည်။

"သမီး ဘာအတွက် ဒါတွေကို မေးတာလဲ"

"လူနှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာအကြောင်းကို သိသင့်



သိထိုက်တယ် ထင်လို့"

သူမပါးစပ်မှ ထုးဆန်းသောစကားလုံးများကြောင့် မေမေ ဆက်လက် အံ့ဩသွားပြန်သည်။

"မဟုတ်မှလွဲရော . . . သမီးလေး စာကြည့်လွန်းပြီး ဘာတွေ စိတ်ထဲပေါက်နေပြီလဲ"

"လူနှစ်ယောက်အတွက် သည်းခံမှုတွေ၊ ရိုကျိုးမှုတွေနဲ့ အနေနိုးအောင်၊ ခင်တွယ်တတ်အောင် ပြုတတ်တဲ့ ချစ်ခြင်းမေတ္တာ အကြောင်းကို သိချင်လို့ပေါ့"

"ဒါနဲ့ ကောင်လေးတွေကို အပျော်ခင်မင်တာဆို . . . အိမ်ထောင်တစ်ခု ထူထောင်နိုင်မယ့်ယောကျ်ားမျိုးကို ရှာတွေ့မယ် မထင်ဘူးဆို သမီး . . . ကြည့်လည်း လုပ်ဦးနော် . . .

ကဲပါလေ . . . သမီး ဆက်ဆွေးနွေးချင်ရင် မောင်လူအောင် လာမှပြောတော့၊ မေမေတော့ အလုပ်တွေရှိသေးတယ်၊ ချစ်ခြင်းမေတ္တာဆိုတာ ပေါက်သည်ချပြီး တစ်ဆင့်ပြောပြအပ်တဲ့ အရာမဟုတ်ဘူး သမီးရဲ့၊ ကိုယ်တိုင်နားလည် သဘောပေါက်အပ်တဲ့ အရာ၊ လူတစ်ယောက်အတွက် အပြောင်းအလဲတွေ အများကြီးကို ဖြစ်စေတဲ့ သဘောသဘာဝလည်း ရှိတယ်"

မေမေက စကားကို သုတ်ခြေတင်ပြောရင်းက အနားမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားသည်။

မေမေ့ထံမှ ဖေဖေမနှင့်ပတ်သက်ပြီး ဆွေးမြေ့စကားရှည်ကြီးကို မကြားရပေ။ ဖေဖေမကလည်း ဖွဲ့နွဲ့ပြီး သူ့လွမ်းချင်းကို နားထောင်ချင်စဖွယ်ဖြစ်အောင် ပြောပြတတ်သည့် အလေ့အထ ရှိသူလည်း မဟုတ်။

ခဏကြာတော့ စာတွေဆီကို အာရုံပြန်ရောက်သွားရသည်။

ညနေစောင်းချိန်သည် တကယ်တော့ စာကြည့်ဖို့အလုပ်သိပ်မဖြစ်တော့ပေ . . . ရေမိုးချိုးခြင်း၊ အစားစားသောက်ရင်းဖြင့် ခဏ အချိန်ဖြုန်းလိုက်သည်။ အမှောင်စသည်နှင့် စာပြန်ကြည့်မည်ဟု တွက်ထားလိုက်သည်။

ထမင်းစားသောက်ပြီးသောအခါ သီချင်းနားထောင်ရင်းက အမောင့်အကြောင်းကို တွေးတောနေမိသည်။

"သမီးရေ မောင်လူအောင်လာတယ်"

အိမ်ရှေ့ဘက်ခန်းမှ အသံပေးလိုက်ခြင်းကြောင့် တက်



ဆက်ခလုပ်ကို နှိပ်လိုက်ပြီး အပြင်ထွက်ခဲ့သည်။

"သက်ထားအေး . . . စာကြည့်နေတာလား"

"မင်းညီမက တစ်နေကုန်စာကြည့်နေတာလေ . . . အခု ထမင်းစားပြီး ခဏနားနေတာ"

"ဒါဆိုရင်တော့ ပစ္စည်းတွေ ခဏထားပြီး ပြန်မှဖြစ်မှာ"

"နေဦး မောင်လူမောင်ရဲ့ . . . နေ့ခင်းက မင်းညီမက အစ်မကို မေးခွန်းတွေ မေးပြီးပြီ . . . မင်းကိုဆက်မေးဖို့ စောင့်နေတာနဲ့တူတယ်"

"ဟုတ်လား . . . သက်ထားအေး"

အချဉ်ထုပ်တစ်ထုပ်ကို ကိုက်ဖောက်လိုက်ရင်း ခေါင်းညိတ်ပြသည်။ မေမေမတာတော့ အနားမှ ထွက်ခွာသွားသည်။

"ကျောင်းစာတွေဆိုရင်တော့ ကိုယ်က အဆက်ပြတ်နေတာ ကြာနေလို့ ရမယ်မထင်တော့ဘူး"

"မဟုတ်ပါဘူး . . . ကျွန်မ သိချင်တာက ဦးလူအောင်ကြီးရင်ထဲက ချစ်ခြင်းမေတ္တာအကြောင်း"

စကားကြားကြားချင်းမှာ မေမေကဲ့သို့ပင် မျက်လုံးပိုင်းသွားပြန်သည်။

"ဒါကြောင့် အစ်မငြိမ်းအေးက ပြောတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ရဲ့ သံယောဇဉ်ဟာ အစ်မခင်မြဝင်းကြောင့် ပေါ့နော်. . . အစ်မခင်မြဝင်းအပေါ် စွဲလမ်းစိတ်ကြောင့် ကျွန်မတို့ သာမန်ထက် ပိုရင်းနှီးနေကြတာ"

ဦးလူအောင်ကြီး၏မျက်နှာသည် ခင်မြဝင်းဆိုသော အမည်နာမကြောင့် တစ်မျိုးတစ်မည်တော့ ဖြစ်သွားသည်။

"ခင်မြဝင်းဟာ သက်ထားအေးနဲ့ဆင်တယ် . . . ကိုယ့်ရင်ထဲမှာ သူနဲ့ပတ်သက်ပြီး ပရိဒေဝမီးတွေ တောက်လောင်ခဲ့တယ်၊ သူ့ရဲ့ ရုတ်တရက်သေဆုံးခြင်းက ကိုယ့်အတွက် ကမ္ဘာပျက်မှုပဲ . . . အလုပ်အကိုင်ထဲလည်း စိတ်မပါဘူး . . . အဲဒီမှာ အစ်မငြိမ်းအေးအပေါ် ကျေးဇူးနှစ်ခုရှိတယ်၊ ပထမကျေးဇူးက ကိုယ့်ရဲ့ စိတ်လေလွင့်မှုကို အများတွေလို အခွင့်ကောင်းမယူဘဲ တကယ့်စေတနာကောင်းနဲ့ လုပ်ပေးခဲ့တယ်၊ ပြီးတော့ ကိုယ့်စိတ်တွေ ပြန်လည်မတ်တည်လာဖို့ သက်ထားအေးကို မြင်တွေ့လိုက်ရခြင်းပဲ"

"အစ်မခင်မြဝင်းသေဆုံးမှုဟာ တကယ်တော့ ချစ်ခြင်းမေတ္တာကို ပိုပေါ်လွင်စေမယ် ထင်တယ်"

"ဒါပေမဲ့ကွယ် ဒီလိုကွေကွင်းမှုနှင့် သက်သေပြရမှာကိုတော့ သံယောဇဉ်ရှိသူတိုင်း ဘယ်လိုချင်ပါ့မလဲ၊ ခင်မြဝင်းလည်း မလိုချင်သလို ကိုယ်လည်း မလိုချင်ဘူး"



မေးစရာ စကားတစ်ခွန်းတိုင်းသည် စိတ်မကောင်းစရာတွေကို ပြန်လည်နှိုးဆွသည်နှင့် တူနေမည်ထင်၏။

"ဒါဆိုရင် ချစ်ခြင်းမေတ္တာမှာ သည်းခံမှုတွေ၊ ရိုကျိုးမှုတွေ၊ တွယ်တာမှုတွေအပြင် လွမ်းဆွတ်မှုတွေလည်း ပါဝင်မှာပေါ့နော်"

"ဒါပေါ့ . . . ဒုက္ခကို သံယောဇဉ်နဲ့နှောင်ရစ်ခြင်းလို့ ပြောမလားပဲ၊ သံယောဇဉ်တွယ်တာခြင်းအတူတူမှာ ချစ်ခြင်းမေတ္တာအတွက်ကျတော့ ပိုပြီးကြီးလေးတတ်ကြတယ်"

"ကျွန်မတော့လေ ချစ်ခြင်းမေတ္တာဟာ လူနှစ်ဦးအတွက် မမြင်မသိရသေးတဲ့ သီးခြားခံစားမှုတွေလည်း ဖြစ်ပေါ်စေမယ်ထင်တယ်"

ဦးလူအောင်ကြီးသည် မောပန်းသွားသည်လား မသိ။ ခေါင်းညိတ်သာ ပြရှာသည်။ ဦးလူအောင်ကြီးနှင့် တစ်နာရီလောက် စကားပြောလိုက်ရ၍ ကျေနပ်သွားသည်။ ချစ်ခြင်းမေတ္တာအကြောင်းသည် တဖြည်းဖြည်းနှင့် ရင်ထဲရောက်လာသည်။ အမောင်ရော ဒီအတိုင်းပဲ ရှိနေတွေးနေလျှင် ဘယ်လောက်ကောင်းလိုက်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၃၃

သောကြာနေ့မနက်စောစောကတည်းက အမောင်နှင့်တွေ့ချင်စိတ်တို့ ပေါ်ပေါက်နေခဲ့သည်။

ရူပဗေဒပုစ္ဆာများကို ပြန်လှန်တွက်နေရင်းနှင့် မနက်ခင်းပိုင်းကို အချိန်ဖြုန်းနေရသည်။

တနင်္လာနေ့တွင် ဖြေဆိုမည့် စာမေးပွဲကလည်း အသင့်အနေအထားကြိုနေသည်။

မနက်ကိုးနာရီထိုးသောအခါ စာကြည့်ခြင်းကို လုံးဝ ရပ်ဆိုင်းလိုက်ပြီး အပြင်ထွက်ရန် ပြင်ဆင်တော့သည်။

[illegible]

www.burmeseclassic.com

အပြင်ထွက်ရန် အဆင်သင့်ပြင်ဆင်ပြီးချိန် နံနက်ဆယ်နာရီတိတိတွင် အမောင့်ကို သတိရစိတ်သည် အလွန်အမင်းဖြစ်ပေါ်ခဲ့သည်။

"အမောင်နဲ့ ဒီနေ့တွေ့မှုဖြစ်မယ်"

နှုတ်မှပင် အသံထွက်ကာ မြည်တမ်းမိဖြစ်သေးသည်။ ကား၏သွားနှုန်းမှာ နှေးကွေးသည်ဟု အကြောင်းရှာ စိတ်စောရပြီ သည်။ ကားရပ်ပြီးသောအခါ မိုးရိပ်ကင်းသော နေရောင်အောက်တွင် ခြေလှမ်းသွက်သွက် လှမ်းသည်။

တကယ်တော့ သဏ္ဌာန်လှုပ်ရှားနေမှုထက်ပင် စိတ်က စောနေမိသည်။ စာတိုက်ရှေ့မှနေပြီး အားသောက်ဆိုင်တန်းရှိရာ ဖြတ်အတက်မှာပင် စိတ်ထဲမှာ တစ်ခုခုထင့်သွားသည်။

အစောပိုင်းစက္ကန့်များသည် စိတ်စောနေ၍ သတိမထား ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

လျှပ်တပြက် ဆုံးဖြတ်လိုက်သည်။

ဆိုင်လေးနှင့် တစ်စစ နီးလာလေ အမောင် လာမှလာပ့ မလားဆိုသော စိုးရိမ်စိတ်က ပိုလာလေဖြစ်သည်။

မျက်နှာသစ်ချိန်ကပင် တက်ကြွခဲ့သောစိတ်အစဉ်သည် ချက်ချင်းဆိုသလို တစ်မျိုးပြောင်းလဲသွားသည်။



နောက်ဘက်ဆီက ခြေသံကို သံသယမကင်း၍ လှည့်ကြည့်လိုက်သည်။

"အမောင်"

မိုးကောင်းကင်အောက်က၊ ပြီးတော့ သူမ မြင်လွှာတည့်တည့်မှာ အမောင်ရပ်နေခြင်းဖြစ်သည်။

ပြုံးလက်စနှင့် အကြည့်သည် ရင်ကို ဝမ်းမြောက်နွေးထွေးစေပြန်၏၊

"အမောင် လာတယ်နော်"

"လာရမှာပေါ့ . . . အမောင်တို့ချိန်းထားတဲ့ဥစ္စာ"

အပျော်သည် ရင်မှာအပြည့်။

အမောင့်လက်ကိုပင် ဆွဲပြီး ဆိုင်ထဲဝင်မိသည်။

"အမောင် . . . ဒီနေ့သက်ထားလည်း လက်ဖက်ရည် သောက်မယ်"

"တကယ်လား"

"တကယ်ပေါ့"

"ဒါဆို ဒီလိုလုပ်လေ . . . လောလောဆယ် ချိုဆိမ့်မှာ၊ သက်ထားသောက်ကြည့်၊ တစ်ဝက်ကျိုးရင် အမောင် အဲ့ကျရည် ထပ်ထည့်ခိုင်းမယ် . . . လက်ဖက်ရည်သောက်ဖို့ ကြိုးစားတဲ့လူက

www.burmeseclassic.com



ချိုဆိမ့်က စသောက်ရတာ သက်ထားရ . . ."

အမောင် လက်ဖက်ရည် မှာလိုက်သည်။

မေ့နေသည်ထင်၍ ဆိုင်ဖန်ထမ်းလေးက သတိပေးသောသည်။

ဒီနေ့အဖို့ ကိုကာကိုလာအချိုရည်တူးသည် မလိုအပ်တော့ပေ။ လက်ဖက်ရည်တစ်ခွက်ဖြင့် နှစ်ယောက်ကမ္ဘာ ဖန်တီးနိုင်နေပြီလေ။

သူမကိုယ်တာ ပြီးဆုံးသွားသောအခါ အမောင်က အကျရည် ထပ်ဖြည့်ခိုင်းသည်။ ခွက်ပြန်ချသောအခါ ပြည့်လုနီးပါး ပြန်ရ၏။

"ဒါ အမောင့်ကိုယ်တာနော်"

"သက်ထား လုမသောက်ပါဘူး အမောင်ရဲ့"

အမောင်လည်း ပျော်နေသည်။

ရွှင်လန်းသော စိတ်၊ ရွှင်လန်းသော ကိုယ်ဖြင့် အမောင့်ကို ကြည့်နေမိသည်။



ခဏကြာမှာတော့ အမောင်က မေးခွန်းထုတ်တော့သည်။

"အမောင် တနင်္လာနေ့က မလာတဲ့အကြောင်းကို သက်ထား မမေးတော့ဘူးလား"

"ဒီနေ့ လာပြီပဲ . . . ဘာမေးစရာ လိုသေးလဲ"

အမောင်က ခပ်တွေတွေလေး ငေးကြည့်သည်။ ပြီးမှ . . .

"ဒီနေ့ သက်ထားလာလိမ့်မယ်လို့တောင် အမောင်မထင်ဘူး။ အမောင် နေကြည့်သေးတယ်၊ နေမရတဲ့အဆုံးမို့ ဆယ်နာရီထိုးတော့ ထွက်လာတာ . . . ဆယ်နာရီမထိုးခင်အထိ အမောင်လာဖို့ မဆုံးဖြတ်သေးဘူး မလာဘူးလို့ပဲ စိတ်က တင်းခံထားတာ၊ ဆယ်နာရီထိုးတော့ အရမ်းသတိရပြီး ထလာခဲ့တာ"

"ဆယ်နာရီမှာ . . . ဟယ် . . . တိုက်ဆိုင်လိုက်တာ . . . သက်ထားလည်း အဲဒီအချိန်မှာ အမောင့်ကို အရမ်းသတိရတာ သိလား"

သတိရတာချင်း တိုက်ဆိုင်ပြန်တော့ ဝမ်းသာရသေးသည်။

အမောင်က ဂရုတစိုက်ရှိသည်ပဲ။

အနေစိမ်းသော အမောင်မဟုတ်။

"အမောင်လေ သက်ထားကိုဖြတ်မရအောင် သံယောဇဉ်ဖြစ်မိနေပြီ . . . အရင်ရက်တွေက သက်ထားနဲ့မတွေ့သင့်ဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်နေတာ . . . သံယောဇဉ်ဆိုတာကို အမောင် မတွေးချင်တော့ဘူး . . . သက်ထားနဲ့တွေ့မယ် . . . ပြီးတော့ အမောင်တို့ပျော်မယ်၊ ဒါပေမဲ့ သက်ထားတို့ စာမေးပွဲက နီးပြီ၊ စာမေးပွဲပြီးမှ အမောင်တို့ ပိုပြီး လွတ်လွတ်လပ်လပ် ပျော်ကြတာပေါ့"

"ကောင်းတယ် အမောင် . . . စာမေးပွဲပြီးတဲ့အခါမှာ ချစ်ခြင်းမေတ္တာအကြောင်း အမောင့်ကို ပြောပြမယ်"

"ချစ်ခြင်းမေတ္တာအကြောင်း"

"ဟုတ်တယ်လေ . . . အမောင်နဲ့သက်ထားတို့ရဲ့ ချစ်ခြင်းမေတ္တာအကြောင်း"

အမောင်သည် အဝေးသို့ကြည့်ပြီး စဉ်းစားနေပြန်သည်။ အမောင့်အတွေးထဲ ချစ်ခြင်းမေတ္တာအကြောင်းတွေ ပြည့်နှက်နေမည် ထင်သည်။

❀

ခုံနံပါတ်ချင်း တကွဲတပြားဖြစ်သောကြောင့် ခင်ဖြူနှင့် အခန်းခွဲနေကျသည်။

အမောင်သည် စာမေးပွဲခန်းသို့ ဖြေနေဆဲမှာပင် နေ့တိုင်း





လာကြည့်တတ်သည်။

အလာမှာလည်း အမောင်မရှိ။

စာမေးပွဲအပြန်တွင်လည်း အမောင် စောင့်မနေ၊ အနှောင့်အယှက်ဖြစ်မည်စိုး၍ ထင်သည်။

စာမေးပွဲ တတိယမြောက်နေ့မှာတော့ အမောင်နှင့် တစ်ခဏသာ စကားပြောဖြစ်သည်။ စာမေးပွဲနောက်ဆုံးနေ့တွင် လျှောက်လည်ကြဖို့ အမောင်ပြောသည်။

ဒီကိစ္စအတွက် ခင်ဖြူ့အကူအညီ လိုအပ်သည်လေ။

"ခင်ဖြူ"

"ဘာလဲ သက်ထားအေး"

"မနက်ဖြန် စာမေးပွဲပြီးပြီနော်"

အထူးအဆန်းလုပ်၍ ပြောခြင်းဟု အယူရှိပြီး ခင်ဖြူ မျက်စောင်းထိုးလိုက်သည်။

"နင့်ကို ပြောမလို့"

"ဘာကိစ္စလဲ"

"မနက်ဖြန် အမောင်နဲ့ လျှောက်သွားဖို့လေ၊ အိမ်ကိုတော့ နင်နဲ့လျှောက်သွားမှာလို့ ပြောထားတာ၊ အပြန်ကိုတော့ ကိုလှအောင်ကြီးကို လာကြိုမခိုင်းတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင် မိုးမြင့်မောင်ကို ဘယ်လောက်ထိ ဘွဲ့မှာတုန်း"

"မခွဲစတမ်း"

"အမယ် . . . မိန်းမနော် ငါက အတည်မေးတာ"

"ငါကလည်း အတည်ပြောတာပေါ့ ခင်ဖြူရ"

ခင်ဖြူ စကားသံတိတ်သွားပြီး စာအုပ်ကိုသာလှန်နေသည်။

"တစ်ခုတော့ရှိတယ်နော် ဒီပွဲဟာ နင့်ရဲ့ကျဆုံးမှု ဖြစ်ရင်ဖြစ် မဖြစ်ရင် မိုးမြင့်မောင်ရဲ့ ကျဆုံးမှုပဲ"

"ဘာကျဆုံးရမှာလဲ . . . ငါတို့နှစ်ယောက်က စစ်မက်ခင်းနေကြတာမှ မဟုတ်တာ . . . တကယ့်အနူးညံ့ဆုံးဖြစ်တဲ့ ချစ်ခြင်းမေတ္တာကို သက်ဝင်ယုံကြည်နေကြတာ"

"ကဲပါ . . . တော်ကြာ စာတွေမေ့ကုန်ဦးမယ်၊ နူးညံ့တာတွေ ပျော့ပြောင်းတာတွေ ခဏထား၊ မနက်ဖြန်ကြမှ နင်တို့ဘာသာ နူးညံ့ခြင်းကို တစ်နေ့လုံး စမ်းသပ်ပေတော့"

ပြောင်ချော်ချော်စကားဖြင့် ခင်ဖြူ စကားဝိုင်းကို အဆုံးသတ်လိုက်သည်။ မနက်ဖြန် အမောင်နှင့်သွားရမည်ကို ပုံဖော်ကြည့်သည်။ အတွေးထဲမှာတော့ အလွန်အလွန် ပျော်စရာကောင်းနေ၏။

❀ ❀ ❀

BURMESE CLASSIC .com

# ၂၃

မြင်ရသော ငမိုးရိပ်ချောင်းနံဘေး သစ်ပင်တွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်ပြားလေးနှင့် ကမ်းစပ်တွင်ရပ်ထားသော လှေသမ္ပန်ကိုသာ စိတ်ဝင်စားနေမိသည်။

"အမောင် ဟိုမှာ"

ဆိုင်းဘုတ်ပြားလေးကို ပြလိုက်သည်။

"သက်ထား ဟိုဘက်ကမ်းကူးပြီး ဘုရားသွားဖူးချင်လို့လား"

"အင်း . . . ဘုရားလည်း ဖူးချင်တယ်၊ လှေလည်း စီးချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်"

အရင်တစ်ခေါက်လာတုန်းက တစ်ဖက်ကမ်းရှိ ရွှေဟောင်းဘုရားကို ဖူးခွင့်မရပေ။ ထိုအခါက ငမိုးရိပ်ချောင်းသည် ဒီလောက်မကျယ်ဟု ထင်သည်။ ငမိုးရိပ်ချောင်းကို ဖြတ်ကူးရန် လူကြီးများက ခွင့်မပေး၍ လှေမစီးခဲ့ရခြင်းကို အမှတ်ရသည်။

"အမောင် ရှေ့က သွားမယ် . . . သက်ထားနောက်က ခါးဖက်လိုက်ခဲ့နော်"

ချောင်းအတွင်းသို့ဆင်းသော ဝါးလှေကားလေးသည် ယိုင်နဲ့နဲ့တော့ ရှိလှသည်။

"သက်ထားရေ . . . ဖြည်းဖြည်းတက်နော်"

လှေပေါ်သို့ ထိုင်မိသည်နှင့် စိတ်ကြည်နူးလွတ်လပ်မှု အပြည့်တော့ ရှိသည်။

"လူစောင့်ဦးမှာလား"

"သွားမယ် အစ်ကို"

နှစ်ယောက်တည်း ဖြတ်သန်းရမည်ဆိုသောအခါ ပို၍ပင် ကြည်နူးသေးသည်။

"သက်ထားဘဝမှာ ပထမဆုံး လှေစီးဖူးခြင်းပဲ"

ငမိုးရိပ်ချောင်းရေပြင်သည် စီးဆင်းနေသည်။



BURMESE CLASSIC .com



ရေစုန်ဖြစ်သောကြောင့် လှေခတ်သူကလေးမှာ သိပ်အားမစိုက်ပေ။

"ပတ်ကြည့်စမ်း သက်ထား"

လှေနံရံတွင် ရေးသားသည့် မေတ္တာလှေဆိုသော စာတန်းကို အမောင်ညွှန်ပြသည်။

"ချစ်ခြင်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ မေတ္တာလှေကိုစီးရင်း ဘုရားဖူးသွားကြမှာလေ အမောင်"

သိပ်မကြာခင်မှာပင် တစ်ဖက်ကမ်းရှိဘုရားသို့ ရောက်သည်။ လှေစီးသည့် ခရီးတာနှင့်အချိန်ကို အားရခြင်းမရှိသေးပေ။ အပြန်မှ လွတ်လွှင်လပ်လပ် စီးမည်ဟု တေးထားလိုက်သည်။

ကမ်းပေါ် တက်ပြီး မလှမ်းမကမ်းရှိ စေတီလေးကို အရင်ဖူးကြသည်။

"ရွှေဟောင်းရုပ်ပွားတော်က ဒီကျောင်းပေါ်မှာ ဒကာလေးတို့ရဲ့"

စေတီလေးကို တစ်ပတ်လည်ဖူးမျှော်ခြင်းသည် ခဏလေးနှင့် ပြီးဆုံးသွားသည်။ ယောင်ချာချာဖြင့် ရွှေဟောင်းအမှတ်အသားတစ်ခုခုကို နှစ်ယောက်သား ရှာကြည့်ဆဲမှာပင် ဦးပဉ္စင်းတစ်ပါးက ကျောင်းပေါ်မှ လှမ်းအသံပြုသည်။ ဒီလိုရုပ်ပွားတော်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



မမြင်မတွေ့ဖူးပေ။

ဘီလူးတစ်ကောင်၏ ထမ်းပိုးထားမှုအပေါ်တွင် ခံယယ်နေသော ရုပ်ပွားတော်။

"နောက်ဘက်ကိုလည်း ဝင်ဖူးကြဦး။ ဘီလူးကြီးကို ပီပီပြင်ပြင်တွေ့ရမှာ"

ရုပ်ပွားတော်၏ နောက်ဘက်မျက်နှာစာကိုကြည့်မှ ဘီလူးကြီး၏ တစ်ကိုယ်လုံးကို ဦးပဥ္စင်းပြောသလို ပီပီပြင်ပြင်တွေ့ရသည်၊ ရှေ့ကနေ ဖူးပါက ရုပ်ပွားတော်မှ ဘီလူးခေါင်းကိုသာ တွေ့ရသည်၊

ရုပ်ပွားတော်နှင့် ပတ်သက်သော လက်ကမ်းစာရွက်ငယ်ကို အမောင်ယူကြည့်ပြီး အသံထွက်ဖတ်လိုက်သည်။

"ယက္ခမာန်ချ ရန်အောင်မြင် ရုပ်ရှင်တော်မြတ် . . . ဒီလိုဆင်းတုရုပ်ပွားတော်မျိုး ဒီတစ်ခါပဲ ဖူးတွေ့ဖူးတာ၊ နှစ်ပေါင်း တော်တော်ကြာပြီနော်"

"စာထဲမှာပါတဲ့အတိုင်းပဲပေါ့ ဒကာလေး . . . နှစ်ပေါင်း ၈၀၀ ကျော်ခန့် ဟံသာဝတီခေတ်၊ အင်းဝခေတ်က လက်ရာမျိုးလို့ ရှေးဟောင်းသုတေသနက ခန့်မှန်းကြတယ်လေ၊ ဥက္ကလာပမင်းကြီးရဲ့ သားတော် သာမဏ (ခေါ်) ပုတ္တသာရလုလေးမင်းမြတ်က သက္ကရာဇ် ၁၅၄ ခုနှစ် ပြာသိုလပြည့်နေ့မှာ တည်ထားကိုးကွယ်ခဲ့တာပဲ"

ဦးပဥ္စင်းပြောပြချက်များသည် လက်ကမ်းစာအုပ်လေးတွင် ပါရှိသော အချက်များပင် ဖြစ်သည်။ ရုပ်ပွားတော်မြတ်၏ ထူးခြားချက်တွေကိုလည်း ရေးသားထားသေးသည်။

ခဏကြာသောအခါ အလှူငွေထည့်ဝင်ပြီး ကျောင်းပေါ်မှ ပြန်ဆင်းခဲ့သည်၊

လှေဆိပ်တွင် လှေသမ္ဗန်က အဆင်သင့်စောင့်နေသည်။

မလှမ်းမကမ်းတွင်ရှိသော တစ်ဖက်ကမ်းမှာ လူစည်ကားနေသလောက် ယက္ခမန်ချရုပ်ပွားတော်မှာတော့ လူပြတ်လပ်နေသည်၊

"မောင်လေးရေ လှေကြာကြာစီးချင်တယ်ကွယ်၊ ဝေးဝေးလှော်ပြီးမှ ပြန်သွားပေါ့နော် ပိုက်ဆံပိုပေးပါ့မယ်"

လှေပေါ် တက်တက်ချင်းမှာပင် တောင်းဆိုလိုက်သည်။

"အလာထက် ကြာကြာစီးရမှာပါ . . . အခုအပြန်က ရေဆန်လေ၊ ပြီးတော့ လေဆန်ကြီးလည်း ဖြစ်နေတယ်"

လှေခတ်သူလေး ရှင်းပြနေသည်ကို နှစ်ယောက်သား ကြားဖူးနားဝ ရှိသလိုလိုမြင့်သာ နားထောင်နေလိုက်သည်။

"အမောင် ယက္ခမာန်ချရုပ်ပွားတော်က်တော့ တပေ…



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုစရာကောင်းတာတော့ အမှန်ပဲ"

"အမောင်လည်း ဒီတစ်ခါ ပထမဆုံး တွေ့ဖူးခြင်းပဲ"

"ဒါပဲနော် ဆုတောင်းပြည့်တယ်ပြောတယ်၊ အမောင် ဘာဆုတောင်းလဲ၊ သက်ထားကတော့လေ အမောင်နဲ့သက်ထားတို့ ရဲ့ချစ်ခြင်းမေတ္တာတွေကို တိုင်တည်ပြီး ဆုတောင်းတာ သိလား"

အမောင်က ချေပြင်ကိုကြည့်ကာ စကားသံတိတ်နေသည်၊

"စာထဲမှာပါတာတော့ ဒီဘုရားကို ဖူးမြော်မိသူတွေဟာ ဝမ်းနည်းဝမ်းသာဖြစ်ပြီး မျက်ရည်ကျတယ်တဲ့ သက်ထားရော ဘာလို့ မျက်ရည်မကျတာလဲ"

အမောင်က နောက်သလိုလိုဖြင့် မေးလိုက်သည်။

"သက်ထားစိတ်ထဲမှာ ဖူးပြီး တစ်မျိုးဖြစ်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ မျက်ရည်ကျဖို့ ဘာလိုလဲ . . . အမောင်က သက်ထားရဲ့ ချစ်ခြင်းမေတ္တာတွေယူပြီး ထွက်သွားမှသာ သက်ထား မျက်ရည်ကျမှာ သိလား"

စကားပြောရင်း အမောင်မျက်နှာကို ဝေးကြည့်နေမိသည်၊ အမောင်ကတော့ ဘာမှ စိုးရိမ်မှုမဖြစ်သလို နေသည်။

လှေကို တဝကြီးစီးရ၍ ပျော်ရွှင်နေသည်ဆိုပေမယ့် စော စောက စကားပြောလိုက်တဲ့အချိန်မှာတော့ ရင်ထဲမှာ တစ်မျိုးဖြစ်



ရသည်။

မယ်လမုဘုရားမှ အထွက်တွင် လာလမ်းအတိုင်း မပြန်ဘဲ မြောက်ဥက္ကလာဘက်သို့ မောင်းနှင်သွားသည်။

ဒီနေ့အဖို့ကတော့ အမောင် ဘယ်သွားသွား ကန့်ကွက်စရာ မရှိပေ။

လမ်းမများ၊ လမ်းကွေ့များ အလီလီကို ဖြတ်သန်းပြီးသော အခါ ငမိုးရိပ်ချောင်းစပ်နားရှိ တည်ဆဲလက်စ မြို့ကွက်လေးတွင် ရပ်လိုက်သည်။

"အမောင် ရှေ့ကလှမ်းမြင်ရတဲ့ တံတားကြီးက"

"ကြိုးတံတားလေ သက်ထား . . . စောစောက အမောင် တို့ လှေစီးခဲ့တဲ့ ငမိုးရိပ်ချောင်းကို ဖြတ်ဆောက်ထားတဲ့ ကြိုးတံတား လေ၊ အပြန်ကျမှ ကြိုးတံတားပေါ်မှာ သက်ထားကို လမ်းလျှောက် ခိုင်းရဦးမယ်"

"အမောင်"

"ဘာလဲ သက်ထား"

"လူတွေက ပြောကြတယ်၊ သက်ထားနှုတ်ခမ်းက လှတယ် တဲ့၊ အမောင်ရော ဘယ်လိုမြင်လဲ"

ပြောလိုက်သောစကားကြောင့် အမောင် ကိုယ်တို့...

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အမောင် ပထမဆုံးပိုင်ဆိုင်ခွင့်မရတဲ့ သက်ထားနှုတ်ခမ်းကို စိတ်ဝင်မစားဘူး"

ကြားရသောစကားသည် ရင်ကို အံဆင်မပြေဖြစ်စေသည်၊ ဝမ်းနည်းမှုဆိုတာ တော်တော်ခံရခက်သည်ပဲ။

"သက်ထားအချစ်ကိုတော့ အမောင် ပထမဆုံး ပိုင်ခွင့်ရတာပါ"

"ဆောရီးကွယ် အမောင့်အတွက် စိတ်ဝင်စားစရာတွေ အများကြီးကျန်သေးတာပဲ"

ပြောပြောဆိုဆိုပင် အမောင် ပွေ့ဖက်လိုက်သည်။

အမောင့်နှုတ်ခမ်း၏ အနွေးဓာတ်သည် နဖူးပြင်ပေါ်သို့ ကျရောက်တော့သည်။ နွေးထွေးမှုကြောင့်ပင် ဝမ်းနည်းမှုသည် လွင့်ပျောက်သွားသည်လား မသိ။

"အမောင် ခဏကွယ်"

အမောင်ခံစရွားကို ထိုးဖွင့်ပေးရင်းက ပြောလိုက်သည်။

"ဘာလဲ သက်ထား"

"သက်ထားတို့ ချစ်ခြင်းမေတ္တာအကြောင်းလေ၊ အမောင် မမေးတော့ဘူးလား"





"ဒါဆို အမောင်မေးမယ် . . . သက်ထားအရင်ကလူတွေနဲ့ ဘာကြောင့် ခဏခဏ ကွဲခဲ့သလဲ . . . အမောင် သိချင်တယ်"

"ဟုတ်တယ် အမောင်ကို ပြောပြရမယ် . . . ဒါဆို သက်ထားဘာကိုပါပြောမှ ဒီလို ဆက်စပ်တွေးခေါ်ကြည့်မိတာ . . . ရက်ပိုင်းသာသာပဲ ရှိမှာပါ၊ အမောင်နားထောင်နော်၊ ကောင်းကောင်း တော့နေကွယ်နော်"

မျက်နှာကိုဆွဲခွာလိုက်ပြီး အမောင်ကို ချော့ရသည်။ ဒါမှလည်း အမောင့်ကို စကားကောင်းကောင်းပြောလို့ရမည်လေ . . .

"ကဲပါလေ . . . အမောင် နားထောင်ပေးရမှာပေါ့ . . . တစ်ခုတော့ ရှိတယ်နော်၊ နားထောင်ပြီးရင်သာ သက်ထားမငြင်းကြေး"

"စိတ်ချအမောင် . . . အခုလည်း အမောင့်ရင်ခွင်ထဲကနေပြီး သက်ထားအကြောင်းကို ပြောပြမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## ၂၅

အမောင် ပထမဆုံး သိထားရမှာက ဖေဖေဦးသက်ထူးပါ။ ...တော့ ဖေဖေရဲ့သံပတ်ပေးမှုအောက်မှာ သက်ထားနဲ့အတူ နေ...ိုင်ရတဲ့ မေမေ ဒေါ်ငြိမ်းအေးရယ်ပေါ့။

ဖေဖေက အောင်မြင်ကျော်ကြားမှုရနေတဲ့ ဗဟိုတရားရုံး ...ရှေ့နေကြီးတစ်ယောက်ပါ။

မေမေနဲ့ဖေဖေတို့ရဲ့ ပထမသန္ဓေဟာ မအောင်မြင်ဘူး။

ဒုတိယမြောက်သန္ဓေဖြစ်တဲ့ သက်ထားကတော့ အဖတ် ...င်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရဲ့စည်းကမ်းတွေ . . .

အမိန့်တွေကို စက်ရုပ်ဆန်ဆန်နာခံရင်း လူလားမြောက်ခဲ့ရတယ်။

“မိန်းမရေ . . . ကလေးကို တတ်နိုင်ရင် ကိုယ်နဲ့မကွာထားမှ၊ လမ်းလျှောက်စဆိုပြီး ပြီးစလွယ် လွှတ်မထားနဲ့နော်”

“ကိုရယ် . . . မြေကြီးပေါ်မှာ လွှတ်ထားဦးမှပေါ့ . . . ဒါကြောင့်လဲ သမီးလေးက လမ်းလျှောက်သင့်တဲ့အရွယ်ထက် ကျော်ပြီးမှ . . .”

“မင်း ဘာသိလဲ၊ လမ်းမလျှောက်ဘဲ မနေဘူး၊ အချိန်တန်ရင် လျှောက်မှာပဲ . . . ဒီမှာ မြေကြီးဆိုတာ ညစ်ပေတဲ့အရာ၊ ပိုးမွှားဆိုတာ အချိန်မရွေး ရှိနေနိုင်တာ၊ မင်းအလုပ်က ကလေးကို ဂရုစိုက်ဖို့ပဲ”

အဲဒီလို တစ်ဇွတ်ထိုးဆန်တဲ့အကျင့်က သက်ထားဆီမှာ အနည်းငယ် ပါသည်ထင်ရဲ့။

စိတ်ထဲမှာ မှန်တယ်ထင်ရာကို ပြောဆိုတတ်ခြင်းဟာ ရှေ့နေကောင်းတစ်ယောက်ရဲ့ ကျင့်ဝတ်ပဲလား မပြောတတ်ဘူး။

ဒါမှမဟုတ် အမှားနဲ့အမှန်ကို ရောထွေးနားလည်တတ်အောင် ပြုကျင့်နိုင်စွမ်းသူလား မပြောတတ်ဘူး။



နေ့တစ်နေ့ . . .

အဲဒီနေ့က သက်ထားစိတ်တွေ အတွေးတွေကို စပြီး အကျည်းတန်သွားစေတဲ့နေ့။

သိတဲ့အတိုင်းပဲလေ . . . သက်ထားက မေမေ့ကို နွဲ့ဆိုးဆိုးနေကျလူပေါ့။

အဲဒီနေ့က ဘယ်နည်းနဲ့မှ ဖေဖေ ပြန်မလာနိုင်ဘူးဆိုတာ မေမေသိသလို သက်ထားလည်း သိတယ်။

အမှုတစ်ခု စီရင်ချက်ချမယ့်နေ့လေ။

ဒီလို နေ့မျိုးတွေမှာ ဖေဖေ မိုးချုပ်မှ ပြန်လာတတ်တာ။

“မေမေ . . . သမီး တူးမာတို့နဲ့ ထုပ်ဆီးတိုးတမ်း ကစားချင်လို့”

“အေး . . အေး”

မေမေက ကြည်ကြည်ဖြူဖြူပဲ လိုက်လျောတယ်။

မေမေနဲ့ သက်ထားတို့တွက်ကိန်း မှားတာလား။ ဒါမှမဟုတ် ဖေဖေ့ရဲ့ ကြောက်စရာကောင်းတဲ့ စည်းမျဉ်းတွေအောက်ကို ကွန့်ပို့ခဲ့ရတာလား မပြောတတ်ဘူး . . .

ထုပ်ဆီးတိုးပွဲကလည်း အကြိတ်အနယ်ပါပဲ . . .

ဖေဖေရောက်လာတာကို လုံးလုံးမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



"လာစမ်း . . . တော်တော် ကမြင်းချင်တဲ့ဟာမ"

ဖေဖေ့နှုတ်မှ ပထမဆုံး ရင့်ရင့်သီးသီးထွက်သောစကား။

ပြီးတော့ ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦးကို မြေကြီးနဲ့ ခန္ဓာကိုယ် လွတ်သွားအောင် ဆံပင်ကို ရစ်သိမ်းပြီး ဆွဲမြှောက်ခေါ်ခဲ့တဲ့ဖြစ်ရပ် . . .

တုန်လှုပ်မှုကြောင့်လား မသိဘူး။

အဲဒီအခါက ဦးရေပြားတို့ဟာ နာရကောင်းမှန်းမသိခဲ့ဘူး။

"မင်း အလကားမိန်းမပဲ၊ ဒါ မိခင်ကောင်း တစ်ယောက်လား။

မိန်းကလေးမွေးပြီး ဒီလိုလမ်းမမှာ ပြီးစလွယ် လွှတ်ထားရသလား၊ ထမင်းချက်ဖို့လောက်ပဲ အသုံးကျတဲ့ မင်းဦးနှောက်နဲ့တော့ မဖြစ်ပါဘူးကွာ . . . ဒီနေ့ကစပြီး မင်းလက်ထဲမှာ သမီးကို မအပ်တော့ဘူး၊ နင်ကရော ငယ်ငယ်ရွယ်ရွယ်နဲ့ လမ်းလယ်ခေါင်မှာ ကမြင်းကြောထချင်တဲ့ မိန်းကလေး"

ဖေဖေရဲ့ ဒေါသူပုန်ထပြီး ကြိမ်းမောင်းရိုက်နှက်မှုကို နှစ်ယောက်သား ခံရအပြီးမှာတော့ မီးဖိုချောင်ထဲမှာ ကုပ်ပြီး ငိုခဲ့ကြတယ်။



မျက်ရည် . . .

ဟုတ်ပါရဲ့ . . . အဲဒီနေ့လောက် မျက်ရည်ကျမိတာ မရှိဘူး၊ ဝမ်းနည်းမိတာ မရှိဘူး။

❀

ဖေဖေထင်ထားသလို လောကကြီးဟာ စိတ်ချလောက်စရာ မရှိအောင် ပျက်ယွင်းနေလား မသိဘူး။

ဝန်းကျင်က မြင်ကွင်းတွေကြောင့် အမြင်သွေဖည်တာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ်ပါ။

ဖေဖေ့ဦးနှောက်ရဲ့ တွေးခေါ်ဆင်ခြင်မှုတရားတွေကို သက်ထားနဲ့ မေမေ ကောင်းကောင်းခံစားခဲ့ရတယ်။

အပေါင်းအသင်းနည်းဖို့ ပြုကျင့်တယ်။

ကျောင်းသွားကျောင်းပြန်ကို ကိုယ်တိုင်ကြိုပို့တယ်။ ကိုးတန်းနှစ်က ထင်ရဲ့။ ဘယ်သူ လက်ကမြင်းလိုက်မှန်းမသိတဲ့ စာတစ်စောင်ကြောင့် သက်ထားရဲ့ လွတ်လပ်မှုဟာ ပိုပြီး မျှော်လင့်စရာမရှိ ဖြစ်သွားတယ်။

အိမ်မှာဆိုရင် စိတ်ကူးယဉ်ဆန်တဲ့သီချင်းတွေ ဖွင့်မခိုင်း

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ ဗီဒီယိုကားတွေဆိုလည်း စွန့်စားခန်းတို့ စစ်ကားတွေ လောက်သာ ကြည့်ခွင့်ပြုတော့တယ်၊

သက်ထားစိတ်တွေ ဖောက်လွဲဖောက်ပြန် မဖြစ်အောင်လို့ တဲ့လေ . . . တကယ်တော့ ဖေဖေ့စည်းကမ်းကြန့်သတ်ချက်တွေ ကြောင့်သာ သက်ထားစိတ်တွေ ကစဉ့်ကလျား ဖြစ်ခဲ့ခြင်းပါ။

လူတစ်ယောက်ရဲ့ အတွေးအခေါ်နဲ့ စမ်းသပ်ခြင်းခံရတဲ့ ဘဝဟာ လုံးဝရေရာသေချာဖို့ အခွင့်အရေးနည်းပါးသွားမလားပဲ။

သက်ထားကို ဘာကြောင့် စိတ်အကျဉ်းချခဲ့ပါသလဲ . . .

"ဦးသက်ထူးရဲ့ သမီးဖြစ်ရတာ လူဖြစ်ရကျိုးနပ်တယ်"

"သူ့အဖေက သမီးကို အွန်ရှိုက်တာ"

"ဒီလိုအဖေမျိုးက ရှားတယ် သမီးမိန်းကလေးဆိုတာ ဒီလို ထိန်းသိမ်းနိုင်မှ"

ဖေဖေ့မိန်းမဘဝနဲ့ ဖေဖေ့သမီးဘဝကို ခိုးမွမ်းတဲ့လူတွေ ရဲ့ စိတ်ကူးယဉ်မှုလောက် ဒီလောကမှာ ရှုးသွပ်တာ ရှိဦးမလား။

အမောင်ရယ် . . .

ဒီလောက် ခြောက်ကပ်ကပ်နိုင်လှတဲ့ဘဝကို ဘယ်လိုလုပ် ပြီး နှစ်သက်ရမှာလဲ . . .

"မေမေ ဖေဖေ့ကိုထားပြီး ထွက်ပြေးကြရအောင်"



ဒီအကြံဉာဏ်ကို ဆယ့်ငါးနှစ်သမီးမှာ ပြောပြမိခဲ့တယ်၊ ဒါပေမဲ့ အချည်းနှီးပါပဲ။

"မင်းဖေဖေကို တစ်ယောက်တည်း ထားမသွားရက်ပါဘူး ကွယ်"

မေမေ့စကားကို အခုမှပဲ ကိုယ်ချင်းစာတတ်တော့တယ်။ ချစ်ခြင်းမေတ္တာဆိုတာ တစ်ဦးပာစ်ယောက်အတွက် အသက်ရှင်နေ ရခြင်းမျိုးပဲ မဟုတ်လား . . .

❀

သက်ထား ဆယ်တန်းဖြေပြီးမှာ စွန့်စားမှုတစ်ခု ပြုခဲ့ တယ်။ အဆိုးကျန်ဆန်ပြီး သံပတ်ရုပ်ဘဝက ကျွတ်ချင်လို့ပါ။ သက် ထားမှာ လူ့ပတ်ဝန်းကျင်အကြောင်းလည်း မသိရဘူး . . . ပြီးတော့ လူတွေရဲ့စရိုက် . . . ဒီမှာပဲ ပြဿနာ စ,တော့တာပဲ။

ဖေဖေ့ရဲ့အလုပ်သင်ရှေ့နေတစ်ယောက်ဟာ အိမ်ကို အဝင်အထွက် ရှိခဲ့တယ်။

သူ့နာမည်က ဝင်းကို။ သူက အခြေအနေကို ရိပ်စားမိ တယ်ထင်ရဲ့။ ရေလာမြောင်းပေးစကားမျိုးနဲ့ စည်းရုံးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သက်ထားအေးမှာ လွတ်လပ်ခွင့်တော့ ရှိရမယ် . . . ဒါ လူတစ်ယောက်ရဲ့ မွေးရာပါအခွင့်ရေးကို ကန့်သတ်ခံထားရမှု၊ ဒါ မတရားမှုတစ်ခုပဲ"

အောင်မြင်တဲ့ အသံပါပါကြီးနဲ့ ပြောပုံက အားကိုးချင်စရာ ပါ။ ယောကျ်ားဆိုတာကိုလည်း ရင်းရင်းနှီးနှီး မထိတွေ့ မဆက်ဆံ ဖူးဘူးလေ။

"မင်းဘဝလေးကို အစ်ကိုကြီး ကယ်နိုင်တယ်"

"ဘယ်လိုမျိုးနဲ့လဲဟင်"

"အစ်ကိုကြီးနဲ့ အတူနေဖို့ပေါ့၊ မင်းရသင့်တဲ့ လူတစ် ယောက်ရဲ့ လွတ်လပ်ခွင့်တွေ အပြည့်အဝရစေမယ်"

တစ်ခါက နှစ်ခါ . . . စကားတွေက ယုံကြည်ဖို့ကောင်းနေ တယ်။ သက်ထား ကံသီလိုပေါ့ . . . သက်ထားအကျင့်အတိုင်းပဲ မေမေ့ကိုတော့ သက်ထား ဒီဘဝထဲမှာ မထားချင်ဘူး။ မေမေနဲ့ တိုင်ပင်တယ်။

"မဖြစ်နိုင်ဘူး သမီး၊ ဒီလူ သမီးကိုညာတာ"

"ရှင်"

"ဟုတ်တယ် သူမှာ သားနဲ့မယားနဲ့၊ သမီးရဲ့အားနည်းချက် ကို သိသွားပြီး ဒီလူ ယုတ်မာတာပဲ"



မေမေဟာ ထိတ်ထိတ်ပျာပျာဖြစ်သွားပုံရတယ်။ ပြီးတော့ သက်ထားကို နှိုက်နှိုက်ချွတ်ချွတ် မေးတော့တယ်။

"သူ သမီးလက်ကိုကိုင်ရင်း စကားပြောတယ်၊ ပြီးတော့ သမီးပါးကိုလည်း ပြန်ခါနီးတိုင်း နမ်းသေးတယ်"

မေမေဟာ မိခင်ကောင်းတစ်ယောက်ပါ။

ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတွေကို နားလည်အောင် ရှင်း ပြတယ်။ အသိနုသေးတဲ့ လူငယ်ဆိုတာ နားဝင်လွယ်အောင် ရှင်းပြ ရင် လက်ခံနိုင်မယ့်သူတွေပါ။

"မိန်းကလေးဆိုတာ ဆင်ခြင်နိုင်မှ၊ မင်းအဖေ စိုးရိမ်တယ် ဆိုတာ ဒါမျိုးတွေလည်း ပါတယ်၊ ဒါပေမဲ့ မင်းအဖေက တစ်ယူသန် သမားကွဲ့"

"မိန်းကလေးဆိုတာ သူစိမ်းယောကျ်ားတွေရဲ့အလိုကို မလိုက်ရဘူး၊ ကိုယ့်ရဲ့အပျိုစင်ဘဝကို မဖောက်မပြန် ချစ်ခင်စုံမက် မယ့်သူအတွက် စောင့်ထိန်းရလိမ့်မယ်၊ အဲဒီအချိန်ခါဟာလည်း အပျိုစင်တစ်ဦးရဲ့ မင်္ဂလာဦးညမျိုးမှာပဲ ဖြစ်သင့်တယ်၊ ဒါမှလည်း မင်း သတို့သားရဲ့ ချစ်ခင်ယုံကြည်မှု အပြည့်အဝရမှာပေါ့၊ အခု ကိစ္စမှာ မေမေသာ အသိမဦးရင်လေ သူက . . ."

ကျန်တဲ့စကားတွေကိုတော့ သက်ထား နားမရှက်ရအောင်

www.burmeseclassic.com

www.burmeseclassic.com

အချိုသာဆုံး ရှင်းပြသည်။

မေမေ ပြောသလိုပဲ အမောင်။

သက်ထားနှုတ်ခမ်းကို အမောင်နောက်ဆုံးမှ ပိုင်ဆိုင်ခွင့် ရပေမယ့် သက်ထားရဲ့ အပျိုစင်ဘဝကိုတော့ အမောင် ပထမဆုံး ပိုင်ဆိုင်ခွင့်ရမှာပါ။

မေမေပြောတဲ့ သတို့သားက အမောင်ပါပဲ။

❀

အဲဒီအဖြစ်အပျက်တွေ ဖြစ်ပျက်ပြီး ရက်သိပ်မကွာပါဘူး။

ဖေဖေ ရုတ်တရက် သေဆုံးသွားတယ်။

သေဆုံးတဲ့အကြောင်းရင်းကတော့ ဦးနှောက်သွေးကြော ပြတ်တာလို့ ဆရာဝန်စစ်ချက်က ဆိုပါတယ်။

ဖေဖေဟာ အမှုတစ်ခုနဲ့ပတ်သက်ပြီး အဲဒီနေ့က ဒေါသ အလွန်အမင်း ဖြစ်နေခဲ့တယ်။

အိပ်ရာဝင်ခါနီးမှာ မူးတယ် . . . မူးတယ် . . . ဆိုပြီး အသက်ထွက်သွားခဲ့တာပဲ။

"ကိုသက်ထူးရယ် . . . ကျွန်မတို့ သားအမိကို ထားသွား



ပြီပေါ့ . . . အခုတော့ ရှင် စိတ်ချသွားနိုင်ပြီလား"

မေမေကတော့ ဖေဖေ့အလောင်းကို ကြည့်ပြီး ချုံးပွဲချငိုတယ်။ သက်ထားတော့ မျက်ရည်မကျဖြစ်ဘူး။

ဉပဒေတွေ ကန့်သတ်ချက်တွေဟာ သက်ထားတို့ သားအမိဆီကနေပြီး ဖေဖေ့နောက်ကို တစ်ပါတည်း ပါသွားခဲ့တယ်။

ဖေဖေနဲ့အတူတူရောပြီး သက်ထား သင်္ဂြိုဟ်ပစ်လိုက်တယ်ဆိုရင် အမောင် ရယ်ကောင်းရယ်မယ်။

သက်ထားဘဝရဲ့ လွတ်လပ်မှု။

သီချင်းတစ်ပုဒ်ကို ခပ်ပြင်းပြင်းလေး သီဆိုနိုင်မှု။

ပျော်ရွှင်စရာ၊ မော်ကြွားဂုဏ်ယူစရာတွေကို မက်မက်မောမောနဲ့ပဲ ထိတွေ့ခွင့် ရခဲ့တယ်။

အဲဒီကာလတွေဟာ တက္ကသိုလ်စတက်ရာကနေပြီး အမောင်နဲ့ စတွေ့တဲ့အထိပေါ့။

ဒါပေမဲ့ အမောင်။

တစ်ခါတစ်ခါမှာ ဖေဖေ့ရဲ့ အချို့အတွေးတွေဟာ မှန်နေမလား မသိဘူး။ သစ္စာတရားဆိုတာ လောကမှာ ပဒေသာပင်နဲ့ အတူတူရောပြီး ကွယ်ပျောက်သွားသလား မသိဘူး။

ရင်တွင်းခံစားမှုကို လျစ်လျူရှုတဲ့ခေတ် ရောက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရင်နဲ့ နှုတ်နဲ့က တခြားစီပဲ။ ဒါကြောင့် ဒီပတ်ဝန်းကျင် ဒီလူတွေကို ငြီးငွေ့ပြီ။ ဒီမှာတင်ပဲ သက်ထား အမောင့်ကို စတွေ့ ခဲ့တယ်။

တကယ်တော့ အမောင်ဟာ ကျွန်မနှလုံးသားရဲ့ အမှန် တရားတစ်ခုပါပဲ အမောင်။

၆

စကားတွေကို နားထောင်ရလွန်း၍ ထင်သည်။

အမောင့် အမူအရာတို့သည် အေးစက်နေ၏။ စောစော ကလောက် တက်ကြွခြင်း မရှိတော့ပေ။

"သက်ထားစကားပြောတာ ပြီးသွားပြီ အမောင်ရဲ့"

"သက်ထား"

"ပြော အမောင်"

"အမောင်တို့ ပြန်ကြရအောင် . . . စောစောကပြောခဲ့တဲ့ ကြိုးတံတားပေါ်မှာ လမ်းလျှောက်ရအောင် သွားကြစို့ သက်ထား"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် မှီခိုထားမှုကို အမောင်က ပင် စတင်ဖျက်လိုက်သည်၊ ပြီးတော့ သူ့ခလက်ကို ကမ်းခေါ်သည်။

"သက်ထားလည်း ဆာရောပေါ့ . . . အမောင်လည်း ဆာတယ်၊ ကြိုးတံတားထိပ်မှာ တစ်ခုခုစားတာပေါ့"

ကြိုးတံတားထိပ်နားရောက်သောအခါ အမောင်က လက်ကို အသာဆုပ်ကိုင်၏။

"မင်းဟာ အများကြီးမြတ်နိုးဖို့ကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ . . . ဒါပေမဲ့ ဒီကြိုးတံတားကြီးလိုပေါ့ . . . ပင်ကိုသဘာဝကိုက အခြေမခိုင်ခဲ့လေတော့ လျှောက်ရသူ့အဖို့မှာ လှုပ်ယဲ့ယဲ့တော့ ရှိဆဲပဲ . . . ကြည့်ပါလား ဟန်ချက်မထိန်းဘဲ လက်လွှတ်စပယ် လျှောက်လို့မရဘူး . . . သတိထားပြီး တထိတ်ထိတ်နေရတဲ့ အခြေအနေပဲ"

ပြုံးချင်ချင်တော့ ဖြစ်သွားရသည်၊

ဥပမာအပေးသည် အရမ်းကောင်းနေ၏။

သူမက ကြိုးတံတား . . .

အမောင်က လမ်းလျှောက်သူ . . .

ကြိုးတံတားရဲ့ သဘာဝအရ ပိုပြီးလှုပ်ယမ်းလေ လမ်းလျှောက်ဖို့ အခက်အခဲရှိလေပဲ။



ဟန်ချက်ထိန်းပြီး လျှောက်ရသည်မှာ ပျော်စရာတော့ တစ်မျိုးကောင်းသည်။

အောက်မှာ ငမိုးရိပ်ချောင်းရေပြင်ရှိသည်။

အမောင့်လက်ကို ချိတ်ဆွဲထားပြီး လျှောက်သည်။

"အမောင် တမင်လှုပ်ယမ်းပြီး မလျှောက်ရဘူးလို့ တားမြစ်ထားချက်မှာ ပါတယ်လေ၊ အမောင် ဘာလို့ ယိမ်းထိုးနေတာလဲ"

"သက်ထားကို နောက်ချင်လို့"

"သက်ထားက မကြောက်တတ်ပေါင်နော်"

အမောင်က တွဲချိတ်ထားမှုကိုတော့ အဖြုတ်မခံဘဲ ယိမ်းထိုးကာ နောက်သည်။

မကြောက်သည့်အဆုံး၌ အမောင် လက်လျှော့သွားသည်။

ဘာကြောက်စရာရှိလို့လဲ . . . ကြိုးတံတားပေါ်တွင် နှစ်ယောက်တည်း လျှောက်နေကြခြင်းမှ မဟုတ်ဘဲ။

ဖြတ်သွားဖြတ်လာများကတော့ သူမတို့စုံတွဲကို ကြည့်ကြည့်သွားကြသည်။ သူမတို့လို ကြိုးတံတားကို အပျော်ဖြတ်သန်းသူ ဘယ်နှစ်ယောက်ပါလေမည်လဲ။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ပျက်များကို ပြောပြနေခြင်းကို ခင်ဖြူ ခပ်ပြုံးပြုံးဖြင့် နားထောင်နေသည်။ သူမအဘွက် ရေနွေးကြမ်းနှင့် လဘက်သုတ်ကို အဆင်သင့်ချပေးထားသည်။ ဖြစ်ကြောင်းကုန်စင်ပြောပြီးသော အခါ ချက်ချင်းဆိုသလိုပင် ခင်ဖြူ မှတ်ချက်ချသည်။

"နင် ချစ်တတ်လာပြီ . . . အဲဒါ ဒသချာတယ်"

ခင်ဖြူ၏ မှတ်ချက်ချခြင်းကို ကျေနပ်သွားမိသည်။

"ဟုတ်တယ် အမောင့်ကိုချစ်တာ ငါ့ပါးစပ်က ပြောတာ ထက်တောင် ပိုဦးမယ်"

"ငါဝမ်းသာတယ် သက်ထားအေး . . . နင် တော့ာင်းလည်း အပြီး ချစ်သူလည်း သတ်သတ်မှတ်မှတ်ရသွားတာ၊ မိုးမြင့်မောင်နဲ့ နင်တို့ဟာ အတွဲညီမှာပါ"

"နင် မနာလို မဖြစ်ဘူးလား"

"မဖြစ်ပါနော် . . . ငါလည်း နင့်လိုပဲ ရှာမှာပင်တယ်"

ခင်ဖြူက နောက်သလိုဖြင့် ပြောသည်။

အင်းလေ . . . ခင်ဖြူ့အတွက်တော့ အဖော်ကူရှာပေးရ ဦးမည်ပေါ့။

"နင့်စိတ်တွေတော့ ဖောက်မသွားနဲ့နော် သက်ထားအေး"



"ငါ ရှုံးသွပ်သွားခဲ့ရင်ပေါ့ . . . အဲဒါလည်း မဖြစ်နိုင်ဘူး၊ သူ ငါ့အနားမှာ မရှိတဲ့အခါမျိုးမှာမှ ငါရှူးသွပ်သွားရင် သွားမှာ"

"နင် သူ့ကို လက်ထပ်မယ်ပေါ့"

"ငါနဲ့အမောင် တစ်သက်လုံးနေနိုင်ဖို့ နောက်ဆုံးမှာ လက်ထပ်ခြင်းကို ပြုရမှာပေါ့ ခင်ဖြူ"

"ဒီစကားအတွက်လည်း ငါ ထပ်ဝမ်းသာသွားပြန်ပြီ သက်ထားအေး"

ခင်ဖြူ့မျက်နှာသည် မင်္ဂလာများစွာ ရှိနေ၏။

အမောင်နှင့်ပတ်သက်ပြီး အမြဲလိုလို ခင်ဖြူရှိခဲ့သည်။

ခင်ဖြူ့ကို ယုံကြည်သည်။ အမောင်နှင့်သူမတို့၏ ချစ်ခြင်း မေတ္တာကို ခီးကျူးအားပေးသော ပထမဆုံးလူမှာ ခင်ဖြူပင် ဖြစ်သည်။

"ဒါနဲ့နော် သက်ထားအေး . . . ပတ်ဝန်းကျင်ရဲ့ ဂယက် ကတော့ မိုးမြင့်မောင်စိတ်ကို ကသိကအောက်တော့ ဖြစ်မှာပဲ၊ နင်နဲ့ ပတ်သက်ခဲ့သူတွေရဲ့ နှုတ်သွက်စကားတွေကို တော်တော်တော့ ခံနိုင်ရည် ရှိရမှာနော်"

"ငါ သူ့ကို ပြောပြပြီးသားပါ . . . ငါရဲ့အပျိုစင်ဘဝဟာ အမောင်ဆိုတဲ့ သတို့သားလက်ထဲမှာ ကျရောက်မယ်ဆိုတာကို၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



စကားကို အမောင်ယုံတယ်"

"နင် မိုးမြင့်မောင်နဲ့ ပထမဆုံးတွေ့သင့်တာ . . . အခု တော့ နင်ဇာပ်ခဲ့သမျှတွေက နင်တို့ကြားမှာတော့ စိတ်အနှောင့် အယှက် ဖြစ်စရာတွေပဲ"

သူမကတော့ ဒီလိုမတွေးမိ။ မိန်းမဆန်သော ယောကျ်ားတို့၏ နှုတ်ထွက်စကားကို အမောင်ယုံမည် မထင်။ အမောင့်ကို သူမ မညာမှန်း အမောင် သိသည်။ သူမနှင့် အမောင်တို့၏ ချစ်ခြင်း မေတ္တာသည် ကောလဟာလ အတင်းအဖျင်းကို ကြေပျက်စေနိုင်မှာ ပါလေ . . .

❀

အမောင်နှင့် နောက်ဆုံးတွေ့ဆုံပြီး သုံးရက်မြောက်သော နေ့လယ်ပိုင်းတွင် အမောင့်ထံမှ တယ်လီဖုန်းလာသည်။

အမောင့်ဖုန်းခေါ်သံသည် သူမ အနားမှာရှိသည်နှင့် တိုက်ရိုက်တိုးခဲ့သည်။

"သက်ထားအေးနဲ့ စကားပြောချင်လို့ပါ ခင်ဗျာ"

သတ္တုပြားလေးမှတစ်ဆင့် လာသောအသံသည် နှလုံးအိမ်



ကို ဖြတ်သန်းသွား၍လား မသိ . . . ရင်၏ကျေနပ်မှုနှင့်အတူ ဝမ်းမြောက်သွားရသည်။

"အမောင်"

လွမ်းဆွတ်စွာ ခေါ်ဆိုလိုက်သည်။

"သက်ထား"

အသံနှစ်ခု၏ အနေအထားများတွင် လွမ်းဆွတ်မှုတွေ ငြိတွယ်နေ၏။

"အမောင့်ကို သတိရနေတာ . . . အမောင်ရောဟင်၊ ပြီးတော့ သက်ထား လက်ဖက်ရည်သောက်ချင်တယ်"

"အမောင်လည်း တွေ့ချင်နေတယ် . . . အမောင်တို့အိမ်လေးကို သွားကြတာပေါ့ . . . လာမယ့်စနေနေ့မှာ ဆုံရအောင် . . . အခုရက်အတွင်းမှာ အလုပ်အင်တာဗျူးအတွက် အလုပ်ရှုပ် နေလို့ပါ"

"ကြာ နှစ်ရက်ကြီးတောင် စောင့်ရဦးမှာပေါ့"

"နှစ်ရက်ဆိုတာ ခဏလေးပါ"

"အကြာကြီးပါနော်၊ စက္ကန့်တွေ မိနစ်တွေနဲ့ ကွက်လိုက် ရင် တကယ့်အကြာကြီးပဲ"

အမောင့်ဘက်မှ သက်ပြင်းချသံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်ထားကို သတိရတယ်"

"အမောင်"

"ပြော သက်ထား"

"အမောင့်ကို ချစ်တယ်"

အမောင့်ဘက်မှ အသံအလာကို စောင့်သည်။

သက်ပြင်းတစ်ချက်ချသံမှအပ နှစ်ဘက်စလုံး ငြိမ်သက်နေသည်။

"အမောင် ကြားလား"

"အင်း"

"အမောင်ရော"

"သက်ထားလိုပါပဲ . . . ဖုန်းချလိုက်တော့မယ်နော်၊ ဖုန်းဆက်မယ့်သူတွေ စောင့်နေတယ် စနေနေ့ကျမှ ပြောကြတာပေါ့"

အမောင့်ဘက်မှ ဖုန်းချသံကို စိတ်ကြည်မလင်ဖြင့် နားထောင်နေသည်။ ဖုန်းကို ဆက်လက်ကိုင်ထားမိဆဲပင် . . .

အမောင့်ဘက်မှ ခဏကြာရင် ပြန်ဆက်မလားဟု ထင်မိပြန်သည်။ ဖုန်းချလိုက်ပြီး အနားမှာ ဆက်လက်ထိုင်မိသည်။

သူမသာ အမောင့်နေရာမှာရှိနေပါက ခဏအကြာတွင် ပြန်ဆက်မိမှာ သေချာသည်။ အမောင်က လွှတ်လွှတ်လပ်လပ်



နေရာမျိုးမှနေပြီး ဘာကြောင့် ရွေးမဆက်ပါလိမ့်ဟု အပြစ်တွေးတွေးမိသည်။

သူမတစ်ယောက်တည်း မတင်မကျဖြစ်ဆဲမှာ ညှော်ခန်းအတွင်းသို့ မေမေ ဝင်လာသည်။

www.burmeseclassic.com

# ၁၄

မျက်နှာချင်းဆိုင်ခုံတွင် မေမေ ထိုင်လိုက်သည်။ မေမေက သူမကို မျက်စိတစ်ဆုံး ကြည့်သည်။ ကီစွတစ်ခုခုနှင့် ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်လိုတိုင်း မေမေပြုမူနေကြဖြစ်သည်။

"သမီးနဲ့ အေးအေးဆေးဆေး တိုင်ပင်ချင်တယ်"

မေမေ့အကျင့်အတိုင်းပင် စကားပလ္လင်ခံလိုက်သေးသည်။

"သမီးက နောက်ဆုံးနှစ်ဖြေပြီးပြီဆိုတော့ ဘွဲ့ရတစ်ယောက်လို့တော့ သတ်မှတ်လို့ရပြီ . . . သမီး ဒီစာမေးပွဲကို ရှုံးနိမ့်စရာအကြောင်းလည်း ရှိမှာ မဟုတ်တော့ ပညာစုံပြီလို့ ပြောရမှာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ"

တစ်ခွန်းမျှ ဝင်ရောက်စွက်ဖက်ခြင်း မရှိသေး၍ စကားကို မေမေ ဆက်ပြောသည်၊

"ဒီလိုသမီး မေမေတို့မှာက အမေတစ်ခု သမီးတစ်ခုဆိုတာ သမီး အသိဆုံး၊ သမီးဆိုးနွံ့ခဲ့တာ သမီးစိတ်တိုင်းကျနေခဲ့တာတွေကို မေမေ မကန့်သတ်ခဲ့ဘူး . . . ဒါကြောင့်လည်း သမီးဖေဖေရဲ့ အသိုင်းအဝိုင်းက မေမေ့ကိုရော သမီးကိုပါ မေးငေါ့ကြတယ်၊ ဒါတွေကို မေမေလည်း ဂရုစိုက်လို့ ပြောတာ မဟုတ်ဘူး၊ မင်းဖေဖေ ဆုံးပြီးကတည်းက သမီးကို မေမေ သိထားတတ်ထားသရွေ့နဲ့ ရှာကျွေးခဲ့တယ်၊ ပစ္စည်းဥစ္စာ ကျန်ခဲ့ပါတယ်လို့ သူတို့ပြောကြပေမယ့် ထိုင်စားရင် ကုန်သွားမှာပေါ့. . . . အခုကတော့ကွာ . . . သမီးနဲ့ ပတ်သက်ပြီး သူတို့ပြောတဲ့စကားပဲ"

"ဘာလဲ မေမေ . . . သမီးက လင်ကောင်းသားကောင်းရဖို့ လွယ်မှာ မဟုတ်ဘူးဆိုတဲ့ စကားလား"

မေမေက မဲ့ပြုံးပြုံးကာ ခေါင်းညိတ်ပြသည်။

"သမီးက ဘာပဲဖြစ်နေနေ ဥပမာပြောတာနော် . . . သမီး ဘာမှ မပျက်စီးဘူးဆိုတာ မေမေ သိတယ်၊ ဒါပေမဲ့ မိခင်တစ်ယောက်အနေနဲ့ ဒီစကားကိုတော့ ခံပြင်းတယ်"





"မေမေရယ် ဂရုစိုက်စရာမှတ်လို့"

"ဒါတော့ ဒါပေါ့ကွယ် . . . အဲဒီစကားကိုတော့ အောင့်သီးအောင့်သက် နိုင်နိုင်နဲ့ ငုံ့ခံခဲ့ရတာပဲ . . . သမီးလုပ်ချင်တာနေချင်တာတွေကို မေမေ မကန့်ကွက်ခဲ့ဘူး၊ ဒီတစ်ခါ မေမေ့စိတ်ကြိုက် ရွေးချယ်ပေးမှုကို သမီးလက်ခံရလိမ့်မယ် . . . လင်ကောင်းသားကောင်းရမှာ မဟုတ်ဘူးဆိုတဲ့စကားကို ချေဖျက်တဲ့အနေနဲ့ပေါ့၊ သမီးကို မေမေ အိမ်ထောင်ချပေးချင်တယ်"

"ရှင်"

နောက်ဆုံးပိတ် ပြောချလိုက်သောစကားကြောင့် မျက်လုံးပြူးသွားရသည်။

"သမီးသဘောကျလည်း ဖြစ်မှာပါ၊ တခြားလူ မဟုတ်ဘူး သမီး၊ မောင်လူအောင်နဲ့ လက်ထပ်ပေးမှာ"

"ရှင်"

ဒုတိယမြောက် အာမေဍိတ်အသံသည် တော်တော်လေး တုန်ယင်မှုဖြစ်သွားသည်လား မသိ။ ပျာပျာသလဲပင် မေမေ မေးတော့၏။

"သမီး သဘောမကျလို့လား မောင်လူအောင်က မုဆိုးဖိုအိမ်ထောင်ကျပြီးသားဆိုပေမယ့် သူ့ခမျာ ဘယ်လောက်မှ ပေါင်းရ



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူး။ ပြီးတော့ အကုဋ္ဌေ်စာရိတ္တကောင်းတယ်၊ ငွေကြေးက မေမေတို့ထက် အဆပေါင်းများစွာ ရှိတဲ့သူ သမီး . . . သမီးရဲ့ အလိုကို လိုက်မှုကလည်း . . ."

"ဒီ . . . ဒီလိုပါ မေမေ"

အထစ်ထစ်အငေါ့ငေါ့ဖြင့် ကြားဖြတ်လိုက်သည်။ မေမေက ပြုံးခနဲ ရပ်လိုက်ပြီး သူမ, ပြောမည့်စကားကို စောင့်နေသည်။

"ဦးလူအောင်ကြီးကို မကြင်းကောင်းတာ မှန်ပါတယ်၊ ဦးလူအောင်မှာ သမီးအကြိုက် မတွေ့စရာ တစ်ခုမှ မရှိပါဘူး။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲသမီး"

"သမီး သူ့ကို ချစ်မှာ မဟုတ်ဘူး"

"ဒါများ အဆန်းလား သမီးရယ် . . . သမီးကရော ဘယ်သူ့ကို ချစ်ခဲ့ဖူးလို့လဲ၊ သမီးတွဲခဲ့တဲ့ကောင်လေးတွေကို သမီးနှစ်နှစ်ကာကာ ချစ်ခဲ့ဖူးလို့လား။ ခောင်လူအောင့်ပေါ် ရှိပြီးသားသံယောဇဉ်နဲ့ပဲ အချိန်တန်ရင် သမီးချစ်သွားမှာပါ"

သမီးအကြောင်းကို မေမေက ပိုင်နိုင်စွာပင် ပြောနေသည်။ လွန်ခဲ့သော အချိန်ကာလများကဆို မေမေ့စကားကို ပြန်လှန်ဆွေးနွေးခြင်း ပြုမနေဘဲ ခေါင်းညိတ်လက်ခံမိမှာ သေချာသည်။ အခုချိန်မှာတော့ ရင်ထဲမှာ အမောင်ရှိနှင့်ပြီးသား ဖြစ်နေပြီ



လေ . . . ဟုတ်သားပဲ။ ဒီအကြောင်းကို မေမေ့ကို ပြောမပြဖြစ်သေးပါလေ . . .။

"သမီးရဲ့ချစ်ခြင်းမေတ္တာကို သက်ဝင်လှုပ်ရှားစေမယ့်သူ ရှိနေပြီ မေမေ၊ အမောင်က သမီးရဲ့ အနီးကပ်ဆုံးမှာ နေမယ့်သူ၊ ပြီးတော့ သမီးရဲ့ ချစ်သူမေမေ"

"ဘယ်လို သမီး"

ဒီတစ်ခါတော့ ဂုဏ်ယူဝင့်ကြွားစွာ ပြောသူက သူမ ဖြစ်နေမည်။

မေမေ့အဖို့ကတော့ အံ့အားသင့်ခြင်းကို ဖြစ်စေသည်။

"သေချာရဲ့လား"

"သေချာတယ် မေမေ၊ အမောင်နဲ့သမီးတို့ရဲ့ ချစ်ခြင်းမေတ္တာဟာ သမီးရဲ့အဓိက အကျဆုံး တောင်းဆိုမှုပဲ"

"ဒုက္ခပဲကွယ် . . . သမီးဖေဖေဆုံးတော့ မေမေတို့လုပ်ငန်းက ခြောက်ချက်ခြောက်ချက်ပဲ၊ မောင်လူအောင်နဲ့ မေမေ ခင်တယ်ဆိုတာကလည်း မပြောပလောက်ဘူး၊ ဒီမှာတင် မောင်လူအောင်မှာ အပူသောကရောက်တယ် . . . သူများတကာတွေက ဒါကိုအခွင့်ကောင်းယူနေချိန်မှာ မေမေကတော့ ပုံမှန်အတိုင်းပဲ ရိုးရိုးသားသား ဆက်ဆံတယ်၊ ဒီမှာတင် မောင်လူအောင်က မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com



ယုံပြီး လုပ်ငန်းတိုးချဲ့ဖို့ကအစ ကူညီတယ်။ ပြီးတော့ သမီးအပေါ် မြင်မြင်ချင်းမှာပဲ တကယ်သံယောဇဉ်ရှိခဲ့တဲ့သူ၊ မောင်လူအောင်လည်း ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတာ၊ သူလည်း အိမ်ထောင်ပြုချင်ပြုမှာပဲ . . . သမီးနဲ့သာဆိုရင် အစစအရာရာ မေမေ အဆင်ပြေသွားမှာ"

မေမေက စီးပွားရေးဘက်မှ တွက်ပြပြန်သည်။ ဒါတွေကို မသိ၍မဟုတ်။ ပြီးတော့ ဦးလူအောင်ကို ခါးခါးသီးသီး ဖြစ်စရာအကြောင်းလည်း မရှိ။

သို့သော် ရင်ထဲတွင် အမောင်က ရှိနေသည်။ အခြားအရာများသည် သူမအတွက်တော့ အမောင့်လောက် ကြီးမားမှု ဖြစ်မနေ၊

"မေမေ သမီး တကယ်ပြောနေတာပါ၊ မေမေ စကားမလွန်သေးဘူးဆိုတာ သမီးသိတယ်၊ ပြီးတော့လေ . . . ဦးလူအောင်က ချစ်ခြင်းမေတ္တာကို သူလည်း အသိမှတ်ပြုမှာပါ၊ ပြီးတော့ ဦးလူအောင်ကြီး သမီးအပေါ်မှာ ထားတဲ့သံယောဇဉ်က ပတ်ဝန်းကျင်က ပြောကြသလို ဘာမှ မရောယှက်ဘူးလို့ ထင်တယ်"

"မေမေက မောင်လူအောင်ရဲ့ သံယောဇဉ်ကို မရိုးသားဘူးလို့ ပြောတာ မဟုတ်ဘူး၊ သမီးနဲ့မောင်လူအောင်ကို မေမေ ဖြစ်စေချင်တာလေ၊ ပြီးတော့ လင်ကောင်းသားကောင်းနဲ့ သမီးဘဝ



တင့်တင့်တယ်တယ်ဖြစ်အောင်"

"မေမေရယ် . . . သမီးမောင်ကလည်း ခေသူမဟုတ်ပါဘူး၊ အဲ့လွန်စာက်နေသူ တစ်ယောက်၊ မကြာခင်မှာ အရာရှိတစ်ယောက် ဖြစ်တော့မယ့်သူ၊ ပြီးတော့ စိတ်ထားမြင့်မြတ်ပြီး ရုပ်ရည်ချောမောသူတစ်ယောက်ပါ။ အမောင်ဟာ ယောကျ်ားကောင်းတစ်ယောက်ပါ မေမေ"

အမောင့်ကို ချီးမွမ်းပြလိုက်သည်မှာ လွန်များသွားသလားမပြောတတ်ပေ။ တကယ်တော့ သူမရင်ထဲတွင် ဒီထက်မက ပြောချင်သေးသည်။ မိဘနှင့်သားသမီးဆိုသော စည်းကြောင့်သာ စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောနေရခြင်း ဖြစ်သည်။

မေမေက အမိပွာယ်ပါပါကြည့်ရင်း သက်ပြင်းရှည်ချလိုက်သည်။

"ထဲပါလေ . . . သမီးဆန္ဒနဲ့ ကင်းလွတ်ပြီး မေမေ ဘယ်ကိစ္စမှ မလုပ်ခဲ့ဘူး၊ ဒါပေမဲ့ တစ်ခုတော့ ကတိတည်ရမယ် . . . သူကိုယ်တိုင်ပဲ သမီးကို လက်ထပ်ဖို့ မေမေ့ဆီမှာ ခွင့်တောင်းခိုင်းကအယ်လို့ တစ်ပတ်အတွင်းမှာ မဖြစ်ခဲ့ဘူးဆိုရင်တော့ မေမေ့ရဲ့ ပူလာအစီစဉ်တို သမီးငြင်းပယ်ဖို့ မကြိုးစားနဲ့တော့"

ထခုန်မိသေးလား မပြောတတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားမှုကို မေမေက ကြက်သေသေကာ ကြည့်နေသည်။

"တကယ်နော် မေမေ . . . အမောင့်ကို မေမေ့ဆီမှာ လာတောင်းဆိုခိုင်းမယ်နော်၊ မေမေ့ကတိအတိုင်းနော် . . . အမောင့်ကိုတွေ့ရင် မေမေ သားမက်အဖြစ် သဘောတူမှာ သေချာတယ်"

မိခင်ဖြစ်သူထံ ထသွားပြီး ပြေးဖက်ရင်း ပြောလိုက်သည်။

ပြီးတော့ မေမေ့ပါးပြင်နှစ်ပက်ကို အားပါးတရ နမ်းလိုက်၏။

၁၀

အမောင့်ဆီ အခုပင် ပြေးသွားချင်တော့သည်။ အမောင့်နေရပ်ကို မသိပြန်တော့ အလိုလို ဒေါသဖြစ်မိပြန်သည်။ ဒီလိုမှန်းသိခဲ့ပါက အမောင့်လိပ်စာကို အမိအရ မေးထားမိမှာပေါ့လေ။

ကြံရာမရဖြစ်နေဆဲမှာ အတွေးထဲသို့ ခင်ဖြူ ဝင်လာသည်။ ခင်ဖြူ့ဆီကို ချက်ချင်းထလာခဲ့သည်။

မေမေတာတော့ ထင်မည်။

အမောင့်ဆီကိုများ အခုချက်ချင်း ထသွားသလားလို့ပေါ့။ မေမေက အပြင်သွားခြင်းကို မေးမြန်းခြင်းမပြုဘဲ ဒီအတိုင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကျန်နေခဲ့၏။ စာမေးပွဲပြီးနေ၍ ခင်ဖြူကို ပမ်းမိပါ့မလား ဆိုသော စိုးရိမ်စိတ်ဖြင့် အိမ်ပေါ်လှမ်းတက်လိုက်သည်။

"ကြည့်စမ်း မိုးမြင့်မောင်အကြောင်း ဘာပြောစရာကျန်သေးလို့ လာတာတုန်း"

တွေ့တွေ့ချင်းမှာပင် ခင်ဖြူက ခရီးဦးကြို ပြုလိုက်သည်။

"ငါတို့နှစ်ယောက်အတွက် အရမ်းအရေးကြီးတဲ့စကား ပြောစရာရှိလို့ အပြေးလာခဲ့တာ၊ ပြီးတော့လည်း နင့်ဆီက သိချင်စရာရှိလို့"

မကြာမီက မေမေနှင့်ပြောဆိုခဲ့သောစကားများကို တင်လုံးမကျန် ပြောပြလိုက်သည်။

"ဒါ နင်နဲ့ မိုးမြင့်မောင်အတွက် မင်္ဂလာပဲ"

"ကဲ လုပ်စမ်းပါ . . . အမောင့်လိပ်စာ"

"ဟောတော့"

"နင်က ဘာဖြစ်တာလဲ"

"ငါလည်း မသိဘူး"

"ဒါနဲ့များဟယ် . . . နင့်အစ်ကိုရဲ့ သူငယ်ချင်းဆိုပြီးတော့ နင့်ရဲ့စိတ်ကူးယဉ်ဖြစ်တဲ့ ပထမဆုံးရည်းစားဆို"

လိုချင်ရာ မရသောအခါ ဒေါသသံပါပါဖြင့် ခင်ဖြူကို



ပြောဆိုလိုက်သည်။

"သူနဲ့ငါသိတာ ဟိုတုန်းကလေ၊ ပြီးတော့ ငါတို့ဆီက ပြောင်းသွားတာ ကြာပြီပဲ၊ သူတို့ပြောင်းသွားတဲ့နေရာ အတိအကျကိုတော့ နယ်က ငါ့အစ်ကိုတော့ သိမှာပဲ၊ တာမွေမှာ ဆိုလားပဲ"

"တာမွေမြို့နယ်ဆိုတာ အကျယ်ကြီးဟ၊ ငါက တစ်လမ်းဝင် တစ်လမ်းထွက် အော်ဟစ်ပြီးရှာရမှာလား"

စကားအဆုံးမှာ နှစ်ယောက်သား ရယ်ဖြစ်ကြသေးသည်။

"နင်တလည်း နှစ်ရက်လောက်တော့ စောင့်ပေါ့၊ အဒေါ်က အချိန်တစ်ပတ်တောင် ပေးထားတာပဲ၊ စနေနေ့တွေ့ပြီးတာနဲ့ မိုးမြင့်မောင်ကို အိမ်ပေါ် ခေါ်တင်ထားလိုက်တော့"

ခင်ဖြူ၏ အပြောင်စကားကြောင့် ကျောကုန်းကို လိုက်ထုသည်။ ခင်ဖြူက လွတ်အောင်ရှောင်သည်။ မလွတ်သည့်အဆုံးမှာတော့ ခင်ဖြူက ပယ်လိုက်သည်။ ခင်ဖြူ့ကျောကုန်းကို ခပ်ဖွဖွလေးတော့ ထုလိုက်၏။

"နေဦး သက်ထားအေး ငါအခုမှ သတိရလို့"

"ပြောစမ်းပါဦး"

"နင့်ဆီတာ တစ်သက်လုံးအတွက် ကတိတစ်ခုတောင်းရ
ဒ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်က ဟုတ်ကတော့ မပြောကြားနော်"

မျက်လုံးလေးပေကပ်ပြီး ခင်ဖြူကို ကြည့်မိသည်။

"ငါ့အတွက်ပါ"

ဒီတစ်ခါတော့ ခင်ဖြူနောက်နေတာ မဖြစ်နိုင်တော့ပေ

ခင်ဖြူ၏ အတည်တကျပြောသောစကားကိုတော့ သေ

သေချာချာ နားထောင်ဖို့လိုပြီ . . .

"ပြောမှာပြောစမ်းပါ ခင်ဖြူရာ"

"ဒီလိုပါ မိုးမြင့်မောင်လည်း ငါ့အဖြစ်ကို သိမှာမဟုတ်ဘူး

ဒီတော့ နင် ယောင်ပြီးလို့တောင် ငါ့အကြောင်းကို မပြောပြရ

နော်၊ နင်က ကတိပေးမလား"

ခင်ဖြူစကားက ဟုတ်တော့လည်း ဟုတ်နေသည်၊

ခင်ဖြူစိတ်တွင်းခံစားချက်များကို အမောင်သိလ

အကြောင်းထူးမှာ မဟုတ်ပေ။ အမောင်သိသွားပြီဆိုရင်တော့ ခင်

က မျက်နှာချင်း မဆိုင်တော့မှာ သေချာသည်၊

"ငါကတိပေးတယ် ခင်ဖြူ မိန်းမသားချင်းပဲဟာ ပြီးတော့

နင်က ငါ့အချစ်ဆုံးသူငယ်ချင်း။ နင် အကြောင်းမဲ့ သိက္ခာကျဆ

အတွက်တော့ ငါတစ်သက်လုံး မလုပ်ဘူး"

ခင်ဖြူသည် ကတိပေးစကားကို ကျေနပ်သွားပုံရသ



ဒီကတိစကားကိုတော့ ခင်ဖြူအတွက် ရဲရဲကြီးပေးရဲရမည်

ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## ၂၉

အမောင်နှင့်ချိန်းဆိုထားသော စနေနေ့နံနက်ခင်းသည် မျှားစွာ သာယာနေ၏၊ ရာသီကအစ သူမတို့နှစ်ယောက်ဘက်က ရှိနေသည်။ ဆုံနေကျ ဆိုင်လေးသို့ရောက်သောအခါ အမောင် ရောက်နှင့်နေသည်။ ထိုင်ခုံမှာ ထိုင်ထိုင်ချင်းတွင် ကိုလာကိုလာဘူး ကို အမောင် အဆင်သင့်ဖွင့်ပေး၏။

"သက်ထားကို ဝမ်းသာစကား ပြောရမယ်"

"ဟယ် . . . တိုက်ဆိုင်လိုက်တာ၊ သက်ထားကလည်း အမောင့်အတွက် ဝမ်းသာစကား ပါလာတာ၊ ဒါပေမဲ့ အမောင်ယူ

www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ ဝမ်းသာစကားကို ဒီဆိုင်မှာ အရင်ပြော၊ သက်ထားယူလာ တဲ့ ဝမ်းသာစကားကိုတော့ ငမိုးရိပ်ချောင်းမှာ လှေစီးရင်းနဲ့ ပြော ပြမယ်လေ"

"သက်ထားရေ အမောင် အရာရှိပေါက်စ ဖြစ်ပြီကွ၊ လာ မယ့် ကြာသပတေးနေ့မှာ အလုပ်စဝင်ရမှာ၊ သောကြာနေ့မှာတော့ ကျောင်းက သူငယ်ချင်းတွေကို တစ်ဝိုင်းပေးရဦးမယ်၊ သက်ထား အတွက်တော့ ဒီနေ့ စိတ်တိုင်းကျ တောင်းဆိုပေတော့"

"အမောင် ကျောင်းမတက်တော့ဘူးပေါ့"

"သောကြာနေ့ဟာ အမောင့်ရဲ့ ကျောင်းသားဘဝ နောက် ဆုံးနေ့ပဲ . . . အဲဒီနေ့ပဲ ကျောင်းသွားဖြစ်မှာ၊ ဒီကြားထဲ ရောက်ဖြ မယ် မထင်ဘူး၊ အလုပ်တွေ ရှုပ်နေမှာ"

အမောင့်အတွက် တကယ်ပင်ဝမ်းသာမိသည်။ ဝမ်းသာ ခြင်းကို ဆက်တိုက် အမောင်ခံစားချင်သည်။ သို့သော် အမောင် ဖြစ်နေသော ဝမ်းသာမှုကို လွတ်လွတ်လပ်လပ် ခံစားပါစေဦး . . . လှေစီးရင်းနဲ့ကျမှ မင်္ဂလာအကြောင်းကို ပြောပြမည်။

"သက်ထားယူလာခဲ့တဲ့ ဝမ်းသာစကားကို နားထောင်ပြ အမောင်တို့ ဒီနေရာက မြန်မြန်သွားရအောင်"

အမောင်၏ လှုပ်ရှားမှုတွေသည် ကလေးတစ်ယောက်လို



ပျော်မြူးပြီး တတ်ကြွနေသည်။

အမောင့်အပျော်သည် ရင်သို့ အလိုလိုကူးစက်၏။ ဆိုင် ကယ်နောက်မှထိုင်ရင်း အမောင့်ကို သိုင်းဖက်ထားမိသည်။ ဖြတ် သွားဖြတ်လာများကတော့ ကဲလွန်းသည်ဟု အထင်ရှိကြမည်။

❀

မိုးရိပ်လေရိပ်ကင်းကင်းဖြင့် မေတ္တာလှေကို စီးကြသည်။ လှေလှော်ခတ်သူကလေးက မှတ်မိနေပုံရသည်။

"ကျွန်တော် ခပ်ကြာကြာ လှေလှော်ပေးပြီးမှ ကမ်းကပ် ပေးမယ်နော်"

ကလေး၏အလိုက်သိတတ်မှုကို ကျေးဇူးတင်သွားမိသည်။

"သက်ထားယူလာတဲ့ ဝမ်းသာစကားဆိုတာ"

"အမောင် သက်ထားနား တိုးစမ်းပါ"

သူမတို့နှစ်ယောက်၏ အဖြစ်သည်းပုံကို လှေလှော်ခတ်သူ ကောင်လေးမှတစ်ပါး မည်သူမှ ကြည့်ရှုနေမည့်သူ ရှိမနေ။

"အမောင် ကြားချင်ပြီ"

အမောင်က အနားတိုးကပ်ပြီး ပခုံးကို ဖက်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အမောင့်ရင်ခွင်ထဲသို့ ခန္ဓာကိုယ်ကို တိုးဝင်လိုက်သည်။

"အမောင့် သက်ထားကို မိန်းမလို့ ခေါ်လိုက်စမ်းပါ"

လှေခတ်သူကလေး မမြင်အောင် ကိုယ်နှင့်ကွယ်ပြီး ပါးပြင်ကို နမ်းရန်ပြင်သော အမောင်လှုပ်ရှားမှုသည် တုံ့ဆိုင်းသွား၏။

"ဘာရယ် သက်ထား"

"သက်ထားဘဝ၊ သက်ထားနဲ့ဆိုင်သမျှ အားလုံးကို အမောင် ပိုင်ဆိုင်ခွင့်ရတော့မယ်လေ၊ အမောင်ကလည်း နားငေးလိုက်တာနော်"

အမောင်က ပြူးကြောင်ကြောင်မျက်လုံးများဖြင့် သူမမျက်နှာကို စေ့စပ်စွာ ကြည့်တော့သည်။

"အမောင် သက်ထားကို လက်ထပ်ရမယ်၊ အဲဒီအတွက် ဒီကအပြန် သက်ထားတို့အိမ်ကို အမောင် လိုက်ပို့ရမယ်၊ အဲဒီအခါမှာ အမောင့်အတွက် အလွန်ချစ်စရာကောင်းတဲ့ ယောက္ခမလောင်း သက်ထားမေမေက အိမ်က အိုးကြီးနေရှာမှာ"

"ဘာရယ်"

အမောင် ပြူးကြောင်ကြောင်နှင့် ဘာဖြစ်နေသည် မသိ၊ အမောင်က သူမခန္ဓာကိုယ်ကို ဆွဲလှည့်လိုက်သည်။

"မင်း ဘာတွေပြောနေတာလဲ သက်ထား"



"အမောင်နဲ့သက်ထားတို့ လက်ထပ်ဖို့ကိစ္စလေ . . . အမောင်နဲ့အတူ နေရအောင်လေ . . . အမောင့်ရင်ခွင်ထဲမှာ လွတ်လွတ်လပ်လပ် တိုးခွေ့ပြီး နေချင်ပြီ အမောင်"

လေသံကို အညင်သာဆုံးဖြစ်အောင်ပြုပြီး ပြောလိုက်သည်။

အမောင်က အံ့သြလွန်း၍ မျက်နှာတွေတောင် နီမြန်းနေ၏။ အမောင့်ခေါင်းကို တွင်တွင်ခါတော့သည်။

"မင်းက ချစ်ခြင်းမေတ္တာလေး ဘာလေးနဲ့ ကြီးကြီးကျယ်ကျယ် စကားတွေနဲ့ အယုံသွင်း ကျူးသွင်းပြီး ငါ့ကို ဖမ်းတာလား သက်ထား"

"ဘာရယ် . . . အမောင်"

အမောင် နောက်ပြောင်နေခြင်းလားဟု အစတော့ ထင်မိသည်။

ဒါပေမဲ့ကွယ် နောက်ဆက်တွဲစကားများကို အမောင် ပြောချလိုက်သောအခါ အရမ်းအံ့သြပြီး ဝမ်းနည်းသွားရတော့သည်။

"ဒီမှာသက်ထား . . . ကိုယ်ဟာ မိန်းမတွေနဲ့ ကင်းကင်းနေသူဆိုပြီး မင်း အပိုင်ကိုင်တွယ်တာလား၊ ပထမကတည်းက ရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သံသယတွေကို မင်း အိမ်လေးမှာ ပြောခဲ့တဲ့စကားတွေအရ ငါ မေ့ပျောက်ခဲ့တယ်၊ ပြီးတော့ မင်းကို ယုံခဲ့တယ်၊ အခုကြည့်စမ်း မင်း လက်ထပ်ဖို့ပြောပြီ၊ အဲဒီစကားက မင်းကစပြီး ပြောရမယ့် စကား မဟုတ်ဘူး၊ ယောကျ်ားလေးတစ်ယောက်က စပြီးခွင့်တောင်းရမယ့် စကား . . . ငါ့ဘက်က မစမချင်း မင်းအနေနဲ့ ဘာမှပြောဖို့ မလိုအပ်တဲ့ စကားပဲ၊ အခု မင်း ဒီစကားပြောတာ ငါ့ကို လျှော့တွက်တာ မင်းရဲ့ မူမမှန်မှုပဲ၊ ငါ့သံသယတွေဟာ ပြန်လည်နိုးကြွလာပြီ၊ မင်းနဲ့ ငါဟာ ဒီနေ့အထိ ဘာမှ မကျူးလွန်ကြသေးဘူး၊ တော်သေးတယ် မင်းကိုယုံပြီး ဒီနေ့လေ . . . အို . . ငါ့အတွက် ဘုရားမတာပဲ"

နားထဲသို့ ပြတ်သန်းသွားသော အသံများကြောင့် ကြက်သီးများပင် ဖြန်းဖြန်းထသွားတော့သည်။ ပါးပေါ်က ပူနွေးမှု . . . မျက်ရည်တို့ အလိုအလျောက် ဖြစ်ပေါ်စေခဲ့ပြီ။

ပြောင်းလဲသွားသော အခြေအနေနှင့် အသံဗလံများကြောင့် လှေခတ်သူကလေးမှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

ရေလယ်ခေါင်မှာ လှေသည် ရှေ့မတိုးနောက်မဆုတ်သာပဲ ရှိနေသည်။ အခေါ်အပြောကအစ ပြောင်းလဲပြီး စိမ်းကားလွန်းသည်။ မခံမရပ်နိုင်ဖြစ်ခြင်းကြောင့် အတန်ငယ်ငြိမ်သက်နေရ



သည်။

"ကျေးဇူးပြုပြီး အမောင့်ရဲ့ပြင်းထန်လွန်းတဲ့ စကားတွေကို ပြန်ရုပ်သိမ်းပေးပါကွယ်"

ဒီစကားကို မျက်ရည်နှင့် ပြောမိသည်။

အောက်ကျို့ခြင်းများစွာဖြင့် တောင်းဆိုမိခြင်းဖြစ်သည်။

"မရုပ်သိမ်းနိုင်ဘူး မင်း စဉ်းစားကြည့် . . . ငါ မင်းထင်သလောက် မအသေးဘူး၊ မင်းနဲ့ငါတွေ့တာ ရက်ပေါင်းသုံးဆယ့်ငါးရက်ပဲ ရှိသေးတယ်၊ အဲ . . . သမီးရည်းစားလို့ သတ်မှတ်ရတဲ့ရက်က ဘာကြာသေးလို့လဲ၊ အိမ်ထောင်တစ်ခုပြုတယ်ဆိုတာ မင်းတွဲခဲ့၊ ဖြစ်ပျက်ခဲ့ဖူးသလို ခပ်လွယ်လွယ် သဘောထားမလား၊ ဒီမှာ သက်ထား . . . ငါဟာ နွားမဟုတ်ဘူး"

"ဘာ"

ရင့်သီးလွန်းသည်။ ဒီအတွက် သူမ ဘာမှမတတ်နိုင် . . . မျက်ရည်များစွာသာ ထပ်မံပြီး သွန်ချလိုက်မိသည်။

အမောင်ကတော့ ခက်ထန်မာကြောဆဲပင် အမောင့်ရင်နှင့် အတွေးတွေမှာ မည်သည့်အနှောင့်အယှက်များ ပူးကပ်ဝင်ရောက်ခဲ့ပါလိမ့်။

"လှေလှော်တဲ့ကလေး အစ်ကို့ကို လာတဲ့ကမ်းကို ပြန်ပေး

www.burmeseclassic.com

www.burmeseclassic.com



ပေးပါ"

အမိန့်သံပါပါဖြင့် လှေခတ်သူကလေးကို ပြောလိုက်သည်။ ချက်ချင်းဆိုသလို လှေခတ်သူကလေးသည် မယ်လမုကမ်းဆီကို ဦးတည်လိုက်သည်။

သူမကတော့ ဝမ်းနည်း၍ ကောင်းနေဆဲပင် ရှိသေးသည်။ လှေသည် မယ်လမုကမ်းရှိရာ ဝါးတံတားလေးရင်းဆီသို့ ထိုးရပ်သွားသည်။

"ငါ သွားမယ် . . . မင်းရဲ့မှုမမှန်တဲ့ အကောက်ကြံမှုကို စောစောစီးစီး သိရလို့ ကျေးဇူးတင်တယ်၊ မင်းတွဲခဲ့တဲ့ လူတွေထဲက မင်းဖမ်းလို့ရမယ့် နွားတစ်ကောင်ကို ထပ်ရှာလိုက်ဦးပေါ့၊ မင်းလှည်းကျိုးအတွက် ပခုံးကောင်းမယ့် နွားတစ်ကောင်ကောင်ကိုပေါ့၊ အဲဒါ ငါပေးချင်တဲ့ မင်းအတွက် အကောင်းဆုံးအကြံပဲ"

"အမောင် နေပါဦးကွယ်"

လှမ်းတားသော စကားလုံးများက မည်သို့မျှသက်ရောက်မှု မရှိ။

သူမလက်တွေသည် မျှားစွာဖင့်နှေးနေရသည်။ အမောင် ကမ်းပေါ် ရောက်သွားသည့်တိုင် ကျန်ခဲ့သူကို တစ်ချက်ကလေး လှည့်မကြည့်။ လှေပေါ်တွင် သူမတစ်ယောက်တည်း ရှိနေသည်။





"ကျွန်တော် ဘာလုပ်ပေးရမလဲ အစ်မ"

မေးမြန်းဖော်ရသော ကလေးကိုပင် ကျေးဇူးတင်ရမလို ပင်။

မသက်ဆိုင်သော ကလေးငယ်ပင်လျှင် သနားကြင်နာဖော် ရသေးလျှင် အမောင်သည် ဘာအတွက် တစ်ဖက်သတ်စွပ်စွဲပြီး ထားရစ်ခဲ့သည်မသိ။

"ယက္ခမာန်ချကိုသာ ပြန်သွားပေးပါကွယ် . . . အစ်မ ဘုရားဖူးချင်လို့ပါ . . . အပြန်ကိုလည်း စောင့်ပေးနော်"

လှေခတ်သူ ကလေးငယ်က မူလလမ်းကြောင်းကို သွက် လက်စွာပင် လှော်ခတ်ပေးရှာသည်။

လမ်းတစ်လျှောက်လုံး မျက်ရည်တွေ အကျမရပ်သေးပေ။

ဘုရားကုန်းပေါ် တက်ရာမှာတော့ လှေခတ်သူကလေးပါ အဖော်လိုက်ပေးသည်။

"ကျွန်တော် ထမင်းစားလိုက်ဦးမယ်နော် အစ်မ"

ကလေးကို ခေါင်းငြိမ့်လိုက်မိသလား မသိတော့ပေ။

ဘုန်းကြီးကျောင်းပေါ် သို့ တန်းတက်မိသည်။ ဦးပဥ္စင်းက ပုတ်မိနေပုံရသည်။ မြင်မြင်ချင်းပင် ခရီးဦးစကားပြော၏။

"ဒကာလေးရော မပါဘူးလားကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့"

ပြန်လည်ဖြေကြားသံသည် ကွဲအက်နေမှာသေချာသည်။ ဦးပဥ္စင်းသည် အခြေအနေကို ရိပ်မိသည်လား မသိ။ ထပ်မံမေးမြန်းခြင်း မပြုတော့ဘဲ ဘာသိဘာသာ နေတော့သည်။ ယက္ခမာန်ချရုပ်ပွားတော်မြတ်ကို စိတ်ထဲမှာ ကြည်ညိုမိသည်။ ခဏကြာတော့ ရုပ်ပွားတော်ကို အာရုံပြုပြီး လက်အုပ်ချီလိုက်သည်။ ရုပ်ပွားတော်ထံ တိုင်တည်သံတွေသည် ရင်ထဲမှာ များစွာကျယ်လောင်နေသည်။

"တပည့်တော်မ၏ ချစ်ချင်းမေတ္တာသည် အမောင့်အပေါ်၌ မလျော့ပါးခဲ့ပါ . . . သစ္စာယိမ်းပါးခြင်းကင်း၍ တစ်သက်တာအတွက် ယုံကြည်ခြင်းတွေကို အမောင့်ထံ အပ်နှံထားပါသည်ဘုရား . . . တပည့်တော်မ၏ ရင်ဖြစ်စကားတို့သည် မည်သည့်လီဆယ်မှုမှ မပါ . . . ဖြားယောင်းမှုလည်း မရှိပါ ဘုရား . . . ချစ်ခြင်းမေတ္တာ၏ ပကတိအမှန်တရားတို့ဖြင့် တပည့်တော်မ တိုင်တည်ပါရစေ၊ ထိုသို့သောအကြောင်းများကြောင့် အမောင်၏ ချစ်ခြင်းမေတ္တာများ တပည့်တော်မအပေါ် ပြန်လည်သက်ရောက်ပါစေသား"

❀



ခင်ဖြူသည် ဘယ်အချိန်ကနေပြီး လှမ်းမျှော်ကြည့်နေသည် မသိပေ။ အိမ်ပေါက်ဝမှနေပြီး အဆင့်သင့် ဆီးကြိုနေသည်။

"သက်ထားအေး"

အနားသို့ရောက်လာသော သူမအနေအထားကြောင့် ခင်ဖြူ ကြောင်သွားသည်ထင်၏။

"နင်ဘာဖြစ်တာလဲ သက်ထားအေး"

"ငါလေ . . . ငါ . . . နင်ပြောဖူးသလို ကျရှုံးလာတာ"

"ဘာရယ်"

"ဒီပွဲမှာ ငါ့ရဲ့ကျရှုံးခြင်းကိုလေ"

စကားကို ကောင်းမွန်စွာ အဆုံးမသတ်ခင်မှာပင် မျက်ရည်တို့ ပြိုဆင်းလာသည်။

"နေပါဦး . . . ပြောပြပါဦး"

"သူငယ်ချင်းရယ် . . . ငါ့အဖြစ်ကို မင်းကူညီပါဦး"

မျက်ရည်တို့ မည်မျှပြိုကျလာသည်မသိ။

အမောင်နှင့် ဖြစ်ပျက်သည်တို့ကို တစ်လုံးမကျန် ပြန်ပြောပြီးသည့်တိုင် မျက်ရည်ပြိုဆင်းမှုမှာ မပြီးဆုံးသေးပေ။

"ငါထင်တယ် . . . ဒါ မိုးမြင့်မောင် သက်သက်မဲ့ အတ္တကြီးတာပဲ . . . ပြီးတော့ ရှုံးပါတယ်ဆိုတဲ့သူကို . . . အိုကွာ . . . ဒါ

www.burmeseclassic.com

www.burmeseclassic.com



မတရားမှုပဲ"

အမောင့်ကို ခံပြင်းသောစကားတို့ဖြင့် ခင်မြ တိုက်ခိုက်သည်။

"ဒေါ်သမကြီးပါနဲ့ . . . ငါ ဘာလုပ်ရမလဲဆိုတာ အကြံပေးဦး"

"သူ သောကြာနေ့ ကျောင်းကိုလာဦးမှာဆိုတော့ အဲဒီမှာ ဦးလူအောင်အကြောင်းပါ နင်ထည့်ပြော"

"သောကြာနေ့အထိ စောင့်ရမယ် . . . မေမေ့ကို ကတိပေးထားတာ တစ်ပတ်ကျော်သွားမှာပေါ့"

"အေး . . . ဒီကြားထဲ သူ့ကိုတွေ့ဖို့ဆိုတာ ခက်တော့ ခက်သားပဲ . . . ငါ့အစ်ကိုတော့ သိမယ် . . . ဒါပေမဲ့ မန္တလေးကို လှမ်းဆက်သွယ်ရမှာဆိုတော့ . . . ဘာပဲပြောပြော သောကြာနေ့ကို စောင့်လိုက်တာ အကောင်းဆုံးပဲ"

နောက်ဆုံးမှာတော့ ခင်မြ အကြံပေးသည့်ကိုပင် လက်ခံရတော့၏။ ဒီကြားထဲ မေမေ့ကို ရှင်းပြဖို့ စိတ်ကျဉ်းကျပ်မှုသည် အာရုံကို ခြောက်ခန်းစေ၏။

"သောကြာနေ့ကို နင်ကြိုးစားကြည့်ပါဦးလား . . ဖြစ်ကြောင်းကုန်စင် ရှင်းပြလို့မှ သူက ငြင်းနေတုန်းဆိုရင် ဒီပြဿနာ



ကို ငါ ဝင်ဖြေရှင်းရလိမ့်မယ်"

ခင်မြ့ကို အားကိုးတကြီးနှင့် လှမ်းကြည့်လိုက်သည်။

ခင်မြက သူမလက်ကို အသာဆုပ်ကိုင်ထားသည်။

ဘာပဲပြောပြော သောကြာနေ့တွင် အမောင်နှင့် တွေ့ဆုံရန်အတွက် အင်အားများစွာ မွေးရဦးမည်။

စိမ်းပြတ်သူ၏ မျက်နှာကို ရင်ဆိုင်ဖို့ မလွယ်ကူတော့။

အပြုံးမရှိသော မျက်နှာ၊ ခက်ထန်သော အကြည့်တို့ အမောင့်ထံမှ လွှင့်ပါးသွားကြပါလေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၂

သီတင်းတစ်ပတ်ပြည့်သော ဗုဒ္ဓဟူးနေ့ နံနက်ခင်းကစပြီး အခန်းအောင်းပြီး နေလိုက်သည်။

မေမေကလည်း အခန်းတွင်းသို့ တစ်ခါပင် အရိပ်အကဲကြည့်ပြီး အကျိုးအကြောင်း မမေးခဲ့ပေ။

နေ့လယ်ပိုင်းတွင် ဦးလူအောင်လာသံကို ကြားရသည်။

သူမကိုပင် မေမေ ခေါ်မပေးခဲ့။ ဒီအတွက်ပင် မေမေ့ကို ကျေးဇူးတင်ရပေမည်။

မေမေနှင့် ဦးလူအောင် စကားတွေပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သောကရှုပ်ဖြင့် အပြင်မထွက်ချင်၊ မေမေကမှား အစီအစဉ်များကို ပြောပြလိုက်ပြီအင်၏။

မနက်စာကို ရှောင်လွှဲ၍ စားသောက်ခဲ့သော်လည်း ညနေစာ စားခြင်းကို မေမေက လူလွှင်ခေါ်ခိုင်းလိုက်သည်။

နေမကောင်းဘူးဆိုသော အကြောင်းပြချက်ဖြင့် ငြင်းဆိုလိုက်သည်။

ဒီနောက်မှာတော့ ထပ်မံ၍ အဆက်သွယ်မလုပ်တော့ပေ။

အခုလို အချိန်မျိုးမှာ တစ်ယောက်တည်းနေချင်သည်၊

အမောင်ရော ဘယ်လိုနေမည်လဲဟု တွေးမိသည်။

အမောင်သည် စိမ်းရင့်သည်။

အမောင့်ရင်သည် စိမ်း၏။ အမောင့်စကားသည် စိမ်း၏၊ အမောင့်အကြည့်သည် စိမ်း၏၊ စိမ်းကားခြင်းများစွာတို့ကြောင့်ပင် အိပ်ရာဝင်ခြင်းသည် များစွာအချိန်လွန်မှ အထမြောက်သည်၊

❀

ကြာသပတေးနေ့ နံနက်ခင်းမှာတော့ ရင်ထဲဟာနေသည်၊ စိတ်ဆင်းရဲခြင်းနှင့် အစားမမှန်ခြင်းကြောင့် အာရုံသည်



မှုးနှောက်နေသည်။

မီးဖိုချောင်သို့ အကူးမှာတော့ မေမေနှင့် တည့်တည့်တိုးတော့သည်။

"မင်္ဂလာပါ သမီး"

သူမသည် မင်္ဂလာရှိသော ပြန်လည်နှုတ်ဆက်ခြင်းကို မပြုနိုင်ဘဲ ရှိနေသည်။

"သမီးကတိ မနေ့က ပြည့်သွားလို့ မောင်လူအောင်ကိုတောင် အကြောင်းစုံ ပြောပြပြီးသွားပြီ"

"ရှင်"

"ဟုတ်တယ်လေ . . . သမီးချစ်သူဆိုတဲ့လူကိုမှ ခေါ်မလာနိုင်ပဲ"

"မဟုတ်ဘူး သူ အလုပ်တွေရှုပ်နေလို့"

ချေပရှင်းလင်းချက်ကိုတော့ သွက်သွက်ပင်ပြောချလိုက်သည်၊ ဒါပေမဲ့ မေမေက အလွန်ပါးနပ်သူပဲလေ။

"သူ့အတွက် သူ့ဘဝအတွက် အရေးကြီးဆုံးကိစ္စအတွက် ဘာအလုပ်တွေက ပိုပြီးအရေးကြီးနေလဲ သမီး . . . ပလုံလောက်တဲ့ ဆင်ခြေ . . . အဲဒီလို ချစ်မြတ်နိုးမှု မရှိတဲ့ . . ."

"မဟုတ်သေးဘူး မေမေ . . . လက်ထပ်ဖို့ကိစ္စဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကြီး ဆွေးနွေးလို့ ပြီးပြတ်ကောင်းတဲ့အရာမျိုး မဟုတ်တာ

"ဒါလည်း ယုတ္တိမတန်ဘူး . . . သမီးနဲ့ သမီးကောင်လေး ချစ်မြတ်နိုးကြတာ ဘာအတွက်လဲ၊ ရှင်းပါတယ်လေ၊ သမီးအပေါ်မှာ ချစ်မြတ်နိုးမှု မရှိလို့ပေါ့၊ ချစ်သူနှစ်ဦး အတူနေထိုင်ဖို့ဆိုတာ မငြင်းအပ်၊ ရက်ရွှေ့မအပ်တဲ့ အရာပဲ . . . ပြီးတော့ ချက်ချင်းကြီး မဟုတ်ဘူး၊ မေမေ့ဆီမှာ ခွင့်တောင်းရုံသက်သက်ပဲလေ"

"သမီးကို နောက်သုံးရက် ထပ်အချိန်ပေးပါ"

"မရတော့ဘူး သမီး၊ သမီးနဲ့ မေမေကြားမှာ အသေးအဖွဲ့ကအစ ဘယ်တုန်းက ကတိမပျက်ဖူးခဲ့ကြသလိုပဲ . . . မောင်လှအောင် လာလိမ့်မယ် . . . သမီး မဒီးချင်ဘူးဆိုတဲ့ အိမ်ကကားကို ရောင်းပြီး မော်ဒယ်မြင့်၊ စျေးမြင့်တဲ့ သမီးကြိုက်မယ့် ကားမျိုး ဝယ်ပေးဖို့ သမီးကို တိုင်ပင်လိမ့်မယ်၊ ပြီးတော့ သမီးဖြစ်စေချင်တဲ့ အရာတွေကို သူ မေးလိမ့်ဦးမယ်"

အောင်နိုင်သူလေသံမျိုးဖြင့် စကားကို အဆုံးသတ်ပြီး မေမေထွက်ခွာသွားသည်။ သူမကတော့ နေရာတွင် ကြောင်တောင်တောင် ရပ်မိနေဆဲ။

အိမ်ရှေ့မှ ကားဟွန်းသံကို ကြားလိုက်ရသည်၊ ဒါဆို ဦးလှအောင် ရောက်လာပြီပဲ . . . ဦးလှအောင်နှင့် တွေ့ဆုံရတော့



မည်။ ဒီအတွက် သူမ ဘာတွေ ပြင်ဆင်ထားဖို့ လိုအပ်မှာပါလိမ့်။

❀

မေမေ့ခေါ်ဆိုမှုကို စောင့်ဆိုင်းမနေတော့ဘဲ ဧည့်ခန်းတွင်းသို့ ထွက်ခဲ့သည်။ ခြေလှမ်းသည် တက်ကြွမှု ရှိမနေ။ ခန်းဆီးစကို မကြည့်သောအခါ ဦးလှအောင်နှင့် အကြည့်ဆုံသည်။

ဦးလှအောင်ပြုံးပြသောအပြုံးသည် အရင်အတိုင်း ပြောင်းလဲမှုမရှိ။ သူမ၏ တုံ့ပြန်အပြုံးတွင်သာ ဝမ်းနည်းမှုတွေ ခိုကပ်ပါနေမှာ သေချာ၏။ သူမအပြုံးသည် လုံးဝ မလတ်ဆတ်မှန်း ဘာသာသိနေ၏။

ဧည့်ခန်းအတွင်းတွင် ဦးလှအောင်တစ်ယောက်တည်းသာ ရှိနေ၏။

မေမေ့၏ အရိပ်အယောင်နှင့်အသံတို့ကို မကြားရ။ နှစ်ယောက်သား လွတ်လွတ်လပ်လပ် စကားပြောဆိုနိုင်ရန်အတွက် ရှောင်ထွက်သွားသည်ထင်၏။

"သက်ထားအေး နေမကောင်းဘူးဆို"

မျက်နှာချင်းဆိုင်ခုံတွင် ထိုင်လုဆဲဆဲတွင် ဦးလှအောင်

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်၏။

"ဟုတ်ကဲ့"

အဖြေပေးလိုက်ချိန်မှာတော့ ဦးလူအောင်ရှေ့တွင် ထိုင်ပြီးသား ဖြစ်နေ၏။

"အခုရော နေသာရဲ့လား။ ကိုယ်နဲ့စကားပြောလို့ ဖြစ်ပါ့မလား"

"ရပါတယ်"

ခြောက်ကမ်းဘပ်နိုင်လှသောအဖြေကို ဦးလူအောင် ဘယ်လိုအဓိပ္ပာယ်ကောက်မည် မသိပေ။

ဤကြွရအောင် ပြင်ဆင်လိုက်ပြီး စကားပြောင်းပြော၍ ဆုံးဖြတ်လိုက်သည်။ ဦးလူအောင်နှင့် အကြိတ်အနယ် ဆွေးနွေးရမည်လေ . . .

"အိမ်ကကားကိုရောင်းပြီး ကားအသစ်ဝယ်မယ်ဆို သက်ထားအေး။ ဘာအမျိုးအစားနဲ့ မော်ဒယ်ကိုကြိုက်လဲ"

"သင့်ရာ တစ်စီးစီးပေါ့"

"ဒါဆိုလည်း ကားပွဲဘာတန်းကို တူတူသွားမယ်လေ . . . သက်ထားအေး ကြိုက်တဲ့ကားကို ကိုယ်တိုင်ရွေးပေါ့"

အခုချိန်အထိတော့ ဦးလူအောင်ထံမှ သိပ်ထူးခြားမှုကို



မတွေ့ရပေ။ လိုက်လျောမှုများကိုသာ တစ်ခုချင်း ပြောပြနေ၏။ မေမေကတော့ ပြောပြနှင့်ပြီးသားဟုဆိုသည်။ ထိုအကြောင်းအရာကို အရိပ်ငွေ့မသန်း . . .

"သက်ထားအေး ဒီနေ့ အပြင်ရောလိုက်နိုင်ပါ့မလား . . . မလိုက်နိုင်လည်း နောက်ရက်ပေါ့ . . . ကိုယ်ကတော့ ဒီရက်ပိုင်းမှာ အားနေတာ . . . မန္တလေးကိုလည်း တော်တော်နဲ့ ပြန်ဖြစ်သေးမှာ မဟုတ်ဘူး"

ဘယ်ကစလို့ ပြောရမှန်းမသိအောင် ဖြစ်နေရသည်။

ကိုယ်တိုင်စတင်ပြီး ပြောဖို့ကလည်း နှုတ်မရဲ ဖြစ်နေရသည်။ သူမ ဖြစ်ပျက်နေပုံကိုကြည့်ပြီး ဦးလူအောင် ပျာပျာသလဲ မေးတော့သည်။ သူမနဖူးကိုလည်း တယုတယ လှမ်းစမ်းကြည့်၏။

"မှန်း . . . အဖျားငွေ့ရှိသေးတာပဲ . . . သက်ထားအေး ကိုယ်လက် မအီမသာဖြစ်နေလည်း သွားလှဲနေလေ"

ခက်ပြီ။ ကိုယ်တိုင် စ, မပြောပါက ဦးလူအောင်ဘက်မှ စကားရိပ်သန်းမည် မဟုတ်ပေ။

အားတင်းပြီး စပြောရန် ပြင်ဆင်လိုက်သည်။

"ဦးလူအောင် ဟိုလေ . . ."

ပြောရင်းနှင့်ပင် နှုတ်မရဲဖြစ်ရသည်။

www.burmeseclassic.com



"ပြောလေ သက်ထားအေး"

"ကျွန်မတို့နှစ်ယောက်ကိစ္စ"

ရုတ်တရက်ကြီး အမေးခံလိုက်ရသောအခါ ဦးလှအောင် မနေတတ်မထိုင်တတ် ဖြစ်သွားသည်၊ ဦးလှအောင်ပုံစံသည် ရည်းစားစကား စပြောခါစ အနေအထားတိုင်း ဖြစ်နေ၏၊

"အဲဒီကိစ္စကို ကျွန်မ ဆွေးနွေးချင်လို့"

ဦးလှအောင်သည် မရဲတရဲမော်ကြည့်ပြီး တစ်လုံးချင်း ပြောတော့၏။

"ဟုတ်တယ် သက်ထားအေး၊ ကိုယ့်ဘက်က တစ်မျိုးဖြစ်နေသလား မသိဘူး၊ တစ်ခုခုတော့ရှိတယ် . . . ကိုယ် သက်ထားအေး အပေါ် ထားခဲ့တဲ့ သံယောဇဉ်တွေက ဒီအတွက် အစပျိုးခဲ့တာ မဟုတ်တာတော့ သိထားစေချင်တယ်"

"ကျွန်မ နားလည်ပါတယ်"

"သက်ထားအေးဘက်က အခြေအနေကိုကြိုက်သလို ဆုံးဖြတ်ပါ၊ ကိုယ်က လိပ်ပြာမလုံတဲ့သူ၊ ကိုယ်က နောက်ကြောင်းမကောင်းတဲ့သူပါ၊ အိမ်ထောင်ကျပြီးသား လူတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို သက်ထားအေး အကြွင်းမဲ့ နားလည်ယုံစားဖို့ဆိုတာ . . ."

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မဘက်က ဘာမှပြောင်းစရာ မရှိပါဘူး၊ ဒါပေမဲ့ . . ."

ပြောချင်သည့်စကားကို အလိုလို တွန့်သွားရသည်။ အမောင်၏ ခက်ထန်သောအရိပ်ကို မျက်လုံးထဲတွင် ပေါ်လာသည်။ ဦးလှအောင်ကို ပြောပြနေလည်း၊ တကယ်တော့ အပိုအလုပ်ပါလေ။

"အင်းမကတော့ ပြောပါတယ်၊ သက်ထားအေးရဲ့ဆန္ဒကို မေးပြီးသားပါတဲ့ . . . ချစ်သူရည်းစားရှိရင်လည်း ခေါ်လာခဲ့ဖို့ ပြောတယ်ဆို"

အခြေအနေအရပ်ရပ်ကို မေမေ ပြောပြလိုက်ပြီလား မသိ။

မလုံလဲသောစိတ်ကြောင့် ဦးလှအောင်မျက်နှာကို အကဲခတ်ရသေးသည်။

"ဟုတ်ပါတယ် မေမေပေးတဲ့အခွင့်အရေးနဲ့တော့ ကျွန်မ ချစ်သူနဲ့ ညှိနှိုင်းဖို့ မလွယ်လှပါဘူး"

အမောင့်ကို ချစ်သူဟု အားပါးတရပြောလိုက်ပြီးမှ ရင်ထဲဟာဟာသွားသည်၊ ဟိုအချိန်တုန်းကတော့ အမောင်က ချစ်ရတဲ့သူ . . . အခု ပစ္စုပ္ပန်မှာတော့ အမောင့်ရင်သည် အဘယ်တွက်ကြောင့် မစိမ်းရောင်ဖြစ်သွားသည် မသိ။ သူမကို တုံ့ပြန်သောစိမ်းကားမှုသည် တကယ်တော့ ရင်အတွက် ငရဲတမျှ ပူလောင်လှ၏။

"သက်ထားအေးက ရည်းစားများခဲ့ဖူးတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဦးလှအောင်အမေးသည် ရင်ကို ကုင်ခုန် ဖြစ်သွားစေသည်။ ရည်းစားများခဲ့ခြင်းသည် အမောင်နှင့်သူမတို့ကြားတွင် ရှိနေသော တံတိုင်းကြီးတစ်ခုလို ဖြစ်နေ၏။ ဒီအကြောင်း ဒီအသံတွေသည် အရင်အချိန်တုန်းကဆို ဘာမှတုန်လှုပ်စရာမလို . . . အခုခါမှာတော့ အမောင့်ကို ဆုံးရှုံးရတော့မည့် အဓိက အကြောင်းရင်းကြီး ဖြစ်လာသောအခါ ကြားရရုံမျှဖြင့် ရင်ကိုနာကျင်စေ၏။

"ဒါပေါ့လေ . . . ပြီးခဲ့တာတွေကို ထားလိုက်ပါ၊ အခုတိစ္စ သက်ထားအေး ဖြစ်ချင်တာက . . ."

ဦးလှအောင်၏ စကားလမ်းကြောင်း ဖွင့်ပေးမှုကြောင့် ဝမ်းသာရသည်။ အမောင်နှင့် ပတ်သက်ပြီး မျှော်လင့်ချက်တို့ မရှိ။

"ကျွန်မ သူ့ကို နားလည်အောင် ကြိုးစားကြည့်ချင်တယ်၊ မနက်ဖြန် သူနဲ့ တွေ့စရာရှိတယ်၊ ကျွန်မပြောချင်တာတွေ သူ့ကို ပြောပြချင်တယ်"

"နေပါဦး သက်ထားအေး၊ သက်ထားအေးလူက ဘာဖြစ်လို့ဟုန်း . . . အစ်မငြိမ်းအေးက ခေါ်လာခိုင်းတယ်ဆို"

"မေမေက သူ့ကိုခေါ်လာခိုင်းတာ မှန်ပါတယ် . . . ဒါပေမဲ့ လက်ထပ်ဖို့အကြောင်း ကျွန်မပြောတဲ့အခါမှာ ရည်းစားများ





ခဲ့ဖူးတယ်ဆိုတဲ့ အချက်နဲ့ပဲ ကျွန်မကို သူလမ်းခွဲဖို့ ကြိုးစားတယ်၊ လက်ထပ်ဖို့အတူနေရဖို့ ပြောလိုက်တဲ့စကားဟာ သူနဲ့ အဝေးဆုံး ဖြစ်သွားရမယ်လို့ ကျွန်မ လုံးဝ မမျှော်လင့်ခဲ့ဘူး"

"အင်းပေါ့လေ . . . သံယောဇဉ်ဆိုတာ တွယ်မိတွယ်ရာကို တွယ်တတ်ကြတာပါပဲ၊ ဒီကိစ္စမှာ သက်ထားအေး ကြိုက်သလိုဆုံးဖြတ်လုပ်ကိုင်ပါ၊ အဲဒီဆုံးဖြတ်ချက်ကို ကိုယ်ဘာမှ မစွက်ဖက်ဘူး၊ သက်ထားအေး စိတ်မချမ်းမြေ့တာမျိုး မလုပ်ချင်ဘူး၊ အဲဒါ ကိုယ့်သံယောဇဉ်ကို သက်သေပြခြင်းပဲ"

ဦးလှအောင်ကတော့ လိုက်လိုက်လျောလျောပင် စကားပြောသွားသည်။ ဦးလှမောင်၏စကားတို့သည် ပကတိဟန်ဆောင်မှု ကင်းသည်၊ ဦးလှအောင်ဆီမှ တည်ငြိမ်မှုမျိုးကို ခဏလောက် ရပါက ငှားထားချင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂

ခင်မြို့အိမ်သို့ မနက်စောစောကြီးကတည်းက ထွက်လာခဲ့သည်။ ခင်မြို့အိမ်သို့သွားရာမှာလည်း ဦးလူအောင်ပင် လိုက်ပို့ပေး၏။

"ကိုယ် လာကြိုရမှာနော်"

"ဟုတ်ကဲ့"

"သက်ထားအေးကိစ္စ အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်တယ်"

ကားကို တည်တည်ငြိမ်ငြိမ်ပင် မောင်းထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖြူက အိမ်ပေါ်မှနေပြီး အဆင်သင့် ဆီးကြို၏။

"နင် ဦးလူအောင်ကြီးကို မိုးမြင့်မောင်အကြောင်း ဖွင့်ပြောပြလိုက်လား"

ဦးလူအောင်၏ စကားကို ခင်ဖြူကြားသွားပုံရသည်။

"ဟုတ်တယ် ခင်ဖြူ ဦးလူအောင်ကို ငါပြောပြလိုက်တယ်၊ ဒီနေ့ အမောင်နဲ့ငါ တွေ့မှာကိုလည်း ပြောပြလိုက်တယ်၊ ညနေကိုလည်း သူပဲလာကြိုမှာ ခင်ဖြူ"

သူမ စကားဆုံးသောအခါ ခင်ဖြူ သက်ပြင်းချ၏။

"နင့်ကို ပြောရဦးမယ် သက်ထားအေး"

"ဘာလဲ ခင်ဖြူ"

"မနေ့ကပဲ ငါ့အစ်ကိုဆီက စာလာတယ်၊ မိုးမြင့်မောင်ဆီကို စာအုပ်သွားယူခိုင်းတာလေ . . . အဲဒီမှာ မိုးမြင့်မောင်ရဲ့ အိမ်လိပ်စာလမ်းညွှန်ငါ ပါတယ်၊ ပထမစာဖတ်ပြီးပြီးချင်း နင့်ဆီ ဖုန်းဆက်မလို့ပဲ၊ ဒါပေမဲ့ အချိန်က နေ့လယ် ဆယ့်နှစ်နာရီကျော်နေပြီ ဒီနေ့ တွေ့မှာပဲ မထူးတော့ဘူးဆိုပြီး မဆက်တော့တာ သက်ထားအေး"

" းဟယ် . . . မေမေနဲ့ချိန်းထားတဲ့ ရက်မတိုင်မီ ဒီစာရောက်လာခဲ့လည်း အတော်ကောင်းသားနော်"





ခင်ဖြူက သူမကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေပုံရသည်။

"ငါ တစ်ခုစဉ်းစားမိတယ် သက်ထားအေး၊ ယောက်ျားလေး တော်တော်များများရဲ့ စရိုက်ပါ၊ ယောက်ျားလေးတိုင်း ဒီစိတ်ထား ရှိကြမယ်လို့ ငါထင်တယ်၊ ယောက်ျားလေးအများစုဟာ သူတို့ကိုယ်တိုင်က ပွေချင်ပွေမယ်၊ ရှုပ်ချင်ရှုပ်မယ်၊ အေး . . . သူတို့လက်ထပ်ရမယ့် မိန်းကလေးကျတော့ ခြောက်ပစ်ကင်းစေချင်ကြတယ်၊ မိုးမြင့်မောင်လို လူမျိုးကျတော့ ပိုဆိုးတာပေါ့လေ"

"ပြောမနေပါနဲ့တော့ ခင်ဖြူရာ၊ ဖြစ်သမျှ အကြောင်းပေါ့"

"ကျောင်းထဲကို ငါလိုက်လည်း လိုက်ချင်တယ်၊ မလိုက်လည်း မလိုက်ချင်ဘူး"

"ကျောင်းထဲအထိတော့ လိုက်ခဲ့ပါ သူငယ်ချင်းရာ၊ ပြီးမှ တစ်နေရာက စောင့်၊ သူနဲ့စကားပြောပြီးရင် ပြန်ဆုံမယ်လေ"

"နင်နဲ့ပြောလို့ဆိုလို့ အဆင်မပြေရင် သူနဲ့ငါ တွေ့ရလိမ့်မယ် သက်ထားအေး"

အမောင်နှင့်စကားပြောနေချိန်မှာ ခင်ဖြူ့ကို ရှိမနေစေချင်။ အမောင့်နှုတ်ထွက်စကားတွေကို ခင်ဖြူက သည်းခံနိုင်မှ သည်းခံနိုင်မည်။

အမောင့်အပေါ် ခင်ဖြူက ဒေါသမကင်း။ သူမကတော့



www.burmeseclassic.com

www.burmeseclassic.com



အမောင့်အပေါ်မှာ ဒေါသမရှိ။

အမောင့်ကို နားလည်စေချင်တာပဲ ရှိသည်။

၁၀

မန္တလေးအဆောင်ရှေ့အဝင်နားတွင် ခင်မြမှုနှင့်လမ်းခွဲလိုက်သည်။

"ငါသွားမယ် သက်ထားအေး၊ ဘကြည့်တိုက်ရှေ့တနေစောင့်နေမယ်"

ခင်မြမှုကျောကို ခဏရပ်ကာ အကြောင်းမဲ့ ငေးကြည့်မိသည်။

အဝန်းဝိုင်းထဲသို့ဝင်ရန် ခြေလှမ်းတိုးကြည့်သည်၊ ခြေတို့မရွေ့ချင်၊ ခင်မြမှုကို လှမ်းခေါ်ဖို့ ကြိုးစားသည်။ ခင်မြမှုက တော်တော်ဝေးဝေးကို ရောက်နေပြီ

သူမ၏ ထုံထိုင်းထိုင်းအမူအရာကြောင့် ဖြတ်သွားဖြတ်လာတို့က ကြည့်သွားကြသည်။ အမောင့်ကို တွေ့ဆုံဖို့ ဘာကြောင့် ဒီလောက်တောင် အင်အားတွေ ဆုတ်ယုတ်သွားရပါလိမ့်။ တကယ်တော့ အမောင့်၏ စိမ်းကားခြင်းကို နှလုံးသားက လက်မခံလိုခြင်း



သာ ဖြစ်ပေလိမ့်မည်၊

"သက်ထားအေး တစ်ယောက်တည်းလား"

"ဟုတ်"

ဖျက်မှန်းတန်းမိသော အတန်းဖော်တစ်ယောက်၏ နှုတ်ဆက်သံကြောင့်ပင် အိပ်မက်မှ လန့်နိုးသွားသလို ဖြစ်သွားသည်။

အူဘူတူနိုင်နေသော အမူရာကြောင့်ပင် အတန်းဖော်ကောင်မလေးမှာ အလိုက်သိစွာပင် ရပ်စကားမပြောတော့ဘဲ ထွက်သွား၏။ စားသောက်ဆိုင်များရှေ့မှ တရွေ့ရွေ့ဖြတ်သန်းရင်း တောင်ငူဆောင် ဆင်ဝင်အောက်ကို ရောက်လာသည်။

ဒီနေရာတနေ အမောင့်ကို စောင့်ရမည်။

တောင်ငူဆောင် ပတ်ဝန်းကျင်ကတော့ လူအဝင်အထွက်စည်ကားလျက်ပင် . . .

ဖြတ်သွားဖြတ်လာနှင့် တောင်ငူဆောင်ဆီသို့ ဦးတည်လာနေကြသူများကို အမောတကော ကြည့်ရသည်။ အမောင်၏ အသွင်သဏ္ဌာန်လေလားဟု ထင်ယောင်ထင်မှားဖြစ်ရသည့် အကြိမ်ကလည်း မနည်းတော့ပြီ။ အမောင့်ကို နာရီဝက်တိတိ စောင့်လိုက်ရသည်။ နေ့လယ်ဆယ့်တစ်နာရီအထိုးတွင် တောင်ငူဆောင်ဆင်ဝင်အောက်သို့ သူငယ်ချင်းတစ်ယောက်နှင့် အမောင် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနှင့် လျှောက်လာသော အမောင့်သွင်ပြင်မှာ အပူကင်းနေသည်။ အမောင့်စိတ်ကို လွှမ်းမိုးထားသော ခံစားမှု တစ်စုံတစ်ရာမျှမရှိ၊ အပူမရှိသော လူတစ်ယောက်၏ လှုပ်ရှားနေထိုင်မှုသည် အေးချမ်းလှပေစွ။ သူမမှာတော့ အမောင်ပေးသော စိမ်းကားမှုတို့ဖြင့် လောင်ကျွမ်းလျှက် ရင်သည် အစိုးမရ၊ သူမနားသို့ ရောက်လာသည့်တိုင် အမောင် မမြင်တွေ့သေး။

အတူလျှောက်လာသူ သူငယ်ချင်းက ဦးစွာမြင်သည်။ သူငယ်ချင်းဖြစ်သူက လက်တို့လိုက်မှ အမောင် လှမ်းကြည့်သည်၊

"အမောင် ခဏ"

ခေါ်သံသည် ပင်ပန်းနွမ်းနယ်သံ ပေါက်နေ၏။ သူငယ်ချင်းဖြစ်သူက အလိုက်သိစွာပင် နေရာမှရှောင်ပေးသည်၊ အမောင် သူမနားဆီသို့ လာတော့ ဟာဖော်ရသေး၏။ အမောင်သူမရှေ့သို့ ရောက်နေပြီလေ . . .

အမောင်နှုတ်ဆီမှ စကားသံတို့ မထွက်လာသေး။ တိတ်ဆိတ်စွာဖြင့် အမောင်ရပ်လျှက်ရှိနေ၏။ ဖြတ်သွားဖြတ်လာများ မကြားရအောင် လေသံမျှဖြင့် အမောင့်ကို ပြောလိုက်သည်။

"သက်ထားတို့ အပေါ်ထပ်လူရှင်းတဲ့နေရာကို ခဏသွားရအောင်၊ သက်ထား ပြောစရာရှိလို့ပါ၊ အမောင်နားထောင်ပြီးတာ



နဲ့ သက်ထား ပြန်မှာပါ"

ခယလိုက်သော အသံအနေအထားကြောင့် ထင်သည်။ ချက်ချင်းဆိုသလိုပင် မကန့်ကွက်ဘဲ အမောင် သဘောတူလိုက်သည်။

"ဒါဆိုလည်း သွားလေ"

ပွဲဦးထွက်နေနှင့်တော့ အမောင်၏ စိမ်းကားမှုသည် ပီပီပြင်ပြင် မဖြစ်သေး၍ တော်သေး၏။ အမောင် သူစိမ်းဆန်သွားတာတော့ အမှန်ပင်။ အပေါ်ထပ် လူရှင်းရာဆီသို့ အမောင် ရှေ့မှ ဦးဆောင်ပြီးတက်သည်။

အပူမရှိသောသူက သွက်လက်နေသလောက် သောကဖြင့် လောင်မြိုက်နေသော ခန္ဓာက လိုက်မမီပေ။

လှေကားအတက်မှာ သူမ ဘာဖြစ်ကျန်ခဲ့မည်ကို အမောင် လှည့်ပင်မကြည့်။ တစ်ချိန်တည်းဆိုလျှင် အမောင့်ပခုံးမှာခွဲမှီ၍ ဤလှေကားကို တက်ရပေလိမ့်မည်။ အခုတော့ လှေကားလက်ရမ်းကို အားပြုရင်း အမောင်နောက်ကို အမီလိုက်ရသည်။ လူရှင်းလောက်သည်ဟု အထင်ရှိသောနေရာသို့ ရောက်သောအခါ လမ်းလျှောက်ခြင်းကို အမောင်ရပ်လိုက်သည်။

အမောင့်နားဆီသို့ တိုးကပ်သွားချိန်မှာတော့ အမောင်

www.burmeseclassic.com

www.burmeseclassic.com



စကားစပြောသည်။

"မင်းမှာ ပြောစရာရှိတယ်ဆိုတာက . . ."

အမောင့်ရှေ့မှာ မျက်ရည်မကျဖို့ ခင်ပြုံးက အတန်တန် မှာသည်၊ သို့ပေမယ့် ဝမ်းနည်းစိတ်ကြောင့် မျက်ရည်က စို့ချင်နေသည်။

"ဒီလိုပါ အမောင်"

စကားခြေဆင်းကို အစပြုဆဲမှာပင် အသံက တိမ်ဝင်သွားသည်။ ဆုံးရှုံးရမည့်စကားကို နှုတ်မှပြောမထွက်ချင်တော့။

"ပြောစရာရှိတာသာ ပြောပါ"

အမောင်လေသံက မာလှသည်။ ပင့်သက်တစ်ချက်ရှိုက်ရင်း အားယူလိုက်သည်။

"သက်ထားကို အမောင်လက်ထပ်ဖို့ တောင်းဆိုတယ်ဆိုတာက မေမေ သက်ထားကို အိမ်ထောင်ချပေးတော့မှာမို့လို့ပါ"

ပြောလိုက်သောစကားကို မျက်မှောင်ကြုတ်ကာ နားထောင်နေသည်။ ဒီမျက်မှောင်ကြုတ်ခြင်းမျိုးကို ပထမဦးဆုံးအကြိမ်အဖြစ် မြင်ဖူးခြင်းဖြစ်သည်။

"မေမေ သဘောတူတဲ့သူက ဦးလူအောင်ဆိုတဲ့လူပါ . . . ကျွန်မတို့နဲ့ စီးပွားဖက်ပါ"



"မင်း ဒီအကြောင်းတွေကို အစတည်းက ပြောပြပါလား . . . အခုမှ ဘာစိတ်ကူးပေါက်ပြီး . . ."

"နေပါဦး အမောင် . . . ကျွန်မပြောတာက မဆုံးသေးပါဘူး . . . ဖြစ်ရပ်အစအဆုံးကို အမောင် နားထောင်ပါဦး"

"တဲ . . . ပြောပါဦး"

ခနဲ့သောလေသံဖြင့် အမောင်ဆိုသည်။

"မေမေ့ဆုံးဖြတ်ချက်ကို သိရတဲ့နေ့မှာပဲ အမောင့်ကို ပြောပြတာပါ၊ မေမေက ခွင့်ပြုတာရှိပါတယ် . . . အဲဒါဘာလဲဆိုတော့ အမောင့်ကို ခေါ်လာပြီး သက်ထားကို မေမေ့ဆီက လက်ထပ်ယူခွင့် တောင်းဆိုခိုင်းဖို့ပါပဲ"

အမောင်က မျက်နှာကို ဆူးဆူးရဲရဲကြည့်သည်။

အမောင့်အကြည့်တွေကို ရင်မဆိုင်ရဲသဖြင့် ခေါင်းငုံ့နေလိုက်ရသည်၊ ပြီးတော့ အမောင်၏ပြင်းထန်လှသော စကားလုံးများ။

"ဒီမှာ သက်ထားအေး . . . ဒါ မင်းဉာဏ်အကုန်ပဲ ပေါက်လား . . . မင်းအမေ ပေးစားတဲ့ စီးပွားဖက်ဆိုတဲ့လူကိုပဲ ယူပါလေ။ သူက ပခုံးတောင်းရင် ကောင်းမှာပေါ့၊ ဒီလို မင်းကို အတည်တကျ ယူမယ့် လူမျိုးရှိတယ်ဆိုတာကိုက မင်းအတွက် ပေးတဲ့အခွင့်အရေး

www.burmeseclassic.com

www.burmeseclassic.com



ပဲ"

အမောင့်စကားကို ဆက်လက်ပြီး မနာခံနိုင်တော့ပေ၊ ခေါင်းကိုမော့ပြီး အမောင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ မျက်ဝန်းမှာ တွဲခိုနေသော မျက်ရည်တို့ကတော့ ပြိုဆင်းကျလာ၏။

"အမောင့်စကားတွေက ရင့်သီးလိုက်တာ"

"မင်းနဲ့ လိုက်ဖက်မယ့်စကား . . . အမှန်တရားတွေကို ပြောနေတာပဲ"

"သက်ထား လာတွေ့တာက တကယ့်ဖြစ်ရပ်မှန်ကို အမောင် သိအောင် ပြောဖို့ လာတာပါ"

"ကဲ . . . အခုပြောပြီးပြီ မဟုတ်လား"

"သက်ထား ပြောပြီးပါပြီ . . သက်ထားကလည်း အမောင့်ကို အတင်းအကျပ် လင်ကောင်ဖော်ဖို့ တောင်းဆိုနေတာ မဟုတ်ပါဘူး"

မျက်ရည်တို့ ပြိုဆင်းမှုသည် ရပ်တန့်မသွား။

အခြေအနေမှန်ကို ကောင်းစွာရိပ်စားမိသောအခါ ရင်မှ အခံရခက်လွန်းလှသည်။

"မျက်ရည်တွေ ကျပြလည်း အလကားပဲ . . . မင်းမျက်





ရည်တွေကို ငါ သနားရင် နွားဖြစ်သွားမှာ"

"ပြောပါ အမောင် . . . အမောင်ကျေနပ်အောင်ပြောပါ . . . သက်ထား မျက်ရည်ကျတယ်ဆိုတာကလည်း ရင်မှာအခံရခက်လွန်းလို့ပါ . . . ကျွန်မရဲ့ ဆုံးရှုံးမှုတွေကို အမောင် ကောင်းကောင်းကိုစဉ်းစားကြည့်နိုင်ပါတယ်"

ပြောနေရင်းက အကြည့်ကို တခြားသို့ အမောင်ရွှေ့လိုက်သည်။

ခဏကြာမှာတော့ မျက်နှာချင်းပြန်ဆိုင်သည်။

"ဒါပဲ မဟုတ်လား၊ ငါသွားမယ်"

ပြောရင်းက ခြေလှမ်းပြင်လိုက်သည်။

ချက်ချင်းအသိဝင်ကာ အမောင့်လက်ကို ဆွဲလိုက်သည်။

"အမောင် ခဏလေးပါ . . . ဒီစကားကိုတော့ အမောင် တစ်ဘဝလုံး အမှတ်ရသွားပါ . . . သက်ထားရဲ့ ရင်ဖြစ်စကားပါ . . . အမောင့်ကို သက်ထားချစ်တယ်"

အမောင့်လက်ကိုလွှတ်ပြီး နေရာမှ ဦးအောင် ချာခနဲ လှည့်ထွက်လိုက်သည်။

နေရာတွင် အမောင် ကျန်ခဲ့မည်လားမသိ။ သူမ ခြေလှမ်းတွေသည် မည်သည့်ကိုမျှ ဂရုစိုက် မနေအားတော့ပေ။ ခင်ဖြူ့ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ကို တိုးဝင်ကာ အားပါးတရ ငိုချင်တာပဲ သိနေတော့၏။

❀

ကျောင်းပိတ်ထားသောရက်မို့ စာကြည့်တိုက်ရှေ့ ကုံကော်တန်းလေးတွင် လူရှင်းနေသည်။

သူမ လာသည်ကို မြင်ကတည်းက နေရာမှထပြီး ခင်မြို့ကြိုဆိုသည်။

"သက်ထားအေး စိတ်ကို ထိန်းပါကွာ"

မျက်ရည်များဖြင့် အမောင်နှင့် ပြောခဲ့သောစကားများကို ပြောပြမိသည်။

စကားအဆုံးမှာတော့ ခင်မြို့ ဒေါသအကြီးအကျယ် ပေါက်ကွဲတော့၏။

"တောက် . . . ဒါ သက်သက်မဲ့ မတရားမှုပဲ"

"တော်ပါတော့ ခင်မြို့ရယ် . . . ငါကံနဲ့ပဲ ရှိပါစေတော့၊ သူ့စိတ်ထဲမှာ ငါ့အတွက် ဘာမှရှိမနေမှတော့ ငါတို့ဘက်က ဘာပဲ ဖြစ်နေဖြစ်နေ အပိုပဲပေါ့"

ခင်မြို့ ဒေါသကို သူမ သိသည်။



ခင်မြို့သွားပြီးရမ်းက ခင်မြို့သာ အရှက်ရပေမည်။

ဘာပဲပြောပြော အမောင့်ကို စကားနိုင်လိုးဖို့ ခင်မြို့ မလွယ်ကူလှပေ။

"မဟုတ်ဘူး သက်ထားအေး . . မိုးမြင့်မောင်ဆီ ငါသွားမယ်ဆိုတာကလည်း နင့်အတွက် အောက်ကျို့ခံပြီး သွားတွေ့မှာ မဟုတ်ဘူး . . . အမှန်တရား သစ္စာတရားကို ပြောပြချင်လို့ . . . မဟုတ်ရင် နင် နှစ်ခါနာမှာ သိလား သက်ထားအေး"

ခင်မြို့ကို ဖျောင်းဖျလို့တော့ ရမှာမဟုတ်တာ သေချာသလောက် ရှိသည်။

အခုချက်ချင်း သွားတွေ့ဖို့ မကြိုးစားသည်ကိုပင် ကျေးဇူးတင်ရဦးမည်။

ခင်မြို့ ဒြိမ်သက်စွာဖြင့် အကြံထုတ်နေသည်။

ခင်မြို့ကို ချော့ပြီး အိမ်ပြန်မှ ဖြစ်ပေတော့မည်။

မျက်ရည်များကိုသုတ်ပြီး ခင်မြို့ကို အသာဖက်လိုက်သည်။

"ခင်မြို့ ငါတို့အိမ်ပြန်ကြရအောင် . . . ဦးလူအောင် စောင့်ရင် စောင့်နေမှာ . . ."

"သွားကြတာပေါ့ . . . ငါ မိုးမြင့်မောင်နဲ့တွေ့ဖို့ အကြံထုတ်နေတာ၊ သူ့ကို ဘယ်လိုနည်းနဲ့ တိုက်ခိုက်ရင် ကောင်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရောက်မှ အေးအေးဆေးဆေး စဉ်းစားပါကွာ . . . ဒီနေ့အဖို့တော့ မင်းအကြံတွေကို ခဏထားလိုက်ပါဦး"

ခင်ဖြူကို ချော့မော့ပြီး အရခေါ် ရသည်၊

ခင်ဖြူ အမောင်နှင့်သွားတွေ့လို့ ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်။ သူမဆုံးရှုံးစစ်နာခြင်းသည် သူမအကြောင်းနှင့်သူမ၊

ခင်ဖြူ အတွက်ကျတော့ အကြောင်းမဲ့ အရှက်ရစေမည်၊ ပြီးတော့ အမောင်၏ ခါးသီးသောစကားတွေကို သူမလို ခင်ဖြူ ခံနိုင်မည် မဟုတ်ပေ။

"ငါ ကိုကိုစာအကြောင်းပြပြီး မိုးမြင့်မောင်အိမ်ကို သွားမယ် . . . ကိုကိုကလည်း စာပေးခိုင်းထားတာ . . . ဘာပဲပြောပြော . . . ငါ မိုးမြင့်မောင်ကို တွေ့ကို တွေ့ရလိမ့်မယ် သက်ထားအေး"

ခင်ဖြူက စိတ်မလျှော့ပေ၊

"ဖြစ်ပါ့မလား ခင်ဖြူ"

"ဒီမယ် သက်ထားအေး . . ငါ အမှန်တရားအတွက် သတ္တိရှိတယ်၊ မိုးမြင့်မောင်က အမှားကို အမှန်ထင်နေတဲ့လူ၊ ဒီအတွက် ငါ့ဘက်က ဘာမှနောက်တွန့်စရာ မလိုဘူး၊ ငါ မိုးမြင့်မောင်ကို တွေ့မယ်"

ခင်ဖြူ့ကို ဘယ်လိုမှ တားလို့မရပေ။ ခင်ဖြူသွားတွေ့လည်း



အမောင်နှင့်သူမတို့၏ တွေ့ကွင်းမှုသည် သိပ်ပြီး မထူးခြားတော့ပါလေ။

⊛

သူမတို့ အိမ်ရောက်ပြီး သိပ်မကြာခင်မှာပင် ဦးလူအောင်ကား ရောက်လာသည်၊ ခင်ဖြူ့ကို နှုတ်ဆက်ပြီးသာ ပြန်လာရသည်၊ စိတ်က မချနိုင်။ အမောင်နှင့်သွားရောက်တွေ့ဆုံမည့်အရေးမှာ ခင်ဖြူ့အတွက် ဆုတောင်းပေးရုံသာ တတ်နိုင်တော့မည်။

"အဆင်ပြေရဲ့လား သက်ထားအေး"

ညင်သာစွာပင် ဦးလူအောင်၏အမေးကို ခေါင်းခါပြလိုက်သည်။

ဆုံးရှုံးရမှုကို နှုတ်မှဖွင့်မပြောချင်ပေ။

"သက်ထားအေး . . . စိတ်မဆင်းရဲပါနဲ့ . . . စိတ်ချမ်းသာအောင်သာ ကြိုးစား။ ပြီးတဲ့ကိစ္စတွေကို မေ့ထားလိုက်တော့၊ သက်ထားအေးဖြစ်ချင်ရာ လုပ်ချင်ရာကိုပြော၊ ကိုယ် စိတ်သောက ရှေးရေးတုန်းက သက်ထားအေးရဲ့ ကျေးဇူးတွေ ရှိနေတယ်လေ၊ အခုချိန်မှာတော့ ကိုယ်အလှည့်ပေါ့ . . . သက်ထားအေးရဲ့ အပူ

www.burmeseclassic.com

www.burmeseclassic.com



သောကကို အတတ်နိုင်ဆုံး လျော့ပါးသွားအောင် ကိုယ် ဘာပဲ လုပ်ပေးရ လုပ်ပေးရပါ . . . ဒါ သက်ထားအေးအပေါ်ထားတဲ့ ကိုယ့်သံယောဇဉ်ပါပဲ"

ဦးလှအောင်ကို ငေးကြည့်လိုက်မိသည်။

ဦးလှအောင်မျက်နှာသည် မည်သည့်အရိပ်မျှ မဆင်ထား ပကတိ ငြိမ်သက်နေသည်။ အကြည့်အဆုံးမှာ ပြုံးပြလိ သော အပြုံးသည် အားကိုးအားထားချင်စရာ။ သူမ၏ ပူလော မှုတွေ ခဏလျော့ပါးသွားစေသည်လား မသိ။

"ကိုယ်ကတော့ ဘဝမှာ အကြီးအကျယ်ဆုံးရှုံးမှုကြီးကို ရ ဆိုင်ရခဲ့တယ် . . . ဒီအတွက်လည်း ကိုယ်ချင်းစာတယ်၊ ဒါပေ တစ်ခုတော့ ရှိတယ်နော် . . . တုန်လှုပ်အား ကြီးလွန်းသွားရင်လ ငြိမ်သက်ခြင်းဆိုတာကို တွေ့ရတတ်တယ်၊ အဲဒီတုန်းက သက်ထ အေးရဲ့ အကူအညီတွေ အများကြီးရခဲ့တာပေါ့၊ လူဆိုတာ တွ တွယ်ရာကို တွယ်တာတတ်ကြတယ် . . . ဆုံးရှုံးပြီဆိုရင်လ တွယ်တာခြင်းအတွက် ဆောက်တည်ရာ မရ ဖြစ်ကြတယ်။

သဘာဝဆိုပေမယ့် အတိုင်းအတာတစ်ခုအထိတော့ ခံ ရတာပါပဲ . . . အခုနေမှာ သက်ထားအေးရဲ့အပူတွေကို နည် သမျှ နည်းသွားစေဖို့ ကိုယ်ကြိုးစားချင်တယ်"



တားကို ညင်သာစွာမောင်းရင်းက စကားရှည်ကြီးကို ပြော လိုက်သည်။

ဦးလှအောင် မည်သည့်နေရာကို ဦးတည်ပြီး မောင်းနှင် နေသည်မသိ။

အိမ်ဆီကို မဟုတ်တာ သေချာသည်။

ဦးလှအောင် ပြောသလိုပင် ငြိမ်းချမ်းငြိမ်သက်ခြင်းတွေကို လိုချင်သည်။

အခုထိတော့ . . . ရင်သည် ပူလောင်လျက်ပင် ရှိနေ သေး၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

နှုတ်မှစကားများစွာတို့ ပြောခဲ့ဖူးသည်။

ခံစားမှုဖြင့် ပြောသောစကား...

သံယောဇဉ်စကား...

လောကဝတ်စကား...

ထို... ထို ပြောဆိုခဲ့သော စကားတို့သည်

ရင်မှာမထင်...

ခြေရာမထပ်...

မကြွင်းကျန်ရစ်...

နှစ်ရှည်လများ မတည်တံ့...

ချစ်သူကို တွေ့ရှိ၍ နှလုံးသားဖြင့် စကားဆိုတော့။

မြတ်နိုးစွာဖြင့် 'ချစ်သည်' ဆိုသော ရင်ဖြစ်စကားသည်

တစ်ဘဝစာမက...

သံသရာအတွက်ပင် ချည်နှောင်ပြီးသား ဖြစ်နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# ၂၂

မနက်ဦးပိုင်းအချိန်ကတည်းက ဧည့်ခန်းနှင့်စာကြည့်ခန်း ပြင်ဆင်ခြင်းကို စတင်ခဲ့သည်။

နံရံများကို ဆေးကြောပြီးသောအခါ ဓာတ်ပုံနှင့်ဂုဏ်ပြု မှတ်တမ်းများကို ချိတ်ဆွဲရန် စီစဉ်ရသည်။

အရာရှိတစ်ယောက်ဖြစ်လာသည်နှင့် အိမ်ဖွဲ့စည်းမှုနှင့် အထားအသိုများကို ပြောင်းလဲရတော့သည်။

ကိုကိုကြီးနှင့်မမတို့ အိမ်ထောင်ခွဲ မဖြစ်ခင်ကပင် အိမ်၏ အပြင်အဆင်နှင့် အထားအသိုကို သူ့စိတ်တိုင်းကျ ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို . . . အစီအစဉ် အထားအသိုများပြောင်းလဲခြင်းကို သူ ဆယ်တန်းအောင်သည့်နှစ်က တစ်ကြိမ်ပြုလုပ်ခဲ့ဖူးသည်။

"သားလေးစိတ်တိုင်းကျသာ ပြင်ဆင်တော့၊ ခမမေတို့တော့ ဥပုသ်သွားစောင့်လိုက်ဦးမယ်၊ မနက်ဖြန်ကျရင် သားကိုကိုကြီးနဲ့ မမတို့မိသားစုတွေ လာကြမှာ"

အဖော်ကောင်လေးနှစ်ယောက်နှင့် အလုပ်လှုပ်နေသော သူ့ကိုကြည့်ရင်း မေမေပြောလိုက်သည်၊ ဖေဖေကတော့ မေမေ့စကားကို ထောက်ခံသောအားဖြင့် ပြုံးစစဖြစ်နေသည်။

"အစ်ကို ဒီပုံကို အသေချိတ်လိုက်ရတော့မလား"

ဖေဖေနှင့်မေမေပုံကြားတွင် သူ့ပုံထားရင် ကောင်းမလား ဟု စိတ်ကူးကြည့်နေခိုက်မှာပင် ကူလုပ်ပေးသော ကောင်လေးက မေးလိုက်သည်။

"ခဏနေဦး ညီလေး"

လှမ်းပြောလိုက်ခြင်းကြောင့် ပုံကို အသာမထားသည်။

"အလယ်မှာ မထားဘဲ ဘယ်ဘက်အစွန်ကို ပြောင်းထားကြည့်စမ်း၊ ဖေဖေ့ပုံနဲ့ နေရာလဲလိုက်"

ဧည့်ခန်းအတွင်းသို့ လှမ်းဝင်ဝင်ချင်းမှာပင် သူ့ပုံကို မြင်သာခြင်းရှိမရှိ ကြည့်လိုက်သည်။



မူလနေရာမှ ရွှေ့ပြောင်းလိုက်ခြင်းမှာ အများအမြင်တွင် ကြည့်ကောင်းသလို . . . ဧည့်ခန်းအတွင်းသို့ ဝင်ဝင်ချင်းမှာပင် (၁၀×၁၂) အရွယ် ဓာတ်ပုံခန့်ခန့်ကြီးကို အလွယ်တကူမြင်တွေ့နိုင်ကြမည်။

"သည်အနေအထားအတိုင်း အသေယူမယ်နော်၊ ပြီးမှ ဂုဏ်ပြုမှတ်တမ်းတွေကို တန်းစီပြီးချိတ်မယ်"

ကူလုပ်ပေးနေသော ကောင်လေးနှစ်ယောက်မှာလည်း ချွေးတလုံးလုံး ဖြစ်နေ၏။ ကောင်လေးနှစ်ယောက်က မငြီးငြူဘဲ သူခိုင်းသမျှ လိုက်လုပ်ပေးနေသည်။

"ပြထားတဲ့အတိုင်း ဓာတ်ပုံမှန်ပေါင်တွေကို ချိတ်မယ်နော် . . . အစ်ကို စာကြည့်ခန်းထဲ ခဏသွားလိုက်ဦးမယ်"

စာအုပ်များနှင့် ပြည့်နှက်နေသော သူ၏စာဖတ်ခန်း။

ဒီအခန်းလေးထဲမှာ စာအုပ်တော်တော်စုံသည်။

ဆွေစဉ်မျိုးဆက်များထံမှ မရမကခြစ်ကုတ်ပြီး လက်ဆင့်ကမ်း သိမ်းထားသော စာအုပ်များ။

ပြီးတော့ သူ့လက်လှမ်းမီသမျှ စုဆောင်းဝယ်ယူထားသော စာအုပ်များ။

တန်ဖိုးတသသထားတတ်သော သူ့အကျင့်ကြောင့်ပင် သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းများထဲမှလည်း စာအုပ်တွေ သူ ရလိုက်သေး၏။

စာအုပ်စင်များကို လှမ်းကြည့်လိုက်ပါက ခန့်ညားထယ်ဝါသော စာကြီးပေကြီးများကို အလွယ်တကူမြင်တွေ့အောင် စီစဉ်ထားမှုကိုလည်း အသစ်တစ်ဖန် ပြောင်းရဦးမည်၊

အရာရှိတစ်ယောက်နှင့် လိုက်ဖက်မည့်စာအုပ်များကို ရွေးချယ်ကာ မြင်သာအောင် ထားရဦးမည်။

"ဒေါက်"

စာအုပ်များကို အပြောင်းအရွှေ့လုပ်ရင်းက အင်္ဂလိပ်ကဗျာစာအုပ်လေး လွတ်ကျသွားသည်။

ဒီစာအုပ်လေးကို သူလိုချင်လွန်း၍ သူငယ်ချင်းဖြစ်သူ ခင်အောင်ထံမှ ယူထားခြင်းဖြစ်သည်။

ဒီစာအုပ်လေးကို ကျောင်းသားဘဝ တစ်လျှောက်လုံး အတူတွဲလာခဲ့သော ခင်အောင်ကလည်း သူလိုချင်သည်ဆို၍ အလွယ်တကူ အပိုင်ပေးခဲ့သည်။

အခုတော့ ခင်အောင်မှာ အလုပ်တာဝန်ဖြင့် မန္တလေး ရောက်နေပြီ၊ ပြီးခဲ့သည့်လတုန်းကတောင် သူ့ဆီ စာလှမ်းရေးပြီး လိုချင်သောစာအုပ်များကို ရှာထားခိုင်းသေးသည်။

စာအုပ်များ အရွှေ့အပြောင်းလုပ်ရင်းက ခင်အောင်ရှာ



ခိုင်းထားသော စာအုပ်များကို မှတ်မှတ်ရရပင် ဖယ်ထားလိုက်သေးသည်၊

သူ အရာရှိဖြစ်ကြောင်းကို ခင်အောင်သာသိက ဝမ်းသာမှာ သေချာသည်။

"အစ်ကို ခြံဝမှာ ညှိသည်ရောက်နေတယ်"

ကောင်လေး၏ ပြောလိုက်သံကြောင့် သူ့အတွေးပြတ်သွားသည်၊

"မိန်းကလေးလား၊ ယောကျ်ားလေးလား"

"အစ်မကြီးတစ်ယောက်ပဲ အစ်ကို"

အစ်မကြီးဆိုသောစကားကြောင့် ဦးနှောက်အလုပ်ရှုပ်သွား၏။

အတွေးထဲသို့ 'သက်ထားအေး' အလိုလို ဝင်လာသည်။ တစ်ခုခုတော့ ဖောက်လာရှုပ်တာ သေချာသည်။

မမေတို့မရှိ၍ တော်သေးသည်။

"အဖော်ပါသေးလား"

"တစ်ယောက်တည်းပဲ အစ်ကို"

"သေချာရဲ့လားကွ"

"သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှစာအုပ်များကို ခိတ်ချက်စွာဖြင့် ကြမ်းပြင်ပေါ်မှာ ဖြန့်ထားလိုက်မိသည်။ သူ့ဆီလာသော အမျိုးသမီးငယ်သည်မှာ သက်ထားအေးမှလွဲ၍ အခြားသူ ဖြစ်နိုင်မည်မထင်။

ပို၍သေချာအောင် ကောင်လေးကို မေးခွန်းထုတ်လိုက်သည်။

"ဒါနဲ့နေပါဦး မိန်းကလေးပုံစံက"

"အသားညိုညို အရပ်မနိမ့်မမြင့်ပဲ"

ကောင်လေးက သူမြင်တွေ့ရသောသဏ္ဌာန်ကို ရိုးသားစွာပင် ပြောပြ၏။ ဒါဆို သက်ထားအေး မဖြစ်နိုင်တာ သေချာသွားပြီ။

သက်ထားအေးဆိုပါက အသားဖြူဖြူ ဆံပင်ရှည်ရှည် အရပ်မောင်းရှိသူ၊ အရမ်းလှသူဟု ကောင်လေးပြောပေမည်။

ရင်ထဲက အပူလုံးသည် တစ်ဝက်နီးပါးမက လျော့ကျသွား၏။

"အိမ်ပေါ် ခေါ်လိုက်ကွာ"

သူ့အမိန့်ရသောအခါ ကောင်လေးပြန်ထွက်သွားသည်။ ပြောလိုက်ပြီးမှ မှားများသွားပြီလားဟု နောင်တရသေးသည်၊ သက်ထားအေးနှင့် ပတ်သက်နေသူ တစ်ယောက်ယောက်များ ဖြစ်နေရင်တော့ ဒုက္ခ . . .





သက်ထားအေးသည် ဤမျှလောက်ပင် သူ့ကို ဒုက္ခပေးနေသည့် အမျိုးသမီးပဲ . . ။

၁၆

အိမ်ပေါ်သို့ လှမ်းတက်လာသောသဏ္ဌာန်ကို ခန်းဆီးကွယ်မှနေပြီး ကြည့်လိုက်သည်။ ရုပ်အလှကြီးထဲက မဟုတ်သော်လည်း အသင့်အတင့်ကြည့်ကောင်းသူ ဖြစ်သည်။ ခန်းဆီးကိုဖယ်ပြီး ဧည့်ခန်းဘက်သို့ ကူးလိုက်သည်။

"ဒီမျက်နှာပေါက်ကို မြင်ဖူးသလိုလိုပဲ"

ဧည့်ခန်းထဲသို့ ရောက်သည်နှင့် အကြည့်ချင်းဆုံသွားသည်။

"ကျွန်တော် မိုးမြင့်မောင်ပါ"

မိတ်ဆက်သောသဘောမျိုးဖြင့် စူးစမ်းလိုက်သည်။

အကြည့်ဆုံထားခြင်းမှ လွှဲဖယ်ခြင်း မရှိသေးပေ။ ဟမျိုးသမီးငယ်၏အကြည့်မှာ ရဲတင်းစူးရှလွန်းသည်ထင်၏။

နှုတ်ခမ်းတစ်ချက် မဲ့လိုက်ခြင်းကြောင့် နည်းနည်းတော့ စိုးရိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်သေချာဟာမှေ့ . . . သက်ထားအေးနှင့် ဒီအမျိုးသမီး တစ်နည်းနည်းတော့ ပတ်သက်နေရမည်။

"ကျွန်မ ကိုခင်အောင်ရဲ့သီမ ခင်ဖြူပါ"

မိတ်ဆက်စကားကို ခပ်သွက်သွက်ပင် ပြောလိုက်သည်။

သက်ထားအေးနှင့် ပတ်သက်သည်ဆိုသောအတွေးတို့ ချက်ချင်း လွှင့်ပြယ်သွား၏။

"ဟုတ်လား . . . ခင်အောင်နဲ့ကိုယ်က သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေလေ၊ ခင်အောင့်ဆီမှာ ညီမလေးတစ်ယောက် ရှိတယ်ဆိုတာတော့ သိတယ်၊ အိမ်ကိုလည်း ရောက်ဖူးပ်တယ်၊ ဒါပေမဲ့ အဲဒီတုန်းက ညီမလေးက အိမ်တွင်းပုန်းပုန်းနေတာကိုး"

"ကျွန်မကိုသာ ကိုမိုးမြင့်မောင် ချက်ချင်း မမှတ်မိတာပါ၊ ကျွန်မကတော့ ရှင့်ကို မှတ်မိပါတယ်"

စကားအပြောအဆိုက နည်းနည်းတော့ လေသံမာထားပုံရသည်။

"မိန်းကလေးဆိုတာတော့ အိမ်တွင်းပုန်းနိုင်မှ အခုခေတ်မှာ တော်နုံကျတာ ညီမလေး"

စကားအဆုံးမှာ မဲ့ပြုံးပြုံးလိုက်သည်ကို တွေ့ရသည်၊ သူ့စကားမှာ သာဘဝင်မကျစရာများ ပါသွားလို့ပါလိမ့်၊





"ကိုကိုက စာရေးပေးလိုက်ပါတယ်"

"ပေးပါဦး အဲဒီစာ . . . ဘာလဲ၊ ပြီးခဲ့တဲ့လတုန်းက အစ်ကို့ဆီက တောင်းထားတဲ့ သူလိုချင်တဲ့စာအုပ်တွေ ကိစ္စလား"

ကမ်းပေးသောစာအိတ်ကို အလွယ်တကူပင် ဖွင့်လိုက်သည်၊ စာက သူတွေးထင်သည့်အတိုင်း ဖြစ်နေ၏။

မိုးမြင့်မောင် . . .

ငါ အရင်က ပြောထားတဲ့အတိုင်း မင်းဆီက နေပြီး မန္တလေး ပုံဝံနဲ့ ပတ်သက်ပြီး အင်္ဂလိပ်လို ရေးထားတဲ့ စာအုပ်ကောင်းကောင်းလေးတွေ ရှာပေးစမ်းပါဦး။

စာအုပ်မငှားနိုင်ဘူးဆိုရင်လည်း မိတ္တူကူးပြီး ပေးလိုက်ပါ၊ နိုင်ငံခြားသား ဧည့်သည်တွေနဲ့ စကားပြောတဲ့ နေရာမှာ သိထားချင်လို့ပါ။

မင်းမှာက စာအုပ်စုံတယ်ဆိုတော့ ငါ့ညီမကို လွှတ်ပြီး ယူခိုင်းလိုက်တယ်။

စာအုပ်နဲ့လူ လဲတာတော့ မဟုတ်ဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအပျက်ရေးထားသော နောက်ဆုံးစာကြောင်းကြောင့် လိပ်ပြာမလုံ ဖြစ်သွားရသေးသည်။ ခင်အောင်က အင်ဂျင်နီယာဘဝဖြင့် မန္တလေးကို ရောက်နေသူ . . . အင်းပေါ့လေ . . . ဒီနေ့ ဒီအချိန်မှာ ခင်အောင့်အဖို့ ဒါတွေကို သိထားသင့်သည်ပေါ့။

"ဒါဆို ကော်ဖီတစ်ခွက်လောက်သောက်ပြီး ညီမလေး စောင့်ယူသွား၊ စောစောကတင် စာအုပ်တွေရှင်းနေရင်းက ခင်အောင်ကို သတိရဖြစ်သေးတယ်၊ ခဏနော် ညီမလေး . . . အိမ်မှာ ဘယ်သူမှမရှိတုန်း ရောက်လာတဲ့အတွက် ခပ်ညံ့ညံ့ကော်ဖီတစ်ခွက်တော့ သောက်သွားလိုက်ပါဦး"

"ရပါတယ် ကျွန်မ မသောက်တော့ပါဘူး"

"မဟုတ်တာ ခဏလေးနော်"

ညှော်သည်ကို ထားခဲ့ပြီး မီးဖိုချောင်ဘက်သို့ ထွက်လာခဲ့သည်။ ကောင်လေးနှစ်ယောက်က လုပ်လက်စများကို ခဏနားထားကြသည်။ နာရီကို သူကြည့်မိသည်။ နေ့လယ် ဆယ့်တစ်နာရီတောင် ထိုးပြီးပြီပဲ။

"ညီလေးတို့ ခဏနားရင်နားလေ"

"ဒါဆိုရင် ကျွန်တော်တို့ အိမ်ခဏပြန်ပြီး ထမင်းစားလိုက်ဦးမယ်"



"အေး . . အေး"

ကောင်လေးနှစ်ယောက်ကို အလုအယက်စကားပြောရင်း မီးဖိုချောင်ဘက်ဆီ ကူးလာခဲ့သည်။

မိန်းကလေးတစ်ယောက်အတွက် ပထမဆုံးဖျော်တိုက်ရမည့် ကော်ဖီတစ်ခွက်သည် သူ့အတွက်တော့ အလွန်ကြီးမားသော ကိစ္စတစ်ရပ်လို ဖြစ်နေလေ၏။

❀

ကော်ဖီမစ်ထုပ်လေးများကို အလွယ်တကူ တွေ့ရှိခြင်းကြောင့်ပင် အချိန်ကုန် သက်သာသွားတော့၏။

စားစရာမုန့်တစ်ပွဲကို သေသပ်အောင် ပြင်လိုက်သည်။ ဧည့်ခန်းဆီသို့ ပြန်ထွက်လာပြီး ဧည့်ဝတ်ပြုလိုက်သည်။

"သောက်နော် ညီမလေး . . . ကိုယ်စာအုပ်တွေ သွားရှာလိုက်ဦးမယ်"

စာကြည့်ခန်းထဲမှာ သိပ်အချိန်မကုန်လိုက်ပေ။ စောစောကပင် တွေ့ရှိထားခြင်းကြောင့် စာအုပ်သုံးအုပ်ကို ကိုင်ပြီး ပြန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကိုကို လိုချင်တာ ဒီစာအုပ်တွေပဲ၊ မိတ္တူကူးပြီးရင်တော့ ပြန်လာပို့ပေးပေါ့"

ကော်ဖီနှင့်မုန့်တို့သည် အရာမယွင်းသေးပေ။

"ညီမလေးကိုကိုသာရှိရင် အခုလို အခန်းပြင်ဆင်မှုအတွက် အကြံကောင်းတစ်ခုခုတော့ ပေးမှာသေချာတယ်၊ ကော်ဖီနဲ့မုန့်ကျွေးပြီး အကြံတောင်းတယ် မထင်နဲ့ဦးနော် . . . ကိုယ့်ရဲ့ ပြင်ဆင်ထားမှုအတွက် ဘာအကြံပေးစရာများရှိလဲ"

လုပ်လက်စအနေအထားကို စေ့စိုက်ကြည့်ရင်း သူပြောလိုက်သည်။ ခင်ဖြူကလည်း ပတ်ဝန်းကျင်ကို သူ့လိုပင် လိုက်ကြည့်၏။

"ဒါနဲ့ ညီမလေးက ကျောင်းပြီးပြီလား"

"ဟုတ်ကဲ့ရှင့် . . . ပြီးခဲ့တဲ့အပတ်မှာပဲ သတ္တဗေဒနောက်ဆုံးနှစ်စာမေးပွဲကို ဖြေပြီးခဲ့ဘာ . . . ကျွန်မနဲ့ ကိုမိုးမြင့်မောင်နဲ့က ဝိဇ္ဇာနဲ့သိပ္ပံဆိုတော့ လူချင်းမတွေ့ကြလို့ပ်၊ ကျွန်မအခန်းက 5E 5 မှာလေ"

ခင်ဖြူက စကားပြောရင်း ဇူးဇမ်းသလိုဖြင့် ကြည့်သည်၊ ခင်ဖြူ၏ အခန်းသည် သက်ထားအေး၏အခန်းဖြစ်၏။ ခင်ဖြူက သူ့ကိုသိနေသည်ဟု ဆိုသည်။ ဒါဆို သက်ထားအေးနှင့် တွဲသွားတွဲ



လာလုပ်သည်ကို ခင်ဖြူ မြင်တွေ့မည်ပေါ့။

သူ၏သိက္ခာကို ခင်ဖြူက ပြက်ရယ်ပြုမည်ထင်၏။

"အဲ . . . ကိုယ်တစ်ခုတော့ မှားသွားတယ် . . . သက်ထားအေးဆိုတဲ့ အမျိုးသမီးကို ကိုယ်မတွဲသင့်တာတော့ အမှန်ပဲ၊ ခင်အောင်သာသိရင်တော့ ကိုယ့်အဖြစ်ကို ဟားတိုက်မှာ သေချာတယ်"

"ဟုတ်လား"

ခင်ဖြူလေသံကလည်း ရိသဲ့သဲ့နိုင်လှသည်။

"ဒီမိန်းကလေးအကြောင်းကို ခင်ဖြူက ပိုပြီးသိမယ် . . . သက်ထားအေးဆိုတာ ညီမလေးတို့လို ရိုးရိုးအေးအေး နေတတ်ထိုင်တတ်တဲ့ မိန်းကလေးမှမဟုတ်ဘဲ၊ သူက ကိုယ့်ကို အပိုင်ဖမ်းချင်တာနဲ့ အခုတော့ လမ်းပြတ်သွားပါပြီ"

"ဘာပြောတယ်"

ရုတ်တရက် ပြောင်းလဲသွားသော ဒေါသအရိပ်အငွေ့ကြောင့် သူတွန့်သွားရသည်။

"ကိုယ် ဘာစကားမှားသွားလို့လဲ . . . ဒီမိန်းမနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်က ပြောတာဟာ ကိုယ်ပြောနေတာထက်တောင် ကြမ်းတမ်းတဲ့ စကားလုံးမျိုးတွေ ပါပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုမိုးမြင့်မောင် . . . ရှင့်ဆီကျွန်မလာတာ ကိုကို့ကိစ္စတစ်ခုတည်းကြောင့် မဟုတ်ဘူး၊ ရှင်နဲ့ဘယ်လိုတွေ့ရမလဲလို့ အကြံအိုက်နေတုန်းမှာပဲ ကိုကိုရဲ့စာလာတယ်၊ ရှင်နဲ့တွေ့ချင်တာ အတော်ဖြစ်သွားတာပေါ့"

တစ်ခုခုတော့ မှားယွင်းနေပြီထင်၏၊

အရင့်အရင်က အေးစက်စက်နေတတ်သောမိန်းကလေး . . . သက်ထားအေးဆိုသော အမည်နာမ ကြားရရုံဖြင့် ဘာကြောင့်ရန်စွယ်ငေါငေါဖြစ်နေသည်မသိ။

"ကျွန်မကို ရှင်သေသေချာကြည့်စမ်းပါ ကိုမိုးမြင့်မောင်"

ခင်ဖြူ့စကားတွေကို တအံ့တသြဖြစ်နေရဆဲ။

ခင်ဖြူပြောသလိုပင် မျက်နှာကိုယောင်ပြီး ကြည့်လိုက်မိသည်။ ခင်ဖြူ့မျက်လုံးတို့သည် ရူရှုလွန်းနေသည်။ ခင်ဖြူ့ နှုတ်ခမ်းတို့သည် တင်းမာမှုကို ပြနေ၏။

ခင်ဖြူ့အမူအရာသည် တစ်ခုခုအတွက် ဒေါသတကြီး ဖြင်နေ၏။

"ရှင်စိတ်တိုင်းကျဖြစ်အောင် ချိတ်ထားတဲ့ ရှင့်ပုံကို သေချာကြည့်လိုက်စမ်းပါ"

ခင်ဖြူနိုင်းသမျှကို အရူကြောင်ကြောင်ဖြင့် လိုက်လုပ်နေမိ



သည်၊

"အဲဒီပုံကို ရှင်မှတ်မိမလား မသိဘူး"

သူ့မှတ်ဉာဏ်သည် ဒီလောက်တော့ မထုံထိုင်းသေး။

ဒီပုံက သူရိုက်ကူးထားသမျှတွင် စိတ်တိုင်းအကျဆုံးပုံ၊ ဒါကြောင့်ပင် ပုံကြီးချဲ့ပြီး ချိတ်ဆွဲထားခြင်း ဖြစ်၏။

"အဲဒီပုံက ရှင် ဆယ်တန်းအောင်ပြီးလို့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတင်တုန်းက ရိုက်ထားတဲ့ပုံလေ"

"ဟုတ်တယ် . . . ဟုတ်တယ် အဲဒီပုံက ရိုက်တုန်းက နှစ်ပုံအပိုရှိတာ၊ တစ်ပုံက ခင်အောင်ယူတယ်၊ အဲ . . . တစ်ပုံကတော့ ကိုယ် အထားလွန်ပြီး ဒီနေ့အထိ ရှာမတွေ့တော့ဘူး"

"ဟုတ်ပါတယ်၊ ရှင်တို့ ပထမနှစ်စာမေးပွဲတွေ ဖြေခါနီးမှာ လျှောက်လွှာဘင်ဖို့ ဓာတ်ပုံလိုတယ်၊ ရှင်က ဒီပုံကိုပဲ ပြန်ကူးချင်တယ် . . . ကိုကို့ဆီမှာတလည်း ပုံက ဟိုနေရာမှာထားမိသလိုလို၊ ဒီနေရာမှာ ထားမိသလိုလိုနဲ့လေ၊ အဲဒီပုံကို ကျွန်မပဲ ကိုကို့ကို ပြန်ပေးလိုက်တာ"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ညီမလေးတွေ့တာလို့ မင်းကိုကို ပြောဖူးတယ်၊ အဲဒီအတွက်ပဲ ညီမလေးကို ကျေးဇူးတင်စကား ပြောမလို့ ကြိုးစားတာ အကြိမ်မနည်းဘူး၊ ညီမလေးက

www.burmeseclassic.com

www.burmeseclassic.com



ထွက်မတွေ့ရဲပဲကိုး"

ရှေးဟောင်းနောက်ဖြစ်တွေကို ပြောသာပြောနေရသည်။ ရင်ထဲမှာ ခင်ဖြူ၏အမူအရာတွေကြောင့် ခိုးလိုးခုလုဖြစ်နေရ၏။ ခင်ဖြူအကြည့်က ပိုမိုစူးရှလာပြန်ရော့လား။

"ဒီမှာ ကျွန်မကို သေသေချာချာကြည့်လိုက်စမ်းပါ"

"ညီမလေး ဘာပြောချင်လို့လဲ"

လေပြေဖြင့် ပြောလိုက်သော်လည်း ခင်ဖြူဒေါသသည် ရပ်တန့်မသွားပေ။

"ရှင့်ပုံကို ကျွန်မ ရှာတွေ့တာ မဟုတ်ဘူး၊ ကျွန်မလိုချင်လို့ တမင်တကာ ကိုကို့ဆီက မသိအောင်ယူထားလိုက်တာ သိလား . . . ကျွန်မသာ ပြန်မပေးဘူးဆိုရင် ဒီပုံကို ရှင်ရဖို့မလွယ်ဘူးလေ၊ အခုထိတောင် ကျွန်မ အပိုကူးထားတဲ့ပုံတွေ ရှိသေးတယ်"

ပိုက်ဆံအိတ်ကို သွက်လက်စွာ ဖွင့်လိုက်သည်။

ပတ်စပို့အရွယ် ဓာတ်ပုံတစ်ပုံသည် စားပွဲပေါ်သို့ အလွယ်တကူ ထွက်လာ၏။

သူကတော့ ခင်ဖြူလုပ်ရပ်နှင့် စကားများကို အံ့ဩနေရသည်။

"နှစ်တွေကြာခဲ့ပြီ . . . ဒါတွေ ဘာကြောင့် လုပ်ခဲ့ရသလဲ





လို့ ရှင်မမေးတော့ဘူးလား"

"ကိုယ်တို့နှစ်ယောက်ကြားမှာ တစ်ခုခုတော့ မှားယွင်းနေတာ သေချာနေပြီ ခင်ဖြူ"

"ဘာမှ မှားယွင်းမှုမရှိပါဘူးရှင် . . . အဲဒီရှင့်ဓာတ်ပုံကို တယုတယ သိမ်းထားတယ်ဆိုကတည်းက ရှင့်ကို ကျွန်မ စိတ်ဝင်စားခဲ့လို့ပေါ့"

"ဘာရယ်"

"ဟုတ်တယ် ရှင့်ကို တိတ်တခိုး စိတ်ကူးယဉ်ခဲ့လို့ပဲ"

ခင်ဖြူစကားတို့ကြောင့် မျက်နှာထူပူသွားရသည်။

ခင်ဖြူကတော့ မျက်လုံးတွေ စူးရှနေတုန်းပင် . . .

"ကျွန်မ ရှင့်ကို ငယ်ငယ်ကတည်းက တိတ်တခိုး စိတ်ဝင်စားခဲ့ဖူးတယ်၊ ကျွန်မရင်ထဲမှာပဲ ဒီအတိုင်းပျောက်ကွယ်သွားရမယ့်ကိစ္စပါ။ ဒါပေမဲ့ သဘောထားအေးနဲ့ပတ်သက်ပြီး အခုတော့ ရှင် သိသွားပြီ၊ ကျွန်မက အရှက်အကြောက်ကြီးတာတော့ အမှန်ပဲ၊ အခုရက်ပိုင်းတွေ မတိုင်ခင်အထိတော့ ဒီစကားကို ရှင့်ကိုပြောရဖို့ သတ္တိဆိုတာ ခေးလာခေးပဲ၊ ဒါက ဟိုးငယ်ငယ်ကတည်းက ကျွန်မရဲ့အကျင့်ပဲ၊ ဒါပေမဲ့ အခုတော့ ကျွန်မ မရှက်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ညီမလေး"

သက်ထားအေးဆိုသောအမည်နာမ ပေါ်လာခြင်းကြောင့် သိချင်သွားသည်။ ခင်ဖြူသည် သက်ထားအေးနှင့် မည်သို့မျှ ပတ်သက်နေသည်မသိ။

"ပြောပါ့မယ် . . . ကျွန်မ မျက်ဝါးသင်ထင် ခံနင့်ခံစား လိုက်ရတဲ့ သစ္စာတရားကြောင့် ရှင့်ဘို့ ပြောပြဖြစ်တာပါပဲ"

အမြင်အကြားဟိုသည် ခံဝဝေဝါးဝါးပင် ရှိသေး၏၊ ခင်ဖြူ မျက်ဝန်းလဲ့တွင် မျက်ရည်တို့ ဝေ့ဝဲနေ၏။

"သက်ထားအေးက ရှင့်ကို ချစ်ခဲ့တယ်၊ ကျွန်မငယ်ငယ်က ရှင့်ကို တိတ်တခိုးစွဲလမ်းခဲ့တဲ့ဖြစ်ရပ်အတွက် ပိုပြီးချစ်မြတ်နိုးခဲ့တယ်၊ သက်ထားအေးက ရှင့်နဲ့မတွေ့ခင်မှာ မျက်နှာများခဲ့တာတော့ ဟုတ် တယ်၊ သက်ထားအေးဟာ ဘယ်သူ့ကိုမှ အပိုင်အမ်းဖို့ မကြိုးစားခဲ့ ဘူး၊ ပြီးတော့ ဘယ်သူနဲ့မှလည်း ဘာယက်ခြောက် မကျူးလွန်ခဲ့ဘူး ရှင့်"

သက်ထားအေးအတွက် ခင်ဖြူက ရှေ့နေလိုက်ပေးသည်။

ခင်ဖြူ့နှုတ်ထွက်စကားများကြောင့် အံ့သြမှုသည် ပြေသွား ၏။

"ရှင့်ကိုချစ်သွားတာလည်း ပထမ သူကိုယ်တိုင် မသိဘူး၊



သက်ထားအေးဟာ ရှင့်ကြောင့်ပဲ ချစ်ခြင်းမေတ္တာရဲ့ အတိမ်အနက် ကို သိသွားခဲ့တယ်၊ ရှင်ဟာ အထွဋ်ကြီးတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ ယောက်ျားတစ်ယောက်ပဲ"

သူ ဘာပြန်ပြောရမည် မသိတော့။ အပြစ်များစွာကို ဖြူမိ သူမှာ လက်ညှိုးငေါက်ငေါက်ထိုး၍ ခင်ဖြူ ပြောနေတော့၏။

"သောကြာနေ့က သက်ထားအေး ရှင့်ကို ပြောခဲ့တဲ့စကား တွေဟာ အမှန်ပဲ၊ သူ့ကို အိမ်က ယောက်ျားပေးစားတော့မှာ၊ သိပ် မကြာခင်ရက်ပိုင်းမှာပဲ ဦးလုအောင်နဲ့ သက်ထားအေး လက်ထပ် တော့မှာရှင့်"

"ဒီအဖြစ်အပျက်တွေဟာ အမှန်အတိုင်းပဲလား ညီမလေး"

"ရှင်ယုံကြည်လာအောင် ကျွန်မ လုပ်ကြံပြောနေတာ မဟုတ် သလို သက်ထားအေးကလည်း ရှင့်ကိုညာပြီး အကွက်ဆင်ဖမ်းတာ မဟုတ်ဘူး။ ပြီးတော့ ရှင်သိထားဖို့က သက်ထားအေးကိုယ်စား ကျွန်မ အရှက်ငွဲပြီး မျက်ရည်ခံထိုးပြတာတော့ မဟုတ်ဘူး၊ မိန်းမ တစ်ယောက်ရဲ့ သစ္စာတရားကို အနိုင်ကျင့်ခံရတဲ့အတွက် မခံမရပ် နိုင်ဖြစ်ပြီး ရှင့်ဆီ လာခဲ့တာပဲ"

ပြောပြနေသော စကားလုံးများသည် နားစည်ကို ဖြတ်စီး ရုံမဟာ ရင်ကိုပါ တုန်လှုပ်ချောက်ချားစေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်သိထားဖို့က မိန်းမတစ်ယောက်ရဲ့ ရင်ထဲက ချစ်ခြင်းမေတ္တာကို မစော်ကားမိဖို့ပဲ၊ ရှင့်လို မဆင်မခြင်တတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အတ္တကြောင့် နှလုံးသားတစ်ခု အကြောင်းမဲ့ လောင်ကျွမ်းနေရပြီ၊ ဒီအကြောင်းတွေ ပြောပြနေတာ သက်ထားအေးအတွက် အညှံ့ခံပြနေတာ မဟုတ်ဘူး၊ ချစ်ခြင်းမေတ္တာရဲ့ သစ္စာတရားကို ရှင်သိစေဖို့ပဲ၊ ကျွန်မ သွားမယ်"

ခင်ဖြူကို တားဆီးချိန်ပင် မရလိုက် . . . ခင်ဖြူပြောဆိုသွားသောစကားတို့ကို ပြန်လည်ဆက်စပ်တွေးနေမိသည်။ သူနှင့်သက်ထားအေးကြားတွင် တစ်ခုခုမှားယွင်းဘာ သေချာနေပြီ၊

ရင်သည် လေးလံနေ၏။

မျက်စိကို ပိတ်ထားသော်လည်း အိပ်စက်မရ၊

သက်ထားအေးအပေါ် နာကြည်းမုန်းတီးခေနန် သူမြဲခဲ့မိပြီ။

နောင်တတရားကြောင့်ပင် အနေခက်နေတော့၏၊

ခင်ဖြူ့စကားသံ၊ ခင်ဖြူ့မျက်နှာတို့ ပြန်ပေါ်လာသည်။



ခင်ဖြူသာ ပြောမပြပါက သက်ထားနှင့်သူသည် ဒီအတိုင်းပင် ဇာတ်လမ်းပြတ်ကြတော့မည်။

သက်ထားကို ချစ်မိနေမှ သက်ထားကညာ၍ အကွက်ဆင်သည်ဟု တွေးမိသည်။ မရဲတရဲနိုင်လှသော နှလုံးသားအတွက် လက်ထပ်ဖို့ပြောသော သက်ထားစကားက အဆိပ်သင့်ခဲ့သည်။

နှုတ်မှ စကားများစွာတို့ကို ပြောဆိုခဲ့ဖူးသည်။

ခံစားမှုဖြင့် ပြောသောစကား . . .

သံယောဇဉ်စကား . . .

လောကဝတ်စကား . . .

ထို . . . ထိုပြောဆိုခဲ့သော စကားတို့သည် ရင်မှာမထင်။ ခြေရာမထပ်၊ မကြွင်းကျန်ရစ် . . .။ နှစ်ရှည်လများ မတည့်ခဲ့ . . . ချစ်သူကို တွေ့ရှိ၍ ရင်နှလုံးသားဖြင့် စကားဆို၏။ မြတ်နိုးစွာဖြင့် 'ချစ်သည်' ဆိုသော ရင်ဖြစ်စကားသည် တစ်ဘဝစာမက သံသရာအတွက်ပင် ချည်နှောင်ပြီးသား ဖြစ်နေလေတော့၏။

သက်ထားကို လှည့်စားရက်သူ၊ ပြုစားရက်သူဟုတွေးပြီး နာကြည်းခံပြင်းခြင်းအတွက် အခုတော့ နောင်တများစွာ ရနေရပြီလေ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၃

အသံဗလံများကြောင့်သာ အိပ်ရာထခြင်းကို ပြုလိုက်ရသည်။

မျက်ခွံတို့၏ လေးလံခြင်းက အိပ်ချင်မှု မပြေသေးကြောင်းကို ပြနေ၏။ ဆက်လက်အိပ်နိုင်စွမ်း မရှိတော့။

ခင်ဖြူပြောခဲ့သော စကားများ၊ သက်ထားနှင့် နောက်ဆုံးတွေ့ခဲ့ရာ မြင်ကွင်းများကို မြင်ယောင်လာပြန်၏။

တကယ်တော့ ခင်ဖြူ ပြန်သွားပြီးကတည်းက ထိုအတွေးတို့ဖြင့် နပမ်းလုံးခဲ့သည်မှာ အခုချိန်အထိ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး နေမကောင်းဘူးလား"

အိပ်ရာထနောက်ကျခြင်းနှင့် မကြုံဖူးသော မမကြီးက မြင်မြင်ချင်း မေးလိုက်၏။

"မဟုတ်ပါဘူး မမကြီး"

ဝတ်ကျေရုံဖြေပြီးသည်နှင့် မျက်နှာသစ်ရန် ပြင်ဆင်လိုက်သည်။

သောကြာနေ့က သက်ထားအေး၏ မျက်ရည်တို့ကို ပြန်မြင်သည်။ ရင်ထဲမှာ ကိုယ်ချင်းစာသွားမိသည်။

မျက်နှာသစ်ခြင်းကို အမြဲလိုလို စိမ်ပြေနပြေ ပြုလေ့ရှိသည်။ အခုတော့ အလျှင်စလိုဖြင့်သာ အဆုံးသတ်လိုက်၏။ အခုချိန်မှာ အရေးကြီးဆုံးကတော့ သက်ထားအေးနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံဖို့ပဲ ဖြစ်သည်။

ပြီးလျှင် ဒုတိယမြောက် တွေ့ဆုံရမည့်သူမှာ ခင်မြဖြစ်၏။

"ညီလေး မင်းရဲ့အောင်မြင်မှုအတွက်ရော မင်းရဲ့ပြင်ဆင်ထားမှုအတွက်ရော ဂုဏ်ယူတယ်ကွာ"

ကိုကိုကြီး၏စကားကို မကြားသလိုနေပြီး အဝတ်စား လဲလိုက်သည်။



"သား . . . မုန့်နဲ့ကော်ဖီ အဆင်သင့်ပဲ"

မေမေ့၏စကားသံမှန်း သူသိသည်။

သို့သော် ပြန်လည်ဖြေကြားခြင်းမရှိ။ အပြင်ဘက်တွင် နေရောင်ဖျော့သွားပြီး မိုးစက်မှုန်တို့ ကျနေ၏။ ဒါဆို ရိမ်းကုတ်လိုအပ်ပြီ။

ရိမ်းကုတ်အပြာရောင်လေးကို ထပ်မံဝတ်ဆင်လိုက်သည်။

"သားမှာ အရေးတကြီးသွားစရာရှိလို့လား"

သူ၏လှုပ်ရှားမှုကို မျက်စိတဆုံးလိုက်ကြည့်နေရင်းက ဖေဖေ မေးလိုက်သည်။

"ဟုတ်တယ် ဖေဖေ"

ဤတစ်ခွန်းသာပြောပြီး အိမ်မှ ထွက်လာခဲ့သည်။

ရိမ်းကုတ်အပြာရောင်လေးပေါ်သို့ မိုးမှုန်များကျရောက်၏။ မိုးသက်လေငွေ့သည် ရင်၏အပူကို မလွှမ်းနိုင်။

ရိမ်းကုတ်လေးကို တစ်ချက်ငုံ့ကြည့်ရင်းက သက်ထားကို သတိရသွားပြန်သည်။ သူနှင့်သက်ထားတို့ကြားတွင် ဒီရိမ်းကုတ်လေးသည် အရေးကြီးသော ပစ္စည်းလေးလည်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ရာမဲ့ လျှောက်နေသော ခြေလှမ်းများကို ရပ်လိုက်ရသည်။ သက်ထားအိမ်ကို သွားနေသည်ဟု ထင်ရသော ခြေလှမ်းတို့မှာ ယောင်ဝါးဝါး ဖြစ်နေသည်။

သက်ထားတို့နေထိုင်ရာသို့ သေသေချာချာ မသိ။

ဖုန်းရှိရာဆီသို့ ခြေလှမ်းများ ဦးတည်လိုက်သည်။ အခုချိန်ခါမှာတော့ ဦးနှောက်တွေကို နဂိုထက်ပိုပြီး ပွင့်လင်းစေခဲ့သည်။ ပြီးတော့လည်း အရင်က ဆွေးမြေ့နေသော အသိအာရုံများ ဟောင်းများတို့၏ ထိပါးနှိပ်စက်မှုမှ ကင်းဝေးနေစေချင်သည်၊

"တယ်လီဖုန်း ခဏဆက်ချင်လို့ပါ"

"ဆက်ပါ ဆက်ပါ"

ဖုန်းနံပါတ်ကို အစီစဉ်ကျ လှည့်နေသောလက်တို့သည် များစွာတုန်ရင်နေသည်။ ရင်ခုန်သံသည်လည်း ဘာများထူးသေးလို့လည်း . . . တစ်ခုတစ်ခုအတွက် မောပန်းနေရလေသည်။ တစ်ဖက်ဆီမှ ဖုန်းမည်သံကို ဂရုစိုက်နေမိသည်။

ဖုန်းလိုင်းအားပြီး တိုက်ရိုက်ဝင်သွားသည်ကိုပင် ကံကောင်းသည်ဟု ယူဆမည်၊

"အမိန့်ရှိပါ ခင်ဗျာ"



တစ်ဖက်မှ စတင်လိုက်သောအခါ အသံသည် သူ့မျှော်လင့်ချက်ကို ဖျက်ဆီးလိုက်သည်၊

"သက်ထားအေးနဲ့ စကားပြောချင်လို့ပါ ခင်ဗျာ"

အသံအနေအထားသည် များစွာတုန်ယင်မှုဖြစ်နေ၏။

"သက်ထားအေးတို့သားအမိ အပြင်ခဏသွားပါတယ်၊ ခဏကြာရင် ပြန်လာမှာပါ၊ ဘယ်သူဆက်တယ်လို့ ပြောလိုက်ရမလဲ ခင်ဗျ"

တစ်ဖက် အစီစဉ်တကျ ပြောကြားနေသော်လည်း ထိုအသံပိုင်ရှင်ကို အလိုမရှိချင်ပေ။

"ကျေးဇူးပါပဲ"

ပထမဦးစွာ ဖုန်းချလိုက်သည်။

ရင်ထဲတွင် တစ်ခုခုတော့ ဖြစ်ရပြန်သည်။ မကျေနပ်ခြင်းလား၊ ဝမ်းနည်းခြင်းလား ဆိုတာကို ကိုယ်တိုင်ပင် ခွဲခြားဖို့ ခက်လှ၏။

"ဒါ ဦးလူအောင်ဆိုတဲ့ လူပဲနေမှာ"

လမ်းလျှောက်ရင်းက ရေရွတ်လိုက်သည်။ ထိုထင်မြင်ချက်ကလည်း ရင်ကို မကျေမချမ်းဖြစ်စေပြန်သည်။ ရွေ့ရှားနေသော ခြေလှမ်းတို့သည် အဓိပ္ပာယ်မဲ့နေလားမသိ။ အို . . . ဒုတိယမြောက် .

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်သော ခင်ဖြူ့ဆီကို သွားရမည်ပေါ့။ မနေ့က ခင်ဖြူပြောခဲ့သမျှတွေကိုသာ နားထောင်ခဲ့ရသည်။ ဒီနေ့တော့ သူ တစ်ညလုံး စဉ်းစားဆုံးဖြတ်ခဲ့ရသည်များကို ပြောပြချင်သည်။

❀ ❀ ❀

## ၃

ဒီအိမ်ဒီခြံဝင်းကို လွန်ခဲ့သောကာလများက သူ ရောက်ဖူးခဲ့သည်။ ထိုအခါများက ခင်အောင် ရှိသည်။

အခုတော့ ခြံဝင်းဝနားရောက်မှ ဝင်ရမည်ကို တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေရ၏။ ခြံဝင်းတံခါးကို ဖွင့်ဝင်လိုက်သည်နှင့် ခင်အောင့်အမေနှင့် ပက်ပင်းတိုးတော့သည်။

"မင်းကို မြင်ဖူးသလိုလိုတော့ ရှိတယ်ကွဲ့"

"ကျွန်တော် ခင်အောင့်သူငယ်ချင်း မိုးမြင့်မောင်ပါ ဒေါ် ဒေါ် . . . ဒေါ်ဒေါ် မှတ်မိပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အေးအေး . . . မှတ်မိပြီ၊ မင်းက အသားဖြူပြီး ဝလာသလိုပဲ၊ မင်းသူငယ်ချင်း စာထဲမှာတော့ မင်းအကြောင်း ပါ,ပါတယ်၊ မင်းညီမလေးတော့ အိမ်ပေါ်မှာရှိတယ်၊ မင်းသူငယ်ချင်းအကြောင်း သိချင်တာအားလုံးကို သူ ပြောပြလိမ့်မယ်"

သူ အိမ်ပေါ်သို့ မရဲတရဲ တက်လာခဲ့သည်။

ခင်ဖြူက သူ့ကိုမြင်တော့ အံ့ဩသွားသည်၊

"ကိစ္စရှိလို့လား၊ စာအုပ်တွေကို မိတ္တူမကူးရသေးဘူးရှင့်"

တမင်သက်သက် မေးလိုက်သောစကားမှန်း သိသာသည်။

"ကိုယ် ညီမလေးနဲ့ စကားပြောချင်လို့ပါ"

လေသံကို အတတ်နိုင်ဆုံးလျှော့ပြီး ပြောလိုက်သည်။

"မနေ့ကပြောခဲ့တဲ့ စကားတွေနဲ့ ပတ်သက်ပြီး ချေပစရာများ ရှိနေလို့လား၊ ဒါဆိုရင်တော့ စိတ်မကောင်းစရာပဲ၊ အဲဒီစကားတွေနဲ့ ပတ်သက်ပြီး ကျွန်မမှာ ဘာမှပြောစရာ မကျန်ဘူး၊ ရှင်ချေပချင်တယ်ဆိုရင်လည်း အလကားပဲဖြစ်မှာ"

စကားလုံး၏ အသွားအလာသည် ရင်ကို ကသိကအောက်ဖြစ်စေ၏။ အမျက်ဒေါသတို့သည် သောတဆောင်နှင့် ဥပ်လျှိုးနေလေ၏။

"ကိုယ် သက်ထားအေးနဲ့ တွေ့ချင်တယ်"



"ဒါ သက်ထားအေးတို့အိမ် မဟုတ်ဘူး၊ အရင်တုန်းက သက်ထားအေးကိုတွေ့ချင်ရင် ရှင် ဘယ်လိုနည်း သုံးခဲ့သလဲ၊ အဲဒီအတိုင်းပဲ လုပ်ပေါ့၊ ဒီထက်ပိုပြီး ကျွန်မလည်း အကြံဉာဏ်မပေးနိုင်ဘူး"

"ဖုန်းဆက်ပြီးပါပြီ၊ သက်ထားအေးနဲ့ မတွေ့ဘူး၊ ယောက်ျားတစ်ယောက်ကိုင်တယ်၊ သူတို့သားအမိ အပြင်ခဏသွားတယ်လို့ ပြောတယ်"

"အင်း . . . ယောက်ျားသံဆိုရင်တော့ သက်ထားအေးရဲ့ ခင်ပွန်းလောင်းပဲနေမှာ၊ ဦးလူအောင်က သက်ထားအေးတို့ အိမ်ပေါ်တောင် ရောက်နေပြီပဲ"

"သူတို့သားအမိလည်း မင်္ဂလာဆောင်ကိစ္စနဲ့ အလုပ်ရှုပ်နေကြမှာ သေချာတယ်"

"ကျေးဇူးပြုပြီး ညီမလေး ပြောချင်တာတွေကို ရပ်ထားပေးလို့ရမလား"

စကားမှားမှာကို စိုးပေမယ့် ဒီတားမြစ်ခြင်းကိုတော့ ခင်ဖြူအား ပြောမှဖြစ်မည်၊ သူ့ရင်ထဲတွင် ပြောစရာလေးတွေ ပြည့်နှက်နေ၏။

ဒါကို ခင်ဖြူ နားထောင်ဖို့ လိုမည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ ပြောချင်လို့လဲ"

"မနေ့က ညီမလေးပြန်သွားပြီးကတည်းက တစ်နေ့လုံး နေမရဘူး၊ ပြီးတော့ မနေ့ညက ကိုယ် နှစ်နာရီလောက်ပဲ အိပ်ခဲ့ရမယ်ထင်တယ်"

ခဏတော့ ခင်ဖြူ ငြိမ်သွားသည်။

သူ့၏လှုပ်ရှားပြောဆိုဟန်တွေကို စေ့စပ်စွာ အကဲခတ်နေ၏။

"ကိုယ့်စကားတွေမှာ အမှားပါကောင်း ပါလိမ့်မယ်၊ ဒါပေမဲ့ ဒါကြောင့်ပဲ ညီမလေးတို့ ခွင့်လွှတ်လိမ့်မယ် ထင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ သက်ထားနဲ့စတွေ့ကတည်းက ပတ်ဝန်းကျင်ရဲ့ စကားသံတွေနဲ့ ဆုံးဖြတ်ချက်တွေချခဲ့သူပါ ကကယ်တော့ ချစ်ခြင်းမေတ္တာအကြောင်းဆိုတာ ကာယကံရှင်နှစ်ဦးနှစ်ဘက်ရင်ထဲက ဖြစ်ပျက်မှုတစ်ခုပဲ မဟုတ်လား"

"ရှင် ဘာကို ဆိုလိုချင်တာလဲ၊ ရှင့်စကားတွေက အားလုံးဝေဝေဝါးဝါးပဲ"

"ဟုတ်မယ် . . . ကိုယ့်စကားတွေ အစီအစဉ် မဲ့နေမယ် ညီမလေး၊ ဒါဟာ ရင်ရဲ့ ပကတိခံစားချက်ပဲ၊ ကိုယ့်နှလုံးသားက သက်ထားကို တွေ့ရှိခဲ့တယ်၊ ဒါပေမဲ့ကူယ် ကိုယ်တိုင်ပြန်ပြီး ဆင်ခြင်မှု





နည်းခဲ့လေတော့ အမြင်တွေ မှားခဲ့တယ်၊ ကိုယ် သက်ထားကို ချစ်မိနေတာတော့အမှန်ပဲ ညီမလေး"

"ရှင်"

"ဟုတ်တယ် . . ကိုယ် သက်ထားနဲ့ တွေ့ချင်တယ်၊ ကိုယ်ရဲ့ ချစ်ခြင်းကို သက်ထား သိစေချင်တယ်"

ခင်ဖြူ့အကြည့်က မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေဟန်တူသည်။

"ဒီစကားတွေကို ရှင် ဒီထက်စောပြီး သက်ထားအေးကို ပြောပြသင့်တာ . . . အခုတော့ ရှင် နောက်ကျသွားပြီ"

"ကျန်တာတွေကို မသိချင်ဘူး၊ သက်ထားနဲ့ တွေ့ချင်တယ်"

ခင်ဖြူ့ထံမှ စကားစတို့ ထွက်မလာတော့ . . .

သူ့ရင်၏လှုပ်ရှားမှုသည် မောပန်းနွမ်းနယ်နေ၏။

"ကိုယ့်ကို ရေတစ်ခွက်လောက် တိုက်ပါ"

"ခဏနော် . . . ကိုမိုးမြင့်မောင်"

နေရာမှ အလျှင်အမြန် ခင်ဖြူ ထသွားသည်။

ခင်ဖြူခပ်လာသော ရေတစ်ခွက်ကို အားပါးတရ သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထချိန်မှ စတင်လျှင် ပထမဆုံးသောက်ဖြစ်သော အရည်ဖြစ်၏။

"ရှင်ကြည့်ရတာ မသက်မသာဖြစ်နေသလိုပဲ"

"ကိုယ့်မှာ ပြောစရာတွေ အများကြီး ကျန်သေးတယ်"

"ဘာပဲပြောပြော . . . အားလုံးဟာ ရှင့်အတွက် နောက်ကျခဲ့ပြီ"

အသက်ရှူနှုန်းသည် သိသိသာသာမြင့်တက်နေ၏။

အာရုံကို ခေတ္တမျှ ပြန်စုစည်းလိုက်သည်။

ပြောချင်သောစကားတွေကိုတော့ ပြောရပေဦးမည်။ ဒါမှလည်း ရင်ထဲတွင်ရှိနေသော ပိတ်လှောင်ကျပ်တည်းမှုတို့ လျော့သွားမည်လေ။

"ကိုယ်ပြောနေတာဟာ ဘာမှ အပိုအတွယ်မရှိတဲ့ စကားတွေပါ။ ဒီစကားတွေကို သက်ထားနဲ့ တိုက်ရိုက်ပြောခွင့်မရှိဘူးဆိုရင်တောင်မှ ညီမလေးကတစ်ဆင့် ပြောပေးပါ၊ ကိုယ့်စကားကို သက်ထား သိရရင် အားလုံးအခြေအနေတစ်မျိုးတစ်ဖုံ ပြောင်းသွားမှာပါ"

သူ့စကားကြောင့် ခင်ဖြူမျက်နှာသည် ချက်ချင်းတင်းမာသွား၏။





"ရှင်ဟာ အခုထိ အတ္တဆန်ချင်တုန်းပဲနော် . . . သက်ထားအေးရဲ့ အားနည်းချက်ကို အရင်ကလည်း အသုံးချခဲ့တယ်၊ အခုလည်း အသုံးချဖို့ ကြိုးစားတုန်းပဲ . . . သက်ထားအေးနဲ့ ပတ်သက်ပြီး ရှင့်ကိုယ်ရှင် အထင်တကြီး ရှိနေတုန်းပဲ"

"အတ္တဆန်တယ်ဆိုလည်း ခံရရုံပေါ့ . . . အဲဒီအတ္တဆန်မှုကြောင့်ပဲ သက်ထားကို ချစ်မိခဲ့တာဖြစ်မှာပါ။ သက်ထားနဲ့ပတ်သက်ပြီး ကိုယ့်မှာ ပြောစရာရှိသေးတယ်"

"ကဲ . . . ပြောစမ်းပါဦး"

"သက်ထားနဲ့ စတင်ရင်းနှီးတဲ့ကာလတွေမှာ ကိုယ့်စိတ်တွေ မရိုးသားခဲ့တာ အမှန်ပဲ၊ ညီမလေးလည်း ကြားမှာပါ၊ သက်ထားဟာ ယောကျ်ားတွေအပေါ်မှာ အညှာလွယ်တတ်တယ်ဆိုတဲ့အကြောင်းပေါ့၊ မထင်မှတ်ဘဲ သက်ထားနဲ့ ရင်းနှီးခွင့်ကြုံရတယ်၊ ကြားဖူးနားဝစကားတွေနဲ့အတူပဲ သက်ထားရဲ့ အလှအပကြားမှာ ကိုယ် နစ်မျောမိတယ်။

သက်ထားအေးနဲ့ ရင်းနှီးခဲ့ဖူးတဲ့သူတွေက ပြောကြတယ်၊ သက်ထားအေးဟာ ယောကျ်ားတွေရဲ့ဆန္ဒကို အလွယ်တကူလိုက်လျောတတ်တဲ့သူတဲ့၊ ဒီမှာတင်ပဲ သက်ထားနဲ့တွဲခဲ့ဖူးတဲ့ လူတွေရဲ့ စကားအတိုင်း အကောင်အထည်ဖော်ဖို့ ကိုယ်ကြိုးစားမိတယ်"



www.burmeseclassic.com

"ဩော် . . . ဒါဆို ဒီအကြောင်းတွေက သက်ထားအေး ရော ကျွန်မပါ မသိသေးတဲ့အချက်တွေပဲ၊ ရှင်ဟာ ကျွန်မတို့ ထင်ထားတာထက်တောင် ပိုကြောက်စရာ ကောင်းနေသေးတာပဲ"

"ကိုယ်ဟာ ဘာပ်မက်မှုကို မက်မောတဲ့ယောကျ်ားတစ်ယောက်ပါ၊ ဒါပေမဲ့ သက်ထားအေးရဲ့အမူအကျင့်တွေနဲ့ လက်ပွန်းတတီးနေခွင့်ရဘော့ ကြားရတာတွေနဲ့ မဆိုင်သလိုပဲ။

သက်ထားအေးက ကိုယ့်ကို စကားတွေ အများကြီးပြောပြတယ်၊ သက်ထားစကားတွေကြောင့်ပဲ ကိုယ့်ရဲ့ကြိုးစားမှုဟာ ဒီနေ့အထိ အထမမြောက်ခဲ့ဘူး၊ ကိုယ် မနိုးသားခဲ့ပါဘူး။ သက်ထားအပေါ် ချစ်စိတ်ဟာ ကိုယ့်ကို တစ်ခစလွှမ်းမိုးလာတယ်၊ အခုအခြေအနေမှာတော့ သက်ထားဟာ ကိုယ့်ဘဝအတွက် ရှိကိုရှိနေရမယ့် လူတစ်ယောက်ပဲ၊ ဒီစကားဟာ ကိုယ့်ရင်ထဲက ဖြစ်တည်လာတဲ့ စကားပါ"

အကြောင်းစုံ ပြောပြလိုက်၍ ခင်ဖြူ ရှုံ့ရှာသွားမည်လား။ သူ့မျက်နှာသည် ချွေးစေးတို့ဖြင့် ပြည့်နှက်နေမှာ သေချာ၏၊

"အင်းလေ . . ရှင့်ခဲ့ ဝန်ခံမှုကိုတော့ ချီးကျူးရမှာပေါ့၊ ဒီအကြောင်းတွေကို ရှင်မပြောပြလည်း ကျွန်မတို့ ဘယ်သိမလဲ၊ ကဲ ပြော . . . ကျွန်မ ဘာအကူအညီပေးရမလဲ"





"သက်ထားဆီကို ညီမလေး ဖုန်းဆက်ပေးပါ"

"ရတယ်လေ . . . ကဲ . . . ကျွန်မတို့ သွားကြရအောင်"

သူ့စကားကို ခင်ဖြူလိုက်လျော၍ ဝမ်းသာရသေးသည်။ ပြောပြခဲ့သော စကားများတွင် မုသားမပါ။ ရှင်၏ အဖြစ်အပျက် ခံစားမှုအားလုံးကို ဖွင့်ပြလိုက်သည်။ ခင်ဖြူ သူ့ကို နားလည်သွားပုံရသည်။

"ကံကောင်းရင် ရှင် သက်ထားအေးနဲ့ စကားပြောခွင့်ရချင်ရမှာ"

"စကားပြောခွင့် ရပါစေလို့ ကိုယ်ဆုတောင်းရမှာပေါ့"

ရင်တို့တယ်လီဖုန်းကို ခင်ဖြူ ကောက်ကိုင်ချိန်မှာတော့ ဂဏန်းခွက်လှည့်သံသည် မြည်လွန်းအားကြီးမြန်လှုပ်ရှားလာ၏။ နေပြီလားမသိ။

"ဟဲလို . . . သက်ထားအေး ရှိပါသလားရှင်"

ခင်ဖြူ့အသံခပ်အုပ်အုပ်ကို ကြားရသည်။

တစ်ဖက်မှအသံကတော့ သူ့နားထဲသို့ ရောက်မလာ။ ခင်ဖြူသည် သူ့ကိုတစ်ချက်ကြည့်ပြီး ရယ်ရယ်မောမောနှင့် ပြန်ပြောနေလေ၏။

"ဟုတ်လား . . . သက်ထားအေးတော့ တော်တော်[illegible]

www.burmeseclassic.com



နေမှာပေါ့နော်"

စကားအသွားအလာ၊ ပြောဟန်ဆိုဟန်တို့ကြောင့်ပင် သက်ထားနှင့် ပြောနေခြင်း မဟုတ်မှန်း သိသာနေ၏။

တယ်လီဖုန်းခွက်ကို သေသေချာချာ ပြန်ထားပြီးချိန်မှာတော့ သူ အနေခက်နေပြီ။

"စိတ်မကောင်းစရာပဲရှင်"

"ဘာဖြစ်လို့လဲ ညီမလေး"

"သက်ထားအေးတို့ အိမ်မှာ မရှိကြတော့ဘူး၊ ဦးလှအောင်နဲ့ ထွက်သွားတယ်၊ ရန်ကုန်မြို့ပေါ်က ဘုရားတွေ စုံအောင်လျှောက်ဖူးကြမယ်လို့ သူ့အမေကြီးက ပြောတာပဲ၊ အင်းလေ . . . အခုချိန်မှာ သက်ထားအေးမှာက ဒီတစ်လမ်းပဲ ရွေးစရာရှိတာပဲ၊ သက်ထားအေး စိတ်ချမ်းသာဖို့ဆိုရင် ဦးလှအောင်က ဘာမဆိုလုပ်ပေးမယ့် ယောကျာ်းမျိုးရှင့်၊ သက်ထားအေးကတော့ ကံကောင်းတာ သေချာတယ်"

သူ့ရင်မှာ ဘာတွေဖြစ်ပျက်နေသည်ကို ခင်ဖြူ မသိရှာသလား။ ခင်ဖြူကို ဝမ်းနည်းစွာဖြင့် ကြည့်လိုက်သည်၊

"ကိုယ် သွားမယ်"

"ရှင် ဘယ်ကိုသွားမှာလဲ၊ ထောနေဦး မိုးရွာနေတယ်လေ"



ခင်ဖြူ့စကားမြစ်သံကို နားမထောင်ချင်တော့ပေ။ ခင်ဖြူနှင့်လည်း အချေအတင် စကားမပြောချင်။ သူ့အတ္တတွေ၊ ထင်မြင်ယူဆချက်တွေကို ထုချေဖျက်ဆီးပြီး အမှန်တရားရှိရာသို့ လာခဲ့သည်။

သို့သော် အားလုံးက ခါးသက်စွာဖြင့် ဆီးကြို၏။ သူ လွတ်လပ်ပေါ့ပါးချင်သည်။ ခြေဦးတည်ရာကို သွားနေချင်သည်။ သူနှင့် သက်ထားအေးတို့၏ နေရာကလေး . . .

ငမိုးရိပ်ချောင်း . . .

ချောင်းလျှော . . . ပြီးတော့ ကြိုးတံတား . . .။

သက်ထားတို့၏ အပျော်ခရီးတွင် ထိုဒေသတို့ ပတ်သက်ပါဝင်မည် မထင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၂

ဘုရားသို့ သူရောက်သွားချိန်မှာတော့ မိုးသားဖွဲ့ရှုံ့မှုသာ ရှိနေသည်၊ ဘုရားဝတ်ပြုပြီးသည်နှင့် ခြေလှမ်းတို့သည် မေတ္တာလှေ ရှိရာ ကူးတို့ဆိပ်သို့ ဦးတည်နေသည်။

ငမိုးရိပ်ချောင်းထဲတွင် လွတ်လပ်ပေါ့ပါးစွာအော်ဟစ်လိုက် ရင် ကောင်းမည်ထင်၏။ သက်ထား အနားမှာ မရှိသောအခါ သွားရသောခြေလှမ်းတို့သည် လေးလံလွန်းလှ၏။ သက်ထားသာ ရှိပါက သူ့လက်မောင်းကို မှီနွဲ့ရင်းက လိုက်ပါလာမှာ သေချာသည်။ သူ၏ လှုပ်ရှားနေမှုအားလုံးတို့သည် ဗလာသက်သက်။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာလေ့က ကမ်းမှာ ရှိမနေ။

ပို၍သေချာအောင် ဝါးလှေကားလေးကတိုင်၊ ကမ်းစပ်သို့ ဆင်းကြည့်သည်။ လှေကလေးသည် ခပ်လှမ်းလှမ်းသို့ ရောက်နေ၏၊

"ဟာ"

မျက်လုံးတို့၏ ဝေဝါးမှုများလား။ ဒုတိယအကြိမ်မြောက် စေ့စပ်စွာ ကြည့်မိချိန်မှာတော့ သက်ထား၏သဏ္ဌာန်ကို တွေ့ရ သည်။

သက်ထားမှ သက်ထားပါလေ . . .

သက်ထားတို့လှေကလေးသည် ယက္ခမာန်ချသို့ နီးကပ်နေ လေပြီ။ သက်ထားနံဘေးတွင် အဖော်ပါသည်။ ထိုအဖော်မှာ ဦးလူ အောင်ဆိုသူ ဖြစ်ရမည်။

(၆)

ကမ်းပေါ်သို့ ပြန်တက်နေလိုက်သည်။

သက်ထားတို့ကို ပို့ပြီးပြန်လာသော လှေခတ်သူကလေး သူ့ကိုမြင်လို့ မဖြစ်ခပေ။ သက်ထားတို့ ဒီနယ်မြေမှ ထွက်ခွာသွားပြီး မှသာ ယက္ခမာန်ချသို့ သူသွားချင်သွားမည်။



သက်ထားသဏ္ဌာန်ကို အဝေးမှမြင်ရရုံဖြင့် ချမ်းမြေ့ရ သည်။ စိတ်သက်သာရာရသည်။ ရင်၏အပူကို သက်ထားသိစေချင် တော့၏။ လှေခတ်သူကလေးသည် လူထပ်မံရ၍ ယက္ခမာန်ချသို့ ပြန်သွားသည်။ မသိမသာဖြင့် ကမ်းလယ်ကိုမြင်ရသော သစ်ပင် ခြေရင်းသို့ သွားနေလိုက်သည်။

"သက်ထားတို့ ဆင်းလာပြီ"

ကမ်းပါးမှအဆင်းတွင် ဦးလူအောင်က သက်ထားကို ဖေးမသည်။ လှေအတက်တွင်လည်း သက်ထားသည် ဦးလူအောင် ကို မျှားစွာမှီခိုရသည်။

"ဟော"

အာမေဋိတ်အသံသည် ရုတ်တရက်ပြိုကျလာသော မိုး ကြောင့် ကျယ်လောင်သွားသည်။

မိုးသည် အားကုန်သွန်ချ၏။

ရေလယ်မှာ လှေကလေး အခက်တွေ့နေရသည်။

"သက်ထားတို့မှာ ဆောင်းစရာ မပါဘူးထင်ရဲ့"

မိုးကို အကာကွယ်မဲ့စွာဖြင့် သက်ထားရင်ဆိုင်နေရပြီ။

ထီးဆောင်လေ့မရှိသော သက်ထား . . အခုတော့ အခက် တွေ့ပြီလေ။ ဒါပေမဲ့ သက်ထားနံဘေးတွင် ကာကွယ်ပေးမည့်သူ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အသင့်ရှိနေပြီ၊

ဦးလူအောင်က သူ့တိုက်ပုံကို ချွတ်သည်။

သက်ထားကို သူ့ရင်ခွင်ထဲ မှီနွဲ့စေသည်။

တိုက်ပုံဖြင့် မိုးရေစက်တို့ မထိပါးစေရန် ကာကွယ်ပေးသည်။ လှေကလေး ဘမ်းဘက်သို့ နီးလာချိန်မှာတော့ အနီးနားရှိ ဘုရားပေါ် တက်နေလိုက်ရသည်၊

"ဟော . . . သက်ထားတို့ ဘုရားပေါ်တက်လာပြီပဲ"

ဘုရား၏အတွင်းပိုင်းထဲသို့ ဝင်နေလိုက်သည်။

"နာမည် ဘယ်လိုရေးရမှာလဲ"

"ဦးလူအောင်နဲ့ ဒေါ်သက်ထားအေးတို့ကောင်းမှု"

ခပ်လှမ်းလှမ်းရှိ အလှူခံဌာနဆီမှ ဖြတ်သန်းလာသော အသံ . . . ဖြေလိုက်သံသည် သက်ထား၏အသံ၊ အသံက တုန်ယင်ခြင်းမရှိ။ အလွန်အမင်းလည်း တက်ကြွခြင်းရှိမနေ၊

"သက်ထားအေး ဘုရားဝင်ဖူးရအောင်"

"ကျွန်မဘာစ်ကိုယ်လုံး ရေစက်စက်ကျနေတာပဲ၊ ဦးလူအောင်ပဲ ဝင်ဖူးပါ၊ ကျွန်တော့ နေရာကပဲ ဖူးမယ်"

ဦးလူအောင်နှင့်သာ အတူဝင်သိုက်လာပါက ပက်ပင်းတိုးမှာ သေချာသည်။ ချောင်ပိတ်မိပြီး သူ့ကို သက်ထား တွေ့သွားမည်။

---



"မိုးလည်းတိတ်သွားပြီ သွားကြရအောင်"

ရင်ထဲမှာတော့ တကယ့်ကို မကောင်းပေ။

ချစ်သူကိုမြင်လျက် အသံကိုကြားနေရပါလျက် ရင်မဆိုင်ရဲသော သူ့အဖြစ်။

သက်ထားတို့ ထွက်သွားပြီးချိန်မှာတော့ သူလှုပ်ရှားမှုတွေသည် များစွာထုံထိုင်းပြီး အစီစဉ်မဲ့နေ၏။

ပတ်ဝန်းကျင်သည် သူနှင့်မသက်ဆိုင်သလို သူပြုမူသမျှကိုလည်း ဘယ်သူမှ မနှောင့်ယှက်။

ငမိုးရိပ်ချောင်းကမ်းပါးတွင် သူအကြာကြီးထိုင်မိသည်လား . . .

ယက္ခမာန်ချရှိရာသို့ ဘယ်နှစ်ခေါက် သူကူးပြီးသွားခဲ့သလဲ . . . သူလုပ်ခဲ့သမျှကို သူ မမှတ်မိတော့ပေ။

နောက်ဆုံးမှာတော့ အငှားကားတစ်စီးဖြင့် ဘုရားမှ သူပြန်ခဲ့သည်။

သူ့ခရီးစဉ်သည် အိမ်သို့မရောက်ပေ။ ရုတ်တရက် အသိဖင်သောအခါ ခင်ဖြူတို့သမ်းထိပ်မှာ အငှားကားလေးက ရပ်နေပြီးသား ဖြစ်နေ၏။

"ဘယ်လောက်ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပဲ သုံးရာနဲ့ ငှားခဲ့တာလေ"

ကားမောင်းသူက ရယ်ကျဲကျဲဖြင့် ဖြေ၏။

ကျသင့်ငွေကို ရှင်းပြီးသည်နှင့် ခင်ဖြူရှိရာသို့ ထွက်လာခဲ့သည်။ ရင်ထဲတွင် များစွာ နွမ်းဟာနေသည်။

အာခေါင်ခြောက်၍ အနေခက်သောဝေဒနာကြောင့် ခေါင်းမှာ ရိပ်ခနဲ ဖြစ်သွားသည်။

ခြေလှမ်းကိုထိန်းရင်း ခင်ဖြူတို့ အိမ်ရှိရာသို့ အမြန်လှမ်းလိုက်သည်။

❀

ခြံဝကိုရောက်တော့ အကြည့်တွေ မပီသချင်တော့ပေ။

မူးဝေသောဝေဒနာကြောင့် အနေခက်နေ၏။

ခင်ဖြူနှင့်ထပ်မံတွေ့ဆုံဖို့က အရေးကြီးသည်လေ . . . သူနှင့်သက်ထားတို့အကြောင်းကို ရင်ဖွင့်စရာဆို၍ ခင်ဖြူတစ်ယောက်သာ ရှိသည်။

ခြံတံခါးကို အားယူတွန်းဖွင့်ရင်း အထဲဝင်သည်။ အိမ်သားများ၏ အရိပ်ယောင်ကို မတွေ့ရပေ။ အားလုံးသည် ငြိမ်သက်နေ၏။



ခင်ဖြူ ရှိမှ ရှိပါလေစ။ ယိုင်ထိုးချင်သော သူ့အမူအရာကို မမြင်ကွယ်ရာကကြည့်နေပြီး သူရူးတစ်ယောက်ဟု ထင်မှတ်နေမည်လား . . .

"ညီမလေး ခင်ဖြူ"

ခေါ်သံကပဲ တိုးလွန်း၍လား မသိ . . . ငြိမ်သက်နေသော ပတ်ဝန်းကျင်သည် မည်သို့မျှတုံ့ပြန်ခြင်း မရှိပေ။

"ခင်ဖြူ"

အိမ်သားတွေတစ်ယောက်မှ မရှိခြင်းများလား။

ဒါတော့ မဖြစ်နိုင် . . . ပြတင်းတံခါးတွေက ဖွင့်နေ၏။ သူ့အလာကို တိတ်ဆိတ်စွာပြုရင်း ငြင်သာစွာဖြင့် နှင်ထုတ်နေသည် ထင်၏။

"ကိုယ့်ကို အိမ်ပေါ်တက်ခွင့်ပြုပါ၊ ပြီးတော့ ကိုယ်ပြောမယ့်စကားတွေကို ညီမလေး နားထောင်ပေးပါ"

အသံဗလံဟူ၍ သူ၏အော်ဟစ်ခြင်းသာ ရှိနေသည်။ တကယ်တော့ သူ၏အော်ဟစ်ခြင်းကလည်း အားအင်ကုန်ခန်းနေသူတစ်ဦး၏ ညည်းညူသံလို ဖြစ်နေမှာ သေချာသည်။

"ကိုယ်ရှုံးတယ်၊ အဲဒီအရှုံးကို တစ်ယောက်ယောက်က အသိအမှတ် ပြုပေးစမ်းပါ၊ ကိုယ့်ချစ်ခြင်းမေတ္တာရဲ့ ဆုံးရှုံးမှုကို

www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ် ပြုပေးကြစမ်းပါ"

ပြောဆိုနေသံသည် ရင်ထဲမှာတော့ ကျယ်လောင်လွန်းသည်။ သို့ပေမယ့် ခန်းကျင်ကတော့ ငြိမ်သက်ဆဲ . . . ခြေလှမ်းတို့ကို အားယူကာ လှမ်းသည်၊ အိမ်ဆဲဝင်ရန် ကြိုးစားလိုက်သည်။

"ညီမလေး"

စကားတွေပြောဖို့ မနည်းကြိုးစားနေရသည်၊

ခြေလှမ်းတွေကို မြန်မြန်လှမ်းမိသည်။

တကယ်တော့ နေရာက မရွေ့ . . .

လုံးဝ မရွေ့ . . .၊

"ဟာ . . . လဲကျပြီ"

"ဝုန်း"

"ဘာတွေဖြစ်ကြတာလဲ"

အသံတွေက ရှုတ်တရက် ဆူညံသွားသည်။

အမြင်သည် မှုန်ပျပျ၊ အကြားသည် မသဲကွဲ၊

သိပ်မကြာလိုက်ခင်မှာပင် သူ ဘာဆိုဘာမှ မသိရတော့ပေ။

❀ ❀ ❀

# ၂၆

သတိရသောအခါ အိပ်ရာထက်ခုပေါ် သူရောက်နေသည်။

မျက်လုံးကို မဖွင့်ကြည့်ခင်ကပင် သူ ရနံ့ရသည်။

ဩ . . . သက်ထားရဲ့ . . .

အတွေးမဆုံးခင်မှာပင် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

ခင်ဖြူ ဦးစွာတွေ့သည်။

သူ့နဖူးထက်၌ ရှိနေသောလက်အစုံ . . .

ဒီလက်အစုံက . . .

"သက်ထား"

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တစ်ခုထဲသို့ သူရောက်နေခြင်းများလား . . .

ဖြန်းခနဲ ထထိုင်ဖို့ ချက်ချင်းကြိုးစားလိုက်သည်။

ဖြူနုသော လက်အစုံက သူ့ကြိုးစားမှုကို တားဆီးလိုက်၏။

"အမောင် ငြိမ်ငြိမ်လေးနေပါ"

လေသံအေးအေးဖြင့် သက်ထား ဝင်ပြောသည်။

သူ မငြိမ်သက်လို့ မဖြစ်တော့ပေ။

"အမောင် ဘာဖြစ်နေတာလဲ ပြောစမ်းပါ"

အသံက ကျယ်လောင်သွားသည်လားမသိ။ သက်ထား နှုတ်ခမ်းအစုံသည် သူ့နားသို့ တိုးကပ်လာ၏။

"မဟုတ်ဘူး အခုတွေ့ကြုံနေရတာ အိပ်မက်တွေလား"

"မဟုတ်ဘူး အမောင်"

သက်ထားဆံစကို့ကို ကိုင်ကြည့်မိသည်။

"သက်ထားကို တွေ့ရတာ အိပ်မက်မဟုတ်ပါဘူးနော်"

"ဟုတ်တယ် ကိုမိုးမြင့်မောင်၊ ရှင်ရောက်နေတာကို ကျွန်မနဲ့ သက်ထားအေးတို့ မသိကြဘူး၊ ဦးလူအောင်က သက်ထားအေးကို ပြန်လာခေါ်ဖို့ အိမ်ထဲဝင်တုန်းမှာ ရှင်လဲကျသွားတာပဲ၊ ဦးလူအောင် ခေါ်သံကြောင့် ကျွန်မတို့လည်း သိကြတာ"



ဒါဆို . . . ဆောခေတက ဖြစ်ပျက်ခဲ့ခြင်းတွေဟာ . . .

"အမောင် ပြန်မယ်"

"ဘာဖြစ်တာလဲ အမောင်"

"ဟုတ်သားပဲ ကိုမိုးမြင့်မောင်ကလဲ"

ဒီအခန်းထဲမှာ ဒီလို အနေအထားမျိုးဖြင့် သူ ဆက်မနေချင်တော့ပေ။

"အမောင် ဘာဖြစ်ချင်နေလဲ"

သက်ထား မေးလိုက်သောအသံ။

"ရေဆာတယ်"

ဘာကယ်လည်း သူ့အာခေါင်တွေ ခြောက်သွေ့နေသည်။

"ဖြည်းဖြည်းသောက် အမောင်"

ရေသောက်ခြင်း ပြီးသည်နှင့် သက်ထားမျက်နှာကို ဆွေးမြေ့မြေ့ကြည့်ကာ ပြောလိုက်သည်။

"အမောင် ဒီနေရာက သွားပါရစေ . . .၊ ပြီးတော့ သက်ထားလည်း သွားတော့"

"ငါ အပြင်ထွက်လိုက်ဦးမယ် သက်ထားအေး၊ ရှင်တို့ နှစ်ယောက် စကားပြောကြဦး"

ခင်မြ အခန်းပြင်သို့ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖြူကို တားချင်သည်။ သို့သော် တားချိန်မရလိုက်။

"အမောင်နဲ့သက်ထား ဒီအခန်းထဲမှာ နှစ်ယောက်တည်း ရှိနေလို့ ဟို ဦးလူအောင် ဝင်လာရင်"

သက်ထားက ခပ်ဖျော့ဖျော့လေး ပြုံးလိုက်သည်။

"သူက ပြန်သွားပြီ အမောင်ရဲ့၊ အမောင့်အတွက် ဆရာဝန်ကို သူပဲ ခေါ်ပေးခဲ့တာ"

"သက်ထားက ပြန်မလိုက်သွားဘူးလား"

သက်ထားမျက်နှာရိပ်က ပြုံးရွှင်ရွှင်ပင် ရှိနေဆဲဖြစ်၏။

"အမောင် ဘယ်လိုထင်လဲ"

သူ ငြိမ်သက်နေရသည်။

သက်ထားမျက်နှာကတော့ အပူပင်မဲ့နေ၏။

သူ့အဖို့ မပျော်ရဲ ... ဘာမှ မထင်မြင်ရဲသည့် အခြေအနေပါလေ။

"အမောင်က ဆုံးရှုံးပြီးသားပါကွယ်"

"အမောင့်ကို ဘယ်သူပြောလဲ"

"အခြေအနေ"

"အခြေအနေဆိုတာ တစ်ဖြောင့်တည်းရှိတတ်တဲ့အရာမှ မဟုတ်ဘဲ အမောင်၊ ပြောင်းလဲတတ်တယ်လေ အမောင်၊ မပြောင်း





လဲတတ်တာ တစ်ခုတော့ရှိတယ်၊ အဲဒါ အမောင်သိလား"

ခေါင်းမညိတ်မိ။

ခေါင်းမခါမိ။

ကြောင်တောင်တောင် ဖြစ်နေဆဲမှာ သက်ထားကိုယ်တိုင်ပင် အဖြေပေး၏။

"ချစ်ခြင်းမေတ္တာရဲ့ သစ္စာတရား"

"ဒါဆို အမောင် မဆုံးရှုံးဘူးပေါ့နော်"

"အမောင်ရယ် ချစ်ခြင်းမေတ္တာမှာ အဆုံးဆိုတာလည်း မရှိဘူး၊ အရှုံးဆိုတာလည်း မရှိဘူး၊ ရင်ထဲကသစ္စာတွေသာ ရင့်မာစွာ တည်ရှိထားစမ်းပါ"

"ဒါဆို ဦးလူအောင်နဲ့ကိစ္စက"

ပျော်ချင်သည်။

လွတ်ကျွတ်စွာ ပျော်ချင်၍ သက်ထားကို မေးလိုက်သည်။

"ဦးလူအောင်က သက်ထားအပေါ်မှာ တကယ့်အဖြူသက်သက်ပဲလေ၊ အခုကိစ္စမှာလည်း သက်ထား စိတ်ချမ်းသာဖို့ မေမေ့ကို သူကပဲ အကြောင်းစုံ ပြောပြပါလိမ့်မယ်၊ ဦးလူအောင်ရဲ့ရင်ထဲမှာ ကိုယ်ချင်းစာတရားရှိတယ်၊ ပြီးတော့ သစ္စာတရားရှိတယ် အမောင်ရဲ့"

ဒီတစ်ခါတော့ သက်ထားကို လှမ်းဖက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်သည် ငြိမ်းချမ်းသာယာလိုက်ပါဘိ။

"သက်ထား"

"ပြောလေ အမောင်"

"အမောင်တို့ ယက္ခမာန်ချည် သွားရအောင်"

"ဘာလုပ်ဖို့လဲ အမောင်ရဲ့၊ နေထိုင်မကောင်းတဲ့ဥစ္စာကို"

"သက်ထားပဲ ပြောပြီးတော့ အမောင်တို့ ကမ်းနဲ့ဝေးတဲ့ ရေလယ်မှာ လှေအကြာကြီး စီးရအောင်လေ"

သက်ထား ရယ်သည်။

သက်ထားရယ်ခြင်းက လွတ်လပ်နေ၏။

သူ့ပါးပြင်ပေါ်သို့ သက်ထားထွက်သက်က နွေးထွေးစွာ ကျရောက်လာသည်။

"သွားကြတာပေါ့ အမောင်၊ တောင်းတင်ပြာကို မော့ကြည့်ရင်း သက်ထားတို့ ပျော်ရအောင်၊ အဲဒီအရသာဟာ ချစ်ခြင်းမေတ္တာရဲ့ လွတ်လပ်ခြင်းတစ်ခုပဲ"

သက်ထားကို မျက်နှာချင်းဆိုင်လိုက်သည်။

"အမောင် ဘာကြည့်တာလဲ"

"သက်ထားရဲ့နှုတ်ခမ်း"

"ဒါနဲ့ သက်ထားရဲ့နှုတ်ခမ်းကို အမောင်ပဲ စိတ်မဝင်စား



ဘူးဆို"

"အဲဒါ သစ္စာတရားကို မသိခင်က စကားလေ၊ အခုခါမှာ သက်ထားနဲ့ပတ်သက်သမျှ အရာအားလုံးကို အမောင် စိတ်ဝင်စားတယ်"

သက်ထား ရယ်ပြန်လေ၏။

သူလည်း ရယ်မိသည်။

"သက်ထားကို ပြောစရာရှိတယ်"

"ပြောလေ အမောင်"

"သက်ထား ဒီအတိုင်း နားမထောင်နဲ့၊ ရင်နဲ့ နားထောင်၊ အကြားကို ရင်ထဲမှာ ထာဝရသိမ်းထား၊ တကယ်တော့ အမောင် ပြောမယ့်စကားက ဒီဘဝတင်မကဘဲ သံသရာအတွက် ရင်နှစ်ခုကို ချည်နှောင်မယ့်စကားပဲ"

"ဘာများလဲ အမောင်ရဲ့"

အကြည့်အဆုံးမှာ ရင်သည် နွေးခနဲ ဖြစ်သွားသည်။

ဝမ်းမြောက်လိုက်သည် ဖြစ်ခြင်း . . .

ရင်ထဲမှ လှိုက်တက်လာသောအသံ . . .

နှုတ်ခမ်းအလွှာ အပွင့် . . .

ပြီးတော့ သက်ထား၏ အကြားအာရုံများမှတစ်ဆင့် ရင်

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ဖြတ်သန်းစီးဝင်မည့်စကား . . .

"သက်ထားကို အမေ့ဆောင် ချစ်တယ်"

စကားအသွားအလာများသည် တစ်ထပ်တည်း တစ်သဘောတည်း။


အနက်တူစွာဖြင့် မွှဲ့ချည်အပ်သော ချစ်ခြင်းမေတ္တာသည် ရင်နှစ်ခုကို တစ်ပေါင်းတစ်စည်းတည်း၊ တစ်သွေးတစ်သားတည်း ဖြစ်ပေါ်စေတော့၏၊



မောင်ညိုမှုံး (ပန်းတော)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com